www.burmeseclassic.com

# မင်းလူ

## နှုတ်ခမ်း၏ထောင့်စွန်းများ

စာပေရသစုံ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၃၂၇/၂၀၀၁(၁၁)

❖

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၁၇/၂၀၀၁ (၁၂)

❖

ပုံနှိပ်ခြင်း
ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၀၂ ခုနှစ်

❖

အုပ်ရေ
( ၁၀၀၀ )

❖

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ် (၂)ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❖

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

❖

မျက်နှာဖုံးစိတ်ကူးပုံဖော်
လှိုင်မြင့်

❖

တန်ဖိုး
၃၂၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မင်းလူ

## နှုတ်ခမ်းပေါ်ထောင့်စွန်းများ

စာပေရသစုံ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကမ္ဘာလဆန်း ၁–ရက်နေ့ | ၅ |
| ၂။ | အချိန်သူခိုး | ၁၄ |
| ၃။ | မြစ်ကူးချောင်းဖျား | ၂၁ |
| ၄။ | ရှေ့ကြောင်းပြန် | ၃၇ |
| ၅။ | ဘာမှမဟုတ်ပါဘူး | ၄၄ |
| ၆။ | အီးလောက | ၅၁ |
| ၇။ | မှန်တတ်သော သတ်ပုံ | ၅၇ |
| ၈။ | ခရီးသွားစာပေ | ၆၈ |
| ၉။ | မပြောပါရစေနဲ့ | ၇၄ |
| ၁၀။ | တစ်ဖက်သတ်လွှမ်းချင်း | ၉၃ |
| ၁၁။ | အယ်ဒီတာ သစ်ငုတ်ဖြစ်စေသတည်း | ၁၀၆ |
| ၁၂။ | ပေးစာတစ်စောင် | ၁၁၉ |
| ၁၃။ | စာပျင်းသူ | ၁၂၅ |
| ၁၄။ | နှုတ်ခမ်း၏ ထောင့်စွန်းများ | ၁၄၂ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# က မ္ဘာ လ ဆ န်း ၁ ရ က် နေ့

၁၉၉၉၊ ဒီဇင်ဘာ ၃၁၊ ထောင်စုနှစ်တစ်ခု၏ နောက်ဆုံးနေ့ ညနေခင်းကို ဘယ်လိုသဘောရကြပါသလဲ၊ ပင်လယ်တွင်းသို့လည်း ကောင်း၊ တောင်စွယ်နောက်သို့လည်းကောင်း၊ ကွင်းပြင်ကြီး၏အဆုံး မိုးကုပ်စက်ဝိုင်းဆီသို့ လည်းကောင်း တဖြည်းဖြည်း ဝုပ်လျှိုးဝင်ရောက် သွားသော နေမင်းကြီးကို ငေးမောကြည့်ရှုမိခဲ့ကြပါရဲ့လား။ ထိုညနေ ဆည်းဆာသည် မြင်ဖူးသမျှထဲမှာ အလှဆုံး၊ နမြောတသအဖြစ်ရဆုံး၊ လွမ်းဆွတ်ကြည်နူးဖွယ် အကောင်းဆုံး ဖြစ်ကြောင်းကိုကော သတိပြု ခံစားမိကြပါရဲ့လား။

ခုလို မေးနေရတာက ဒီအကြောင်းတွေကို ကျွန်တော် ခံယူ လိုက်ရသောကြောင့် ဖြစ်ပါသည်။ ထိုနေ့ ညနေခင်း နေဝင်ချိန် လူ သန်းပေါင်းများစွာတို့ နေကသိုဏ်းရှုနေကြချိန်တွင် ကျွန်တော်အိပ် ပျော်နေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ သူများတကာလို ပင်လယ်ကမ်းစပ် အပန်းဖြေစခန်းမှာဖြစ်စေ၊ ကမ္ဘာ့အမြင့်ဆုံး မျှော်စင်ပေါ်မှဖြစ်စေ၊ ဂရင်းနစ်မျဉ်းဖြတ်သွားရာ ကျွန်းကလေးပေါ်က ဖြစ်စေ၊ ဖိမ်ခံ ပင်လယ်ကူးသင်္ဘောကြီးပေါ်မှဖြစ်စေ၊ မကြည့်နိုင်သည့်တိုင် အိမ်နှင့် မနီးမဝေးမှာရှိသည့် မီးရထားခုံးကျော်တံတား ပေါ်မှာနေ၍ ထိုနေ့ဆည်းဆာနေဝင်ချိန်ကို အမှတ်တရ ကြည့်လိုက်ဦးမည်ဟု စိတ်ကူးမိခဲ့သေး၏။

သို့ရာတွင် နှစ်ကူးဖို့ နှစ်ရက်လောက်အလိုမှာ စာပေကိစ္စတစ်ခုဖြင့် ကျွန်တော်ခရီးထွက်ရသည်။ သုံးဆယ့်တစ်ရက်နေ့ နေ့လယ်ကျမှ ပြန်ရောက်သည်။ နှစ်ညဆက်တိုက် အိပ်ရေးလည်းပျက်၊ ခရီးကလည်း ပန်းသဖြင့် လူက တော်တော်နွမ်းနေပြီ။

ရေမိုးချိုးလိုက်သောအခါ နည်းနည်း လန်းသလိုလို ရှိလာ၏။ ထို့ကြောင့် အိမ်ရှေ့ခန်းက ပက်လက်ကုလားထိုင်မှာထိုင်ပြီး စာဖတ်နေလိုက်သည်။ ခဏအကြာမှာပင် မျက်လုံးတွေ စင်းလာပြန်သည်၊ လက်ဖက်ရည် သောက်လိုက်လျှင် ကောင်းမည်ဟု စိတ်ကူးမိသော်လည်း မထဖြစ်။ နာရီဝက်လောက် မှေးလိုက်ရလျှင် မဆိုးလှဟု တွေးသည်။ အတွေးနှင့် တစ်ဆက်တည်းပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့သည်။

ဖျတ်ခနဲ ပြန်နိုးလာသောအခါ မှောင်တောင် မှောင်နေပြီ။ သွားပြီ။ နှစ်ပေါင်းတစ်ထောင်မှ တစ်ခါကြုံရသော၊ ဘဝတစ်သက်မှာ အဖို့ ထပ်မံမြင်တွေ့ခွင့် မရနိုင်တော့သော မဟာအခွင့်အရေးကြီးကို လက်လွှတ် ဆုံးရှုံးရချေပြီဟု ယူကျုံးမရ ဖြစ်လိုက်ရ ကောင်းမလား။ နှမြောတသစိတ်၊ ဝမ်းနည်းပက်လက် ဖြစ်လိုသော စိတ်များ လုံးဝ ပေါ်မလာတော့လည်း ဘာမျှမတတ်နိုင်၊ ကျွန်တော့်အဖို့ ညနေခင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို လက်လွှတ်လိုက်ရခြင်းသာဖြစ်သည်၊ နေမင်းကြီးကို ထာဝရ ဆုံးရှုံးသွားရတာမှ မဟုတ်ဘဲကိုး။

* * * * * * *

တကယ်တော့ ခုနှစ်၊ သက္ကရာဇ် ဆိုသည်မှာ လူတို့က သတ်မှတ်ထားခြင်းသာဖြစ်၏။ နိုင်ငံအသီးသီး လူမျိုးအသီးသီးမှာ ကိုယ်ပိုင်သက္ကရာဇ်တွေ ရှိကြ၏။ ကျွန်တော်တို့ နိုင်ငံမှာဆိုလျှင် သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ်ဆိုပြီး နှစ်မျိုးတောင်ရှိ၏။ ကောဇာသက္ကရာဇ်သည် ဟိုးရှေးအခါက မကြာခဏ သက္ကရာဇ် ဖြိုခဲ့ကြသောကြောင့် ခုအခါမှာ ၁၃၆၁ သာ ရှိသေးသည်။ တကယ်လို့သာ မြန်မာ့ကောဇာသက္ကရာဇ်သည် ကမ္ဘာသုံးဖြစ်ခဲ့လျှင် နှစ်ထောင်ပြည့်နှစ်ရောက်ဖို့ နှစ်ပေါင်း ခြောက်ရာကျော်မျှ လိုပါသေးသည်။ ဗုဒ္ဓပရိနိဗ္ဗာန် စံသည့်နှစ်မှစ၍ ရေတွက်သော် သာသနာ သက္ကရာဇ်ကသာ ကမ္ဘာသုံး ဖြစ်ခဲ့မည်ဆိုလျှင်လည်း နှစ်ထောင်ပြည့်နှစ် ရောက်လို့ နှစ်ငါးရာတောင် ကျော်လွန်လာခဲ့ပြီး ဖြစ်လိမ့်မည်။

ခရစ်ခုနှစ်ကသာ ကမ္ဘာသုံး ဖြစ်ခဲ့သောကြောင့် ဒီနှစ်မှာ နှစ်ပေါင်းနှစ်ထောင် ပြည့်ခဲ့ခြင်းဖြစ်၏။ ဒါတောင် တစ်ထစ်ချ မပြောနိုင်သေး။ ခရစ်တော် ဖွားမြင်သည့်ရက်ကို ပညာရှင်များ တွက်ချက်ရာတွင် မူကွဲနှစ်မျိုးရှိခဲ့၏။ တစ်ခုနှင့်တစ်ခု လေးနှစ်လောက် ကွာခြားနေသည်။ နှစ်ပေါင်း အတော်ကြာမှသာ တစ်မျိုးတည်း သတ်မှတ်နိုင်ခဲ့သည်။ မူကွဲကိုသာ လက်ခံခဲ့ကြလျှင် ခုအခါမှာ ခရစ်နှစ် ၂၀၀၄ သို့ ရောက်နေလိမ့်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်တစ်နှစ် ဆိုသည်မှာ ကမ္ဘာက နေကိုတစ်ပတ် ပတ်မိသော ကာလကို ဆိုလိုသည်၊ သာမန်အားဖြင့် ၃၆၅ ရက်ကို တစ်ပတ် (တစ်နှစ်) ဟု သတ်မှတ်ကြသည်။ အမှန်တကယ် နေကို တစ်ပတ် ပတ်မိရန် ၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၄၆ စက္ကန့် တိတိကြာသည်။ ထို့ကြောင့် စွန်းထွက်နေသည့် ခြောက်နာရီနီးပါး အတွက် လေးနှစ်လျှင် တစ်ကြိမ် ရက်ထပ်နှစ်အဖြစ် သတ်မှတ်ပြီး ဖေဖော်ဝါရီမှာ တစ်ရက်တိုးပေးရသည်။ ၂၀၀၀ ပြည့်နှစ်သည် ရက်ထပ်နှစ်ဖြစ်သဖြင့် ဖေဖော်ဝါရီမှာ ၂၉ ရက်ရှိသည်။ ဒါဆိုလျှင် ၁၉၉၉၊ ဒီဇင်ဘာ ၃၁ သည် လူတို့ သတ်မှတ်ထားသော သင္ကြာရာဇ်အရ နှစ်ကုန်ရက် ဖြစ်သော်လည်း ကမ္ဘာက နေကို အမှန်တကယ် တစ်ပတ်ပတ်မိရန် တစ်ရက်နီးပါး လိုနေသေးသည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်၏ ညသန်းခေါင်ရောက်ရန် မိနစ်ပိုင်း အလိုကျမှသာ တကယ်နှစ်ကူးခဲ့ခြင်း ဖြစ်သည်ဟု ဆိုရမလို ဖြစ်နေ၏။

နောက်တစ်ချက်ကတော့ ကမ္ဘာက နေကိုတစ်ပတ် ပတ်မိရန် ကြာသော အချိန်ကာလကို တွက်ချက်ရာတွင် ရှေးက အယူအဆနှင့် နောက်ထပ် တွေ့ရှိသော အယူအဆတို့ မိနစ်ပိုင်းမျှ ကွာနေသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်ရက်စွဲကို တွက်ချက်ရာတွင် ရှေးက အယူအဆနှင့် နောက်ထပ် တွေ့ရှိသော အယူအဆတို့ မိနစ်ပိုင်းမျှ ကွာနေသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာပြက္ခဒိန်ရက်စွဲကို ပြင်ခဲ့ရဖူးသည်။ ၁၅၈၂၊ အောက်တိုဘာ ၅ ရက်၊ သောကြာနေ့ကို အောက်တိုဘာ ၁၅ ရက်၊ သောကြာနေ့၊ သောကြာနေ့အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းဖြစ်၏။ တကယ်လို့ အယူအဆ အဟောင်းကိုသာ ဆက်လက်အသုံးပြုဖြစ်ခဲ့လျှင် ၁၉၉၉၊ ဒီဇင်ဘာ ၃၁ သည် ဒီဇင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



၂၁ အဖြစ်သာ ရှိနေဦးမည်။ ဇန်နဝါရီ ၁၁ ရက်ကျမှ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်လိမ့်မည်။

(အထက်ပါ အချက်အလက်များကို ဆရာတင်နိုင်တိုး၏ မြန်မာ-အင်္ဂလိပ် ပြက္ခဒိန်စာအုပ်မှ ကိုးကားပါသည်)။

အမှန်အားဖြင့် ကမ္ဘာကြီးသည် တစ်ပြိုင်တည်း နှစ်သစ်ကူးခဲ့ခြင်း မဟုတ်။ ဂရင်းနစ်မျဉ်းမှစပြီး တစ်ဒီဂရီချင်းတရွေ့ရွေ့ ကူးပြောင်းခဲ့ခြင်းသာဖြစ်၏။ လောင်ဂျီတွဒ်ချင်း မတူသော နိုင်ငံများအဖို့ နှစ်ကူးချိန်လည်း မတူနိုင်ကြပါ။ ကမ္ဘာကြီးတစ်ခုလုံး လွတ်လွတ်ကျွတ်ကျွတ် နှစ်သစ်ကူးဖို့အတွက် တစ်ရက်တိတိ ကြာပေလိမ့်မည်။

ပြီးတော့ နိုင်ငံတစ်ခု၏ စံတော်ချိန်ဆိုသည်မှာ မြို့တော် သို့မဟုတ် နိုင်ငံ၏ အလယ်ဗဟိုကို ဖြတ်သွားသော လောင်ဂျီတွဒ်မျဉ်းပေါ် အခြေခံ၍ သတ်မှတ်ထားခြင်းဖြစ်၏။ တချို့အရှေ့အနောက် ကျယ်ပြန့်သော နိုင်ငံများဆိုလျှင် စံတော်ချိန် နှစ်မျိုးသုံးမျိုး ထားရတာ ရှိသည်။ ထိုအခါ တစ်နိုင်ငံတည်းမှာပင် နှစ်ကူးချိန် နှစ်မျိုးသုံးမျိုး ရှိနိုင်သည်။

စံတော်ချိန် တစ်မျိုးတည်းရှိသော နိုင်ငံများမှာပင် အရှေ့ဘက်စွန်း အရပ်များနှင့် အနောက်ဘက်စွန်း အရပ်များအဖို့ နှစ်ကူးချိန်မှာ နိုင်ငံ၏ စံတော်ချိန်နှင့် မိနစ်ပိုင်းလောက်တော့ ကွာခြားမှုရှိပါလိမ့်မည်။

တကယ်လို့ ခုချိန်ထိ အာကာသထဲမှာ လွှတ်တင်ထားသော မီယာ စခန်းပေါ်မှာ လူတွေရှိနေဦးမည်ဆိုလျှင် ... ... ။ ဒီထဲမှာ ရုရှားကတစ်ယောက်၊ အမေရိကန်ကတစ်ယောက်၊ တောင်အာဖရိကက တစ်ယောက်၊ ဂျပန်က တစ်ယောက် ရှိနေမည်ဆိုလျှင် သူတို့ ဘယ်စံတော်ချိန်နဲ့ နှစ်ကူးကြလေမလဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်တို့သည် နှစ်ပေါင်း နှစ်ထောင် လောက်ကိုသာ အထူးပြုပြီး ပြောနေကြခြင်းဖြစ်၏။ လူတို့မြို့ပြနိုင်ငံများ အတည်တကျ ထူထောင်နေထိုင်ခဲ့ကြတာ နှစ်ပေါင်း ငါးထောင်မက ရှိခဲ့ပြီ။ လူဟူ၍ဖြစ်ပေါ်လာခဲ့တာတောင် နှစ်သန်းနှင့်ချီ၍ကြာခဲ့ပြီ။ ကမ္ဘာကြီး စတင်ဖြစ်ပေါ်ခဲ့သည့် သက်တမ်းနှင့် ယှဉ်လိုက်လျှင် နှစ်ပေါင်း နှစ်ထောင်ဆိုတာ ပျင်းတောင်ပျင်းသေးသည်။ ဘာမှ ရေးကြီးခွင်ကျယ် လုပ်နေစရာ မဟုတ်ဟု ဆိုနိုင်သည်။

သို့ရာတွင်

လူတို့သည် ကိန်းဂဏန်းများကို တီထွင်ခဲ့ကြသည်။ နောက်တော့လည်း ထိုကိန်းဂဏန်းများ၏ စိုးမိုးမှုကို ပြန်ခံကြရပြန်သည်။ တကယ်လို့ ကိန်းဂဏန်းတွေကိုသာ မတီထွင်ဘဲ နေခဲ့လျှင် ကိုယ့်အသက် ဘယ်လောက် ကြီးလာပြီလဲဆိုတာ သိကြမည်မဟုတ်။ ကုန်ဈေးနှုန်းဆိုတာလည်း ရှိမှာမဟုတ်။ ကျွန်ပျူတာတွေ ပေါ်လာစရာ အကြောင်း မရှိသဖြင့် ဝိုင်တူးကေ ပြဿနာလည်း စိုးရိမ်ရမှာ မဟုတ်။ ထို့အတူ ဘာတိုးတက်မှုမှလည်း ရှိမှာမဟုတ်တော့။

ခု လောလောဆယ်မှာတော့ လူတို့သည် ၂၀၀၀ ဆိုသော ကိန်းဂဏန်း တစ်ခု၏ စိုးမိုးချုပ်ကိုင်မှုကိုခံနေကြရသည်။ ခေတ်သစ်သမိုင်းတွင် သုညတွေ အများဆုံးသော ခုနှစ်သက္ကရာဇ်ပင် ဖြစ်၏။

သုညဆိုသော ဂဏန်းသည် အလွန်ထူးခြားသောကိန်းတစ်ခု ဖြစ်၏။ ဂဏန်းဆယ်လုံးထဲမှာ အပေါင်းလည်းမဟုတ်။ အနုတ်လည်း မဟုတ်တာဆိုလို့ သုညတစ်လုံးပဲရှိ၏။ သုညသည် ဒြပ်ဝမရှိခြင်း သဘောကို ဆောင်သလို ငြိမ်းချမ်းခြင်း သဘောကိုလည်း ဆောင်သည်။ ရာပြည့်၊ ထောင်ပြည့်၊ သောင်းပြည့်၊ သိန်းပြည့်တို့ကို ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုသောအခါ သုညမပါလို့မဖြစ်။ ထို့ကြောင့် သုညသည် တန်ဖိုးအကြီးဆုံး ကိန်းဂဏန်းလည်းဖြစ်နိုင်၏။ လုံးဝပြီးပြည့်စုံသည့် သဘောကိုလည်း ဆောင်နိုင်၏။

ကမ္ဘာကြီးပင်လျှင် သုညတစ်လုံးနှင့် တူသည် မဟုတ်လား။ သုညကို သို့တည်းမဟုတ် ကမ္ဘာကြီးကို ဘယ်လိုဆက်ပြီး အဓိပ္ပာယ်ဖော်ကြမလဲဆိုတာ စောင့်ကြည့်ဖို့သာ ရှိလေသည်။

⁎ ⁎ ⁎ ⁎ ⁎ ⁎ ⁎

ကျွန်တော်သည် ၂၀၀၀ ပြည့်နှစ်နှင့် ပတ်သက်၍ တချို့လူတွေလောက် သည်းသည်းလှုပ် မဖြစ်ခဲ့။ နှစ်တစ်နှစ်ကနေ နောက်တစ်နှစ်ကို ကူးတာ ဘာဆန်းလို့လဲဟု တွေးခဲ့သည်။ သို့တိုင်အောင် ကိုယ်သည်လည်း လူထဲကလူသာ ဖြစ်သဖြင့် နှစ်သစ်ကို မဖြစ်မနေလိုက်ပါရပေလိမ့်မည်။

အစကတော့ နှစ်သစ်ကူးချိန်မှာ စာအုပ်တစ်အုပ်၊ လက်ဖက်ရည် တစ်ခွက်၊ ဆေးပေါ့လိပ်တစ်လိပ်လောက်နဲ့ပဲ ဘာသိဘာသာနေလိုက်မည်ဟု စိတ်ကူးခဲ့သည်။ နှစ်သစ်ကူးဖို့အချိန် နီးကပ်လာသောအခါမှာတော့ အလိုလို စိတ်လှုပ်ရှားလာမိ၏။ နှစ်သစ်ကူးချိန်မှာ တစ်ခုခု အမှတ်တရ လုပ်လိုသော ဆန္ဒ ပေါ်လာမိ၏။ သို့ရာတွင် ဘာလုပ်ရမှန်း မသိ။ ညဆယ့်နှစ်နာရီ ထိုးဖို့ကလည်း မိနစ်ပိုင်းလောက်သာ လိုတော့သည်။ ထို့ကြောင့် စကြဝဠာအကြောင်း ကမ္ဘာကြီး ဖြစ်ပေါ်လာပုံ သက်ရှိတွေ ပေါ်ပေါက်လာပုံ၊ လူ စတင်ဖြစ်လာပုံ၊ ခုနှစ်သက္ကရာဇ် အချိန်ကာလ သတ်မှတ်ပိုင်းခြားပုံ အကြောင်းတွေကို

www.burmeseclassic.com



လျှောက်စဉ်းစားနေမိ၏။

ထိုအခါ ကမ္ဘာပေါ်မှာ လူသားဟူ၍ စတင်ဖြစ်ပေါ်သည့်နေရာဟု ယူဆနိုင်သော မြန်မာနိုင်ငံ ပုံတောင်ဒေသမှာသွားပြီး နှစ်သစ်ကူးရရင် ကောင်းမှာပဲဆိုသော ဆန္ဒဖြစ်မိ၏။ တစ်ဆက်တည်းမှာ လူစတင်ဖြစ်ပေါ်သည့် နေရာကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာရက်စွဲသတ်မျဉ်းကို ပုံတောင်ဒေသသို့ ပြောင်းလဲသတ်မှတ်ပြီး ထိုမျဉ်းကို ပုံတောင်မျဉ်းဟု ခေါ်သင့်သည်ဟု စိတ်ကူးယဉ်မိပြန်၏။

* * * * * * *

ကမ္ဘာသူ ကမ္ဘာသားတို့သည် ၂၀၀၀ ပြည့်နှစ်ကို အကြီးကျယ်ဆုံး အခမ်းနားဆုံးသော ပျော်ပွဲရွှင်ပွဲများဖြင့် ကြိုဆိုဖို့ အားခဲနေကြသည်။ ထို့အတူ ဝိုင်တူးကေ ကွန်ပျူတာ ပြဿနာများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နိုင်သည်ဆိုသော သတိပေးချက်များ၊ အပျော်လွန်ရာမှ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ကိစ္စများ၊ ချူးကလီးယား မတော်တဆမှု ဖြစ်နိုင်ချေများ၊ ကမ္ဘာပျက်မည်ဟု အယူသီးမှုများ၊ အခြားကြိုတင် မမျှော်မှန်းနိုင်သော စိုးရိမ်မှုများကိုလည်း တစ်ပြိုင်နက် ကြုံကြရသည်။

နှစ်သစ်ကူးသည့် အချိန်တွင် ပျော်ရွှင်မြူးထူးစွာ အေးပီပာစ် ကြိုဆိုကြသော အသံများ၊ ရှန်ပိန်ပုလင်းဖောဆို့ ဖွင့်သံများ၊ ဖန်ခွက်ချင်း ထိခတ်သံများ၊ မော်တော်ကား ဟွန်းသံများ၊ ဂီတာသံများ၊ ခေါင်းလောင်းထိုးသံများနှင့် အတူ။

စိုးရိမ်စိတ်ဖြင့် ရင်တမမ ဖြစ်ခဲ့ရာမှ ဘာပြဿနာမှ ထူးထူး

www.burmeseclassic.com



ခြားခြား မပေါ်ပေါက်သဖြင့် စိတ်သက်သာရာရပြီး သက်ပြင်းချလိုက်ကြသည့် အသံများကိုလည်း ထွေးရော ယှက်တင် ကြားကြရပေလိမ့်မည်။

ထိုအခိုက်အတန့်ကလေးသည် သမိုင်းတစ်လျှောက် လူတို့အရှုံးသွပ်ဆုံးသော ကာလဟူ၍ပင် ဆိုနိုင်ပါသည်။

ရွှေအမြုတေမဂ္ဂဇင်း
မတ်၊ ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အ ချိ န် သူ ခိုး

စာရေးဆရာတစ်ယောက်အဖို့ တစ်ခါတလေ အချိန်တွေက အလုပ် လက်မဲ့တစ်ယောက်လို ပိုလျှံနေတတ်ပြီး တစ်ခါတလေကျ တော့ စာမေးပွဲဖြေနေသူ တစ်ယောက်လို ရှားပါးလွန်းလှသည်။ ဘာ ရေးရမှန်း မသိသော အချိန်၊ ရေးရင်းက ရှေ့ဆက်မတက်နိုင်ဘဲ ဖြစ်နေချိန်၊ ဘာမှကိုမရေးချင်လောက်အောင် စိတ်လေနေချိန်တွေမှာ အချိန်တွေ အလဟဿပိုနေသလို ဖြစ်နေ၏။ စိတ်ထဲကတော့ အမြဲ လိုလို တွေးနေရေးနေတာကို ထည့်မတွက်ဘူး ဆိုလျှင်ပေါ့။

ရေးစရာအကြောင်းအရာလည်းရပြီ၊ ရေးချင်တဲ့ စိတ်လည်း ပေါ်လာပြီ။ မရေးလို့မဖြစ်တဲ့ အခြေအနေလည်း ရောက်လာပြီဆို လျှင်တော့ အချိန်တွေက ကုန်လွယ်လိုက်တာ။ အထူးသဖြင့်မဂ္ဂဇင်း ဂျာနယ်တစ်ခုခုကို ဘယ်နေ့ အမှီရေးပေးပါမည်ဆိုသော ကတိကို ပေးခဲ့ပြီးလျှင်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဂျာနယ်တစ်စောင်ကို ဒီနေ့ညနေ စာမူပေးပါမည်ဟု ချိန်းထားလိုက်လည်း သိပ်စိတ်မပူ။ ဒီနေ့ မနက်ပိုင်း ဖိဖိစီးစီး ရေးလိုက်လျှင် ပြီးနိုင်သည်ဟု တွက်ထားသည်။ တကယ်တမ်းကျတော့ ရေးရင်းရေးရင်းက အတော်လက်ဝင်သော အကြောင်းအရာ ဖြစ်ကြောင်းသိလာရ၏။ လွယ်လွယ် ပေါ့ပေါ့လေးနှင့် အရေးရခက်သည်။

တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်၏။ ဘာမဟုတ်သည့် အကြောင်းအရာလေးပဲဆိုပြီး ချရေးမိရာ ရှေ့ဆက်ရမည့် စာကြောင်းကို စဉ်းစားမရဘဲ အခက်တွေ့နေ၏။

နာရီကိုကြည့်တော့ မွန်းလွဲတစ်နာရီထိုးတော့မည်။ ဦးနှောက်ကို ခဏ အနားပေးသည့်အနေဖြင့် ရေချိုး ထမင်းစားလိုက်မည်ဟု စိတ်ကူးသည်။ အကျီချွတ်၊ ဆပ်ပြာခွက်၊ ရေခွက်ယူပြီး ရေချိုးကန်နားသွားသည်။ ရေတစ်ခွက် ခပ်လိုက်စဉ်မှာပင် စောစောက ရေးလက်စ အကြောင်းအရာကို ရှေ့ဆက်ဖို့ စာသားတွေ ခေါင်းထဲ ဖြတ်ကနဲ ပေါ်လာသည်။ ဒါမျိုးက သတိရတုန်းရေးထားမှ။ နောက်မှဆိုလျှင် စဉ်းစားသည့် စကားလုံးတွေ ဝါကျတွေ မေ့သွားတတ် သည်။

ထို့ကြောင့်အိမ်ပေါ် ပြန်တက် အကျီပြန်ဝတ်၊ စာရေးစားပွဲမှာ ထိုင်ရေးမည်လုပ်သည့်အချိန်မှာ ... ...

"အဖေ ဧည့်သည်လာတယ်"

သမီးက လာပြောတယ်။ ဦးနှောက်ထဲက ယိုဖိတ်ကျလုလု အတွေးစကလေးသည် ရုတ်တရက် ကွယ်ပျောက်သွားလေသည်။ ဘောလ်ပင်ကို ပစ်ချပြီး ဧည့်ခန်းသို့ ထွက်လာခဲ့၏။

"ဟာ ... ဟော့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် လှမ်းအော်နှုတ်ဆက်လိုက်၏။ ငယ်ငယ်တုန်းက ကျောင်းနေဖက်သူငယ်ချင်း” တစ်ခုံတည်းထိုင်ပြီး တတွဲတွဲနေခဲ့ရသော်လည်း ရင်းနှီးသော်လည်း တစ်တန်းတည်းမို့ ခင်ခင်မင်မင်တော့ရှိ၏။ ကျွန် တော်တို့လို တက္ကသိုလ် ဆက်မတက်ဘဲ အရောင်းအဝယ်လုပ်ခဲ့ရာမှ စီးပွားရေး လုပ်ငန်းဘက်မှာ အတော်အသင့် အောင်မြင်လာသူဖြစ်၏။ ဘာပဲဖြစ်ဖြစ် မတွေ့တာကြာသော သူငယ်ချင်း တစ်ယောက်ကို တွေ့ရသဖြင့် ဝမ်းသာသွားမိ၏။

“လက်ဖက်ရည်ဆိုင် သွားရအောင်”

ဟု သူကပြောသည်။ ကျွန်တော်က ထမင်းတောင်မစားရသေးကြောင်း ပြောမည်ပြုပြီးမှ ကိုယ့်ကိုသတိရလို့ တကူးတကန့်လာရတာပဲဟု တွေးပြီး

“အေး ကောင်းသားပဲ အေးအေးဆေးဆေး စကားပြောရတာပေါ့”

သူနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ လိုက်ထွက်လာခဲ့၏။ မတွေ့တာ ကြာပြီဆိုတော့ အချိန်အတော်ကြာအောင် စကားပြောဖြစ်မှာသေချာသည်။ ရေးလက်စစာမူ ဒီနေ့ပြီးမှာ မဟုတ်တော့။ မတတ်နိုင်။ ဂျာနယ်က လာယူလျှင် နက်ဖြန်မှယူဖို့ တောင်းပန်ရုံသာရှိ၏။ တစ်ခါတလေမှ တွေ့ရသည့် သူငယ်ချင်းဆိုတော့ ငါ့အလုပ်ရှိသေးတယ်။ မြန်မြန်ပြောဆိုလို့မရ။ ခုတော့ စာမူကိစ္စ ခေါင်းထဲက ဖယ်ထုတ်ထားလိုက်ပေတော့။

သူက အခု ကျွန်တော်တို့မြို့ထဲမှာ မနေတော့။ သူ့လုပ်ငန်းတွေနှင့် နီးစပ်ရာ ရွှေပြည်သာမှာရောက်နေသည် ဆို့ကြောင့် ဒီဘက်က သူငယ်ချင်းတွေနှင့် အဆက်ပြတ်နေပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီးတော့ ကျွန်တော်က လက်ဖက်ရည် မှာသည်။

သူက ကော်ဖီမစ်မှာသည်။

"မင်းကွာ ပျောက်နေလိုက်တာ သူငယ်ချင်းတွေကို သတိရသေးရဲ့လား"

ကျွန်တော်က ပြောတော့

"သတိမရဘဲ ဘယ်နေပါ့မလဲကွာ ဒါပေမဲ့ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရဆိုတဲ့စကား ရှိတယ် မဟုတ်လား၊ စားဝတ်နေရေး အတွက် ရုန်းကန်ရတာကိုး"

ဟုပြောရင်း လက်ဖျံမှာတက်ပြီး ကြပ်နေသော ရှေ့ဟန်းချိန်းကို လက်ကောက်ဝတ်ဆီ ဆွဲချသည်။ ထို့နောက်

"မင်းကော ... စာပဲရေးနေလား"

ဟုမေးသဖြင့် ခေါင်းညိတ်ပြလိုက်၏။

"မင်းဝတ္ထုတိုတွေတော့ တစ်ခါတလေ တွေ့မိပါတယ်။ ဂျာနယ်ထဲမှာ"

သူပြောပုံက ဖတ်မိတာမဟုတ်၊တွေ့မိခြင်းသာဖြစ်၏။ ဒီကောင်က စာဖတ်ဝါသနာပါသူ မဟုတ်သဖြင့် စိတ်ရှည်လက်ရှည် ဖတ်မှာလည်း မဟုတ်မှန်းသိ၏။ သူက ဟိုကောင် နေကောင်းလား၊ ဘာလုပ်နေလဲ၊ အဆင်ပြေရဲ့လား စသည်ဖြင့် တခြား သူငယ်ချင်းတွေ အကြောင်း မေးသောကြောင့် ဖြေရ၏။ သူငယ်ချင်း တော်တော်များများ၏ နာမည်တွေ မမေ့သေးသဖြင့် သူအောက်မေ့ဖော်ရသားပဲဟု စိတ်ထဲက အမှတ်ပေးမိ၏။

"မင်းကော ... ဘာတွေလုပ်နေလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက အစုံလုပ်တတ်သူဖြစ်၍ လက်ရှိအခြေအနေ မေးရခြင်းဖြစ်၏။

"အရင်လုပ်လက်စ မပြတ်တာလေးတွေ ကောက်သင်းကောက် လိုက်လုပ်နေတယ် ဆိုပါတော့ကွာ"

သူက မြေတွေဈေးကောင်းစဉ် ပွဲစားလုပ်လိုက်တာ မြက်မြက်ကလေး ရလိုက်သည်။ ဒီလိုနဲ့ ရွှေပြည်သာမှာ မြေတစ်ကွက် အိမ်တစ်လုံး အဖတ်တင်သွားသည်။ ခုလောလောဆယ်တော့ ကားအရောင်းအဝယ်ဘက် လှည့်နေသည်ဟုဆို၏။ တဆက်တည်း

"မင်း ကားဝယ်ချင်ရင် ပြောကွ ငါ အဆင်ပြေအောင် လုပ်ပေးမယ်"

"ဟာ ... ငါမဝယ်နိုင်သေးပါဘူး"

"မင်း မဝယ်လဲ မင်းအသိအကျွမ်းထဲက ဝယ်ရင် ပြောလေ၊ မင်းကိုလဲ ပွဲခခွဲပေးမှာပါ၊ အော ... အခုမှ သတိရတယ်၊ မင်းအသိထဲမှာ ကားရောင်းမယ့်လူ ရှိလား၊ ဗင် တစ်စီးလောက်လိုချင်တယ်၊ ဒီဇယ်ဆိုရင် ပိုကောင်းတယ်၊ ခကွေးတန်းထဲကပေါ့ကွာ နယ်က ဝယ်လက်ရှိတယ်ကွ"

"မရှိပါဘူးကွာ၊ အဲ ... နေဦးကွ၊ ဘိုဝင်းဆီမှာတော့ ရှိမယ်ထင်တယ်" ဆိုပြီး ဘယ်လိုသွားရကြောင်း လမ်းညွှန်သည်။ ဖုန်းနံပါတ်လည်း ပေးလိုက်၏။

"အေးကွ ငါဖုန်းအရင်ဆက်ပြီး မေးလိုက်မယ်။ မင်းလဲ ဇမ်း ထားလိုက်ကွာ အဆင်ပြေရင် ငါ့ဆီဖုန်းဆက်"

ဟု အားတက်သရော ပြော၏။ ကျွန်တော်လည်း ဘိုဝင်း သဘော တစ်ခုထဲနှင့် မပြီးကြောင်း သူ့မိန်းမဆန္ဒက အဓိကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောမလို့…

"ဒီလိုကွ ဘိုဝင်းဆိုတဲ့ ကောင်က မိန်းမကြောက်ရ …"

ဆိုပြီး စကားစရုံရှိသေးသည်၊ ၁၆၃ လက်ပတ်နာရီမှ "တီတီ"ဟု အချက် ပေးသံပေါ်လာသည်။ သူသည် နာရီကိုကြည့်လိုက်ပြီး

"ဟာ နှစ်နာရီတောင် ထိုးနေပြီ၊ သွားဦးမှပဲ"

ပြောရင်း ထရပ်သည်။ ကျွန်တော် ကြောင်သွားပြီး

"ဟော့ကောင် ဘယ်လိုဖြစ်တာလဲ အေးအေးဆေးဆေး မဟုတ်ဘူးလား၊ တွေ့တုန်းကြုံတုန်း"

"အချိန်သိပ်မရတော့ဘူးကွာ မြို့နယ်ရုံးကို ကိစ္စတစ်ခုနဲ့ လာတာကွ၊ အစည်းအဝေးရှိနေလို့ နှစ်နာရီမှ ပြန်လာပါပြောတယ်၊ တော်ကြာလွဲသွားဦးမယ်၊ သွားမယ်ကွာ၊ ဆီယူလိပ်တား"

ဟုပြောရင်း ခပ်သုတ်သုတ် ထွက်သွား၏။ ကျွန်တော် အူကြောင်ကြောင်ဖြစ်ပြီး ကျန်ခဲ့သည်။ ကျွန်တော့်ဘာသာ စာရေးနေတာကို သူပဲလာခေါ်သည်။ ပြီးတော့ သူပဲ အချိန်မရဘူးဆိုပြီး ထထွက်ပြေးသည်။

တကယ်တော့ သူသည် ကျွန်တော့်ဆီလာဖို့ ရည်ရွယ်ရင်းမရှိ။ သူ့ကိစ္စနှင့် မြို့နယ်ရုံးကိုလာတာ အစည်းအဝေးရှိနေလို့ စောင့်ရမယ့် အတူတူ အချိန်တွေ အလဟဿ မဖြစ်ရအောင် ကျွန်တော့်ဆီ ဝင်လာတာ၊ တစ်နည်းအားဖြင့် ပိုနေတဲ့ အချိန်ကို အကျိုးရှိအောင် အသုံးချသွားတာ။

သူ့အဖို့ မတွေ့တာကြာသော သူငယ်ချင်းတစ်ယောက်ဆီ ဝင်လည်လိုက်ရသဖြင့် လူမှုရေးတာဝန်တစ်ခု ကျေသွားသည်။ ကျွန်တော်နှင့် စကားပြောရသဖြင့် အပျင်းလည်းပြေသည်။ စိတ်

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲဖြစ်ပြီး အနားယူသလိုဖြစ်သွားသည်။ ဒီကြားထဲ ကားအရောင်းအဝယ်ကိစ္စတစ်ခုအလုပ်ဖြစ်ဖို့ လမ်းစလည်း ရသွားသဖြင့် အမြတ်ထွက်သွားသေးသည်။

ကျွန်တော့်မှာသာ ... ...

နှစ်နာရီကျော်ပြီဖြစ်၍ နေရှိန်က ပြင်းနေပြီ။ ရေချိုးလို့ မဖြစ်တော့။ ဒီကောင်နဲ့ စကားပြောလျှင် ကြာမှာပဲဆိုပြီး လက်ဖက်ရည်ဆိုင်မှာ စမူဆာ နှစ်ခုစားမိသဖြင့် ထမင်းစားလို့ရမှာ မဟုတ်တော့။ ထို့နေ့ ညနေပိုင်းတစ်ခုလုံး ယောင်တိယောင်ချာ ဖြစ်ရတော့မည်။

ဟိုကောင် စားသောက်သွားတာတွေ အတွက်ပါ ငွေရှင်းပြီး ဆိုင်ထဲက ထွက်လာခဲ့သည်။ ညနေ ဂျာနယ်က စာမူလာယူလျှင် ဘယ်လို အကြောင်းပြ တောင်းပန်ရပါ့မလဲဟု စဉ်းစားရင်း လျှောက်လာခဲ့၏။ ဘာပဲဖြစ်ဖြစ် ဟိုကောင်သည် ကျွန်တော့်ဆီက အချိန်တစ်နာရီ လာခိုးသွားခြင်းဖြစ်ကြောင်း သူ့ဘာသာတော့ သိချင်မှသိပေလိမ့်မည်။

ရွှေမြင်သာဂျာနယ်
၁/၁၊ ၁-၈-၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com



# မြ စ် ကူး ချော င်း ဖျား

ဆရာလင်းယုန်မောင်မောင်က ပြောစရာရှိလို့ လာခဲ့ပါဟု မှာသည်ဆိုသဖြင့် သူ့အိမ်ကို သွားရသည်။ ဦးလေးကျွန်တော့်ကို ခေါ်တယ်ဆို ... မေးတော့ ...

"အေး ... ဟုတ်တယ်၊ မင်းငါနဲ့ ဟောပြောပွဲလိုက်ခဲ့ရမယ်"

"ဘယ်ကိုလဲ"

"ကော့ကရိတ်"

ကျွန်တော်နည်းနည်းတွေသွားသည်။ ကော့ကရိတ်မြို့ကိုကြားဖူးနေတာတော့ကြာပြီ။ ထိုခေတ် မှော်ခိုကုန်သွယ်ရေးလမ်းကြောင်း၏ အချက်အချာကျသော စခန်းထောက်မြို့ဖြစ်သည်။ မော်လမြိုင်နှင့်အတူ နာမည်ကြီးသည် သွားရေးလာရေးကတော့ သိပ်မလွယ်လှ။ မြစ်နှစ်သွယ်ကိုဇက်နှင့် ကူးရသေးသည်။ ဘားအံကိုဖောင် ကျော်ပြီး သွားရသည်။ သူ့ဟိုဘက်မှာ ထိုင်းနိုင်ငံနယ်စပ် မြဝတီမြို့ပဲ ရှိတော့

www.burmeseclassic.com



သည်။ ပြီးတော့ ...

"မင်းကို ငါအတင်းအကျပ်ခေါ်တာ မဟုတ်ဘူးနော်၊ မရောက်ဖူးတဲ့ဒေသမို့လို့ သွားသင့်တယ် ထင်လို့"

ဆရာလင်းယုန်မောင်မောင်က ကျွန်တော့်ကို အကဲခတ်ရင်း ပြောသည်။ ဆက်၍ "ရှင်းရှင်းပြောရရင် တချို့စာရေးဆရာတွေကို ငါတီးခေါက်ကြည့်ပြီးပြီ၊ အင်တင်တင် လုပ်နေကြတယ်ကွ၊ ဒါကြောင့် သူ့ရဲ့ကောင်းရွေးနေတာ၊ မင်းစဉ်းစားကြည့်စမ်း မြို့ခံလူတွေက စိတ်မချရရင် ငါတို့ကို ဘယ်ဖိတ်ပါ့မလဲကွ၊ သူတို့တာဝန်ယူနိုင်လို့ ခေါ်တာပေါ့။ ဒီမှာ ဟောကောင် စာရေးဆရာဆိုတာ လူတိုင်းကချစ်ခင်လေးစားကြတာပါကွ"

သူခေါ်လျှင် ငြင်းဖို့မလွယ်ကြောင်းသိ၏။ ထိုစဉ်က ကျွန်တော်သည် နာမည်ရကာစ လူငယ်စာရေးဆရာကလေးဖြစ်၏။ ဗဟုသုတရှာချင်သည်။ နေရာစုံရောက်ဖူးချင်သည်။ နည်းနည်းပါးပါးစွန့်စားရလျှင် ပိုကြိုက်သည်။

"ဘာလဲကွ၊ မိန်းမနဲ့ မခွဲနိုင်လို့လား"

ကျွန်တော်က မိန်းမရကာစ ဖြစ်သောကြောင့် ခုလို မေးခြင်းဖြစ်၏။

"မဟုတ်ပါဘူး ဦးလေးရာ"

"ဒါဆို လိုက်မယ်ပေါ့"

"ဦးလေးသာ ခေါင်းဆောင်ပြီး သွားလို့ကတော့ ပါလင်္ကာစ တိုင်းသွားမယ်ဆိုရင်တောင် မငြင်းပါဘူး"

ရန်ကုန်မှ နံနက်ငါးနာရီလောက် ဟိုက်လက်ကားနှင့် ထွက်ကြသည်။ ကော့ကရိတ် စာပေလုပ်သားအဖွဲ့မှ ကိုထင်ဝင်းလှိုင်က လာ

www.burmeseclassic.com

www.burmeseclassic.com



ကြို့သည်။ ကျွန်တော်တို့အဖွဲ့တွင် ဆရာလင်းယုန်မောင်မောင်၊ ကာတွန်းကိုမြေဇာ၊ ဆရာမ ခင်သူသူဝင်းနှင့် ကျွန်တော်တို့ဖြစ်ကြသည်။ ပဲခူးမှာ လက်ဖက်ရည်ဝင်သောက်သည်။ ဘားအံဒီဘက်ကမ်း မြိုင်ကလေးသို့ မွန်းတည့်ချိန်မှာ ရောက်သည်။ အမှန်မှာ ဒီထက်စောဖို့ဖြစ်သည်။ သထုံမှာ ထမင်းစားရင်း ရမ်တစ်ပုလင်းဖွင့်ခဲ့သောကြောင့် နည်းနည်းအချိန်ကုန်သွားခြင်းဖြစ်၏။

စာပေတာဝန်နှင့် လာသော ကားဖြစ်သောကြောင့် ဇက်ကူးရာမှာ ကြာရှည်မစောင့်ရဘဲ မီရာအခေါက်နှင့် လိုက်ခွင့်ရသည်။ ထို့နောက် မွန်းလွဲ တစ်နာရီလောက်မှာ ဘားအံဘက်ကမ်းသို့ ရောက်လာ၏။

ဖွဲ့ကပင်တောင်ကြီးသည် ဟိုဘက်ကမ်းကကြည့်တော့ ပုံစံတစ်မျိုး၊ ဘားအံမြို့ပေါ်က ကြည့်တော့ ပုံစံတစ်မျိုး၊ ဘားအံကို လွန်လာတော့ ပုံစံတစ်မျိုး၊ အမျိုးမျိုးပြောင်းလဲနေတာကို ထူးခြားစွာ တွေ့ရ၏။ စာအုပ်တွေ၊ ဓါတ်ပုံတွေ၊ ပြက္ခဒိန်တွေထဲမှာ တွေ့ဖူးသော ဖွဲ့ကပင်က ထီးတည်းကြီးရှိနေသော တောင်ကြီးတစ်လုံးတည်းသာ ဖြစ်၏။ ဘားအံကို လွန်လာပြီးနောက် ပြန်လှည့်ကြည့်လိုက်သောအခါ မမှတ်မိနိုင်အောင် ပုံသဏ္ဌာန်ပြောင်းလဲသွား၏။ တကယ်တော့ ဖွဲ့ကပင်သည် တောင်မကြီး တစ်လုံးတည်း မဟုတ်ဘဲ တောင်စွယ်တောင်တန်းများဖြင့် ဖွဲ့စည်းတည်ရှိနေခြင်းသာဖြစ်၏။

လမ်းခရီးရှုခင်းတွေက သာယာလှပသည်။ မြေပြင်မှာ ညီညီဆိုလျှင်ဘောလုံးကွင်းလို ပြန့်ပြူးနေသည်။ တောင်ဆိုလည်း မြင့်မြင့်၊ မတ်စောက်သော ကျောက်ကမ်းပါးယံကြီးများဖြင့် ဖွဲ့စည်းထားပြီး မြေမှုန့်စုံ့ထိုးထွက်နေကြသည်။ တစ်ခါတရံ တောင်ထိပ်ပိုင်းမှာ မြူခိုး

www.burmeseclassic.com



သုံးနာရီဝန်းကျင်လောက်မှာ ဂျိုင်းမြစ်ကမ်းကို ရောက်သည်။ ဇက်ဖြင့်ကူးရပြန်၏။ ဂျိုင်းမြစ်မှာ သိပ်ကျယ်လှသည်တော့မဟုတ်။ ရေစီးတော့သန်ပုံရ၏။ ဂျိုင်း၏ဟိုဘက်ကစပြီး ကားလမ်းက ဆိုးလာသည်။ ဂဝံကျောက်ခင်းလမ်းဖြစ်၏။ နဂိုရ်ကတ္တရာလမ်းက တဖြည်းဖြည်း ယိုယွင်းတိမ်ကောပြီး တချို့နေရာတွေမှာ ဂဝံလမ်းဖြစ်သွားလေသလားတော့ မသိ။ အနီရောင်ဖုန်မှုန့်တွေက အလိပ်လိပ်ထပြီး ကျွန်တော်တို့၏ အဝတ်အစားတွေရော ... ဆံပင်တွေပါချင်းချင်းနီသွားစေသည်။

ကော့ကရိတ်ကိုရောက်တော့ ညနေစောင်းစပြုပြီ။ စာပေလှုပ်သားအဖွဲ့ဥက္ကဋ္ဌ (ဦး) မန်းတင့်မောင်နှင့်အဖွဲ့ဝင် (ဒေါ်) နန်းတင်တင်လှတို့အဖွဲ့က ကြိုဆိုနေကြသည်။ (ဒေါ်) နန်းတင်တင်လှကို အစက ကရင်အမျိုးသမီးဟု ထင်ခဲ့သည်။ နောက်မှ ရှမ်းအမျိုးသမီးဖြစ်ပြီး တာဝန်အရ ကော့ကရိတ်ရောက်နေကြောင်းသိရ၏။

ကျွန်တော်တို့ တည်းခိုရသည့်နေရာမှာ ဦးမောင်ပု၏ နှစ်ထပ်တိုက်ဖြစ်၏။ အောက်ထပ်၏ မျက်နှာစာနှစ်ဘက်စလုံးကို စတိုးဆိုင်ကြီးဖွင့်ထားသည်။ ကျွန်တော်တို့ကို အပေါ်ထပ်တစ်ထပ်လုံးအပိုင်စား ပေးထားသည်။ ဆရာမခင်သူသူဝင်းကိုတော့ အမျိုးသမီးတွေရှိသည့် အိမ်တစ်အိမ်မှာထားသည်။

ပစ္စည်းတွေနေရာချ၊ ခဏတဖြုတ်နားပြီးတော့ ... ဆရာဝင်းယုန်မောင်မောင်က

"ကဲ ... ဟော့ကောင်တွေ၊ ရေချိုးကြမယ်" ဟု ဆို၏။

"ဟာ ... ဆရာကလဲ၊ ညနေစောင်းကြီး"

ကိုမြဇာကတွန့်ကနဲ ပြောသည်။ ကျွန်တော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဦးလေး၊ ဆောင်းတွင်းကြီးဗျ၊ ချမ်းတယ်"

"မင်းတို့ကောင်တွေ ဒီအရွယ်လေးတွေနဲ့ ချမ်းတတ်ရသလား၊ ရေမချိုးလို့တော့မဖြစ်ဘူး၊ တစ်လမ်းလုံးဖုံတွေပေလာတာ၊ ပြီးရင် အချမ်းပြေမော့စရာလဲရှိသားပဲကွ"

"ဒါဆိုဒီလိုလုပ်၊ ဆရာအရင်ချိုးလေ၊ ဆရာဘာမှမဖြစ်ဘူး ဆိုမှ ကျွန်တော်တို့ချိုးမယ်"

ဟု ကိုမြေဇာက နောက်သည်။

"အေး ... ဟုတ်ပြီ၊ မင်းစကားနဲ့မင်းနေဒ်"

ဆိုပြီး ဆရာလင်းယုန် ရေချိုးခန်းထဲဝင်ပြီး တဘွမ်းဘွမ်းချိုးသည်။ အတော်ကြာတော့ ပြန်ထွက်လာပြီး

"ကဲ ... တွေ့ပြီမဟုတ်လား၊ ငါဘာမှမဖြစ်ဘူး"

ရေချိုးလိုက်မှပိုပြီးလန်းဆန်းလာပုံတောင်ရသည်။ ကျွန်တော်တို့နှစ်ယောက်လည်း ကတိအတိုင်းရေချိုးကြသည်။ ဒီနောက်မှာတော့ အချမ်းပြေယမကာဝိုင်းစလေတော့သည်။

ထမင်းမစားခင် ပြုလုပ်သော ယမကာဝိုင်းတွင် မြို့ခံစာပေသမားတွေနှင့်ဆုံရသည်။ ထိုသူအားလုံး လိုလိုမှာလည်း စာပေဟောပြောပွဲကျင်းပရေးကော်မတီဝင်များပင် ဖြစ်ကြ၏။ အများစုက ဝန်ထမ်းတွေ။ နယ်ခံလည်းပါသည်။ မြန်မာပြည်အနှံ့မှလာရောက်အမှုထမ်းနေသူတွေလည်းပါသည်။

အခွန်ဦးစီးမှူးဦးစိုးမြင့်၊ မြန်မာရေနံမှ ဦးတင်ဦး၊ စားဖေ့စ်မှ ဦးအေးလွင်၊ တိုင်းရင်းဆေးခန်းမှူး ဦးစိုးသန်း၊ ကော့ကရိတ်ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာမန်းမိုးကျော်၊ အလယ်တန်းကျောင်းအုပ် ဦးရဲမြင့်၊ ယူနစ်ကော်မတီဝင် ဦးခင်ရွှေ၊ မြို့နယ်မှူး (ဦး) စောချစ်ဟန်၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေများဖြစ်ကြသော (ဦး) မန်းကျော်ထက်နှင့် ဦးငွေဇံ၊ ဦးဆူးကုတ်၊ ဒေါ်တင်တင်ဦး၊ ဒေါ်နေဘ်ဆာရား၊ ဒေါ်စန္ဒာအေးတို့ဖြစ်ကြ၏။

သူတို့နှင့် မြို့နယ် စာပေလုပ်သား အဖွဲ့တို့ ပူးပေါင်းပြီး ဟော ပြောပွဲတစ်ခုဖြစ်အောင် အပင်ပန်းခံ ကြိုးစား စီစဉ်ခဲ့ကြခြင်းဖြစ်သည်။ သူတို့ဆီမှာ စာပေဟောပြောပွဲတစ်ခါမှ မလုပ်ခဲ့ဘူးသေးဟု ဆို၏။ တိုးနှစ်ပေါင်းများစွာတုန်းကတော့ ရှိကောင်းရှိခဲ့မည်။ သူတို့ သိမီ သလောက်တော့ ဒါပထမဆုံးအကြိမ်ပဲဟု ဆိုကြသည်။

သူတို့က လူလည်းအလွန်ညီသည်။ တစ်ယောက်နှင့် တစ် ယောက်တွက်ကပ်နေတာမျိုး၊ အပြစ်ဖို့နေတာမျိုးလုံးဝ မရှိ။ သူတာ ဝန်ကိုယ့်တာဝန်ခွဲထားသော်လည်း လုပ်စရာရှိလျှင်အားလုံးတက်ညီ လက်ညီဝိုင်းလုပ်တတ်သည်။ သူတို့ကိုကြည့်ရတာ ကျွန်တော်တို့ ကျောင်းမှာတုန်းကသူငယ်ချင်းတွေစုပြီး နံရံကပ်စာစောင်လုပ်ခဲ့ကြ တာ၊ ကဗျာစာအုပ်ကလေးတွေ ထုတ်ခဲ့ကြတာကို သတိရစေသည်။

နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်တွင်

"ဟော့ကောင်တွေ ထကြတော့"

ဟု အော်နှိုးနေသော ဆရာလင်းယုန်မောင်မောင်၏ အသံကို ကြားရသည်။ ကျွန်တော်က မကြားချင်ယောင်ဆောင်ပြီး ပေအိပ်နေ သည်။ ကိုမြေဇာကလည်း ဒီအတိုင်းပင်ဖြစ်လိမ့်မည်။ သူသည် လက် လျှော့လိုက်ပြီး တစ်ယောက်တည်းပင် ကိုယ်လက်လှုပ်ရှား လေ့ကျင့် ခန်းလုပ်နေသည်။ ခဏကြာတော့ ရေချိုးခန်းထဲမှ ရေသံတဝုန်းဝုန်း ကြားရသည်။ အာဂလင်းယုန်ပါပဲ။ သူ့အသက်အရွယ်နှင့် ဆောင်း တွင်း မနက် အစောကြီးရေထချိုးရဲတာ ချီးပဲချီးကျူးရမလား။ တော်တော်ပေတဲ့ ရှုတ်တဲ့အဘိုးကြီးပဲဟု ဆိုရမလား မသိ။ အဝတ်

www.burmeseclassic.com



အစား လဲပြီးတော့

"ဟော့ ... ငပျင်းတွေ ထကြတော့"

ဟု ထပ်နှိုးပြန်သည်။

"ဆရာကလဲဗျာ မိုးတောင်ကောင်းကောင်းမလင်းသေးဘူး၊ ဘာကိစ္စမှလည်းရှိတာ မဟုတ်ဘူး"

ကိုမြေဇာက အိပ်ရာထဲမှပင် လှမ်းပြောသည်။

"မြေဇာ၊ မင်း အဲဒီလိုချည်းပဲ၊ ဝီရိယသိပ်နည်းတယ်၊ ဒါကြောင့် မင်း မကြီးပွားတာ"

"အမယ် ဆရာကကော ကြီးပွားနေလို့လား"

သူတို့နှစ်ယောက်မှာ ဟောပြောပွဲပေါင်းများစွာ အတူသွားခဲ့ပြီး အမြဲတမ်းခုလို ပူညံပူညံဖြစ်နေကြပုံရ၏။ ဆရာလင်းယုန်မှာ ကိုမြေဇာကို တော်တော်လည်း ချစ်ပုံရသည်။ မနက်ကျောင်းသွားဖို့ တော်တော်နှင့်နှိုးလို့မရသော သားကို အဖေလုပ်သူက ဆူပူနေပုံနှင့်တူလေသည်။

ကျွန်တော်တို့လည်း ဆက်အိပ်နေလို့ မထူးတော့သဖြင့် တငြီးငြီး ဗညူညူ လုပ်ရင်းပင် အိပ်ရာမှ ထလိုက်ကြရ၏။ စောစောထရတဲ့အတူတူ လက်ဖက်ရည်ဆိုင်သွားထိုင်မည်ဟု စိတ်ကူးသော်လည်း

"မြို့အဝင်မှာ ချောင်းကလေးတစ်ခု တွေ့ခဲ့တယ်။ ခုလို မနက်စောစောမှာ အဲဒီဘက်လမ်းလျှောက်ထွက်ရင်း လေကောင်းလေသန့် ရှူရမယ်ကွ၊ ရန်ကုန်မှာ ဒီအခွင့်အရေးမျိုး မရနိုင်ဘူး"

ဆရာလင်းယုန်က လမ်းလျှောက်ခေါ်သွားပြန်၏။ သူသည် လူက ခပ်ပြတ်ပြတ်ဖြစ်သော်လည်း လမ်းလျှောက်ရာမှာ အလွန်မြန်သည်။ ကျွန်တော်နှင့် ကိုမြေဇာတို့ကတော့ စကားပြောရင်းခပ်ဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းသာ လေးတိလေးကန် လျှောက်လာကြသည်။ ကျွန်တော်တို့က ကိုယ့်အကြံနှင့်ကိုယ် ဖြစ်၏။

"ဒီနားလေးက သိပ်လှတယ်ဗျာ ... တွေ့လား၊ ကွင်းပြင်ထဲမှာ သစ်ပင်လေး၊ ဟိုဘက်ကနေထွက်စ အလင်းရောင်ဖြာနေတာ"

"ဟုတ်တယ်၊ ပန်းချီကားလေး တစ်ချပ်လိုပဲ"

ရှုခင်းကိုငေးမောသလိုလို၊ ကြည့်လို့ပဲ မဝသလိုလို လုပ်ရင်းရပ်နေလိုက်ကြ၏။ ဆရာလင်းယုန် စိတ်မရှည်တော့။ ကျွန်တော်တို့ကို မစောင့်ဘဲ ခပ်သုတ်သုတ် လျှောက်သွားလေတော့၏။ ဒီတော့မှ ကျွန်တော်တို့လည်း လမ်းဘေးတစ်နေရာမှာ ထိုင်စကားပြောနေလိုက်တော့သည်။

ခဏကြာတော့ မြို့ခံအဖွဲ့တွေ လိုက်လာသည်။ သူတို့က စာရေးဆရာတွေ အေးအေးဆေးဆေး အိပ်ကြပါစေဆိုပြီး စောစော မလာကြခြင်းဖြစ်၏။ သူတို့လာတော့ ကျွန်တော်တို့က မရှိတော့ ဘယ်သွားမှန်းလည်း မသိသဖြင့် စိတ်ပူပြီး လိုက်ရှာကြခြင်းဖြစ်၏။

ထိုစဉ်မှာပင် ဆရာလင်းယုန်လည်း ပြန်ရောက်လာသဖြင့် မြို့ထဲဘက် ပြန်လျှောက်လာကြပြီး မနက်စာစားရန် ဈေးထဲသွားကြသည်။ ကော့ကရိတ်၏ ထူးခြားချက်က မနက်စာကို ကျွန်တော်တို့ဆီမှာလို မုန့်ဟင်းခါး၊ ထမင်းကြော်၊ အီကြာကွေး၊ ပဲပလာတာ စသည်တို့ မစားကြ။ နံပြားနှင့် ဆိတ်ခြေထောက်စွတ်ပြုတ်သာ စားကြသည်။

စာပေဟောပြောပွဲကို မနက်ပိုင်းမှာပင် ပြုလုပ်သည်။ ဒေါ်နခန်းမမှာ ဖြစ်၏။ ကြွရောက်နားထောင်ကြသော ပရိသတ်မှာ မြို့လူဦးရေနှင့် နှိုင်းယှဉ်လျှင် များပြားသည်ဟု ဆိုရမည်။ ခန်းမပြည့်လုနီးနီး

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်၏။ ကျွန်တော်တို့လေးယောက်စလုံး အဆင်ပြေပြေ ဟောနိုင်ခဲ့ကြသည်။ အကြောင်းအရာကို လေးလေးပင်ပင်ကြီးလည်း မဟုတ်၊ ပေါ့ရွှတ်ရွှတ်လည်းမဟုတ်၊ ပျော်စရာ၊ ရယ်စရာကလေးများနှင့် တွေးစရာ၊ မှတ်စရာ ဗဟုသုတများ၊ စာပေရေးရာများဖြစ်သဖြင့် ပရိသတ်က သဘောကျကြသည်။ အထူးသဖြင့် ဆရာလင်းယုန်မောင်မောင်က ပရိသတ်အတွက် အကျိုးရှိရာရှိကြောင်းတွေကို သပ်ရပ်လှပစွာပြောရင်းဟောပြောပွဲကို အဆုံးသတ်လိုက်သည်။

စာပေဟောပြောပွဲ လုံးဝအောင်မြင်ပါသည်။ အပင်ပန်းခံရကျိုးနပ်သဖြင့် ဟောပြောပွဲကျင်းပရေးကော်မတီဝင်များ အားရကျေနပ်ပြီး တပြုံးပြုံးဖြစ်နေကြတာ မြင်တော့ ကျွန်တော်တို့လည်း ဝမ်းသာပျော်ရွှင်ကြရ၏။

ထမင်းစားပြီးနောက် မြို့စွန်က ဘုရားကို သွားဖူးကြ၏။ ကုန်းတော်ပေါ်မှ လှမ်းကြည့်သောအခါ ဒေါနတောင်တန်းကြီးကို လှမ်းမြင်ရသည်။ ဒေါနတောင်တန်းကို ဖြတ်ကျော်လိုက်လျှင် နယ်စပ်မြို့ဖြစ်သော မြဝတီကိုရောက်မည်။ ဟိုဘက်မှာတော့ ထိုင်းနိုင်ငံ၏ မဲဆောက်မြို့။

ထိုအချိန်က ကော့ကရိတ်မှ မြဝတီသို့ လွယ်လွယ်ကူကူသွားလို့မရ။ ကွန်ဗိုင်ခေါ် ယာဉ်တန်းဖြင့်သာ သွားကြရသည်။ ယာဉ်တန်းကလည်း ပုံမှန်မရှိ။ လုံခြုံရေးအခြေအနေပေါ်မူတည်၍ တစ်ပတ်နှစ်ခေါက်ဖြစ်ချင်လည်းဖြစ်မည်။ နှစ်ပတ်လောက်ကြာမှ တစ်ခေါက်လည်းဖြစ်ချင်ဖြစ်မည်။

ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ အတက်ယာဉ်တန်း မရှိ၊ အဆင်းယာဉ်တန်းကတော့ ဒီနေ့ဝင်စရာရှိသည်ဟုဆိုသည်။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်သည် ဒေါနတောင်တန်းကြီးကို ငေးကြည့်နေမိ၏။ မြဝတီကို သွားခွင့်မကြုံသော်လည်း ဒီတောင်တန်းကြီးရဲ့ ဟိုဘက်ဟာ ထိုင်းနိုင်ငံပဲ။ ဘာပဲဖြစ်ဖြစ် နယ်စပ်နဲ့မိုင်အနည်းငယ်သာ ဝေးတဲ့နေရာကို ရောက်ခဲ့ရတာပဲ။ ဒေါနတောင်တန်းကြီးဟာ ငါတို့နိုင်ငံရဲ့ ဂရိတ်ဝေါကြီးပဲဟု တွေးလိုက်မိသည်။

ဈေးထဲကိုလည်း ဝင်လေ့လာကြသေးသည်။ ထိုင်းဘက်ကဝင်သည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် လက်လီဆိုလျှင် ရန်ကုန်နှင့် သိပ်မကွာလှ၊ လက်ကား (ဒါဇင်ဈေး၊ ဆယ်ခုဈေး)ကျတော့ တော်တော်သက်သာတာတွေ့ရ၏။

ကျွန်တော်ကတော့ အမေ့အတွက် စူပရာဒင်းရေဆူအားဆေးတစ်ဗူး ဝယ်သည်။ အဖေ့အတွက်ချည်သားစပို့ရှပ်၊ ယောက္ခမကြီးအတွက် တက်ထရက်ပုဆိုး၊ မိန်းမအတွက် ပါတိတ်တစ်ထည်ဝယ်မည်ဟု စိတ်ကူးသော်လည်း မြို့ခံမိတ်ဆွေတွေက ဈေးကြီးတယ်မဝယ်နဲ့ဟု အတင်းတားကြသည်။ (ကျွန်တော်တို့ကို လက်ဆောင်ပေးမည့် ပစ္စည်းတွေထဲမှာ ဒါတွေ ပါပြီးသားဖြစ်သောကြောင့် တားခြင်းဖြစ်ကြောင်း နောက်မှသိရ၏) သူငယ်ချင်းတွေအတွက် မယ်ခေါင်အရက်တစ်ပုလင်းတော့ ဝယ်ဖြစ်သွားသေးသည်။

ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ဆရာမခင်သူသူဝင်းက

"ဟဲ့ ... ဒါဝတ်ကြည့်စမ်း"

ဆိုပြီး ဂျာကင်အကျီအကောင်းစားတစ်ထည်ကို လှမ်းပေးသည်။ ကျွန်တော်လည်း ဘုမသိ ဘမသိ ဝတ်ကြည့်ရ၏။

"အတော်ပဲ"

ဟု သူကပြောသည်။ ကျွန်တော်စိတ်ထဲမှာ ... ဒီဆရာမ ပိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံရှိတယ်လို့ကြားဖူးတယ်။ ငါက ဆွယ်တာတပတ်နွမ်းကြီး ဝတ်ထားတာ မြင်ပြီး သနားသွားလို့ ဂျာကင်အကျီဝယ်ပေးမလို့ထင်တယ်ဟု ထင်လိုက်မိ၏။

တကယ်တော့ ဒီဂျာကင်မှာ သူ့သားနေမျိုးဆေးအတွက် ဖြစ်၏။ ဝယ်သွားပြီး ဟိုကျမှ မတော်ဘဲနေမှာ စိုးသဖြင့် နေမျိုးဆေးနှင့် ကိုယ်လုံးကိုယ်ထည်ချင်းတူလောက်သော ကျွန်တော့်ကို နမူနာဝတ်ခိုင်းကြည့်ခြင်းသာဖြစ်၏။ ကျွန်တော်သည် နေမျိုးဆေး၏ ရှဲဒိုးဖြစ်ခဲ့ရဖူးလေ၏။

ညနေပိုင်းတွင် ကျွန်တော်တို့တည်းခိုရာ အိမ်သို့ဒေါက်တာမန်းမိုးကျော် ရောက်လာသည်။ ထိုအချိန်တွင် ဆရာလင်းယုန်နှင့်ကိုမြေဇာတို့က တရေးတမောအိပ်နေကြသည်။ ကျွန်တော်က အိပ်မပျော်သဖြင့် တစ်ယောက်တည်း ပျင်းနေစဉ်။

"ဒီနေ့ ကွန်ဖိုင်ဝင်စရာရှိတယ်။ ဗဟုသုတအဖြစ် သွားကြည့်ချင်မလားလို့ လာခေါ်တာ"

ဟု ဆရာမန်းမိုးကျော်က ပြောသည်။ ထို့ကြောင့်သူ့ဆိုင်ကယ်နောက်ကထိုင်ပြီး လိုက်သွားသည်။ တလက်စတည်း ဆေးရုံကိုပါလိုက်ပြသည်။ ကော့ကရိတ်ဆေးရုံသည် တောင်ကုန်းကလေးတစ်ခုပေါ်မှာတည်ရှိသည်။ လှပသပ်ရပ်သော ကွန်ကရစ်အဆောက်အအုံဖြစ်၏။ မြို့နယ်ဆေးရုံတစ်ခုအနေဖြင့် ကျယ်ဝန်းခေတ်မီပြီး အဆင့်မြင့်သည်ဟု ဆိုနိုင်သည်။ ဆရာကြီးက လက်ထောက်များကို မှာစရာရှိတာမှာသည်။ ထို့နောက် ... မြို့အဝင်ရှိ စစ်ဆေးရေးဂိတ်ဆီသို့ ထွက်လာခဲ့ကြ၏။

မြဝတီမှလာသော ကုန်တင်ယာဉ်တန်းသည် ဒီဂိတ်မှာရပ်ပြီး

www.burmeseclassic.com



အစစ်ဆေးခံကြရသည်။ တကယ်တော့ ကုန်အင်္ဂါးအမွှားများသည် စစ်ဆေးရေးဂိတ်မရောက်ခင် မိုင်အနည်းငယ်အလိုကပင် ကယ်ရီသမားများအသုံးပြု၍သယ်ထုတ်သွားခဲ့ကြပြီးဖြစ်၏။ ကယ်ရီသမားများမှာ တစ်ချို့က စက်ဘီးနှင့် တစ်ချို့ကလည်း လူကိုယ်တိုင်ထမ်းပိုး၍ ရာဘာတောများထဲမှတဆင့်မြို့ထဲကို ဖြတ်လမ်းကဝင်ကြသည်။ သူ့ခေတ်သူ့အခါနဲ့တော့ ဒါလဲစားဝတ်နေရေး ပြေလည်စေသည့် အလုပ်တစ်ခုပင်ဖြစ်သည်။

ဒီနေရာမှာ တပိုင်တနိုင်သယ်လာသူတွေဆီက ပစ္စည်းတွေကို လာကောက်သူတွေလည်းရှိ၏။ လွယ်အိတ်ကိုယ်စီ၊ ပိုက်ဆံအိတ်ကိုယ်စီဖြင့် ဈေးစကားပြောနေကြသူများ စည်ကားစွာတွေ့နိုင်သည်။ တစ်ချို့ဆိုလျှင် ကားတစ်စင်းလုံးစာကို ဈေးဖြတ်ပြီးဝယ်ကြသည်။ ဟိုတစ်ချိန်တုန်းက ခက်ခဲရှုပ်ထွေးသော ကုန်သွယ်မှုပုံစံကို တစ်စိတ်တစ်ဒေသ လေ့လာခွင့်ရခဲ့လေသည်။

ညနေစောင်းတွင် အဖွဲ့သားတွေ ရောက်လာပြီး လက်ဆောင်ပစ္စည်းတွေပေးကြသည်။ စာပေဟောပြောပွဲလက်ဆောင်အနေနှင့်ဆိုလျှင် အတော်များပြားသည်ဟု ဆိုရမည်။ တက်ထရက်ပုဆိုး၊ ပါတိတ်လုံချည်၊ စပို့ရှပ်၊ ဆင်ကြယ်ဖိနပ်သန္တာရမွှေး၊ ခေါင်းလိမ်းဆီစသော ပစ္စည်းများအပြင် ပေါ်ကာစဖြစ်၍ ရန်ကုန်တွင် ဆိုင်ကြီးတွေမှာသာ ဈေးကြီးပေး၍ဝယ်ရသော ပလပ်စတစ်ဖျာကြီးတစ်ချပ်စီလည်းပါသည်။

စာပေမိတ်ဆွေများသည် တတ်နိုင်လွန်းလို့တော့ မဟုတ်၊ အများစုမှာ ဝန်ထမ်းများသာ ဖြစ်ကြသည်။ စာပေချစ်စိတ်ဖြင့် ကိုယ့်အားကိုယ်ကိုးပြီး စွန့်စွန့်စားစား လုပ်ကြရခြင်းဖြစ်၏။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဆောင်တွေ ထိုက်ထိုက်တန်တန် ပေးချင်သည်၊ ရန်ပုံငွေက နည်းနေ၏။ ဒီအချိန်မှာ အကောက်ခွန်ဌာနမှ စာပေဝါသနာရှင်များက ဝင်ကူလာသည်။ သူတို့ဆီမှာ သိမ်းဆည်းထားသည့် အကောက်ခွန်မဲ့ပစ္စည်းတွေရှိသည်။ ဒါတွေကို ဝန်ထမ်းများအား သတ်မှတ်လျှော့ဈေးဖြင့် ထုတ်ရောင်းပေးလေ့ရှိ၏။ အခုလည်း ကျွန်တော်တို့အတွက် လက်ဆောင်ပစ္စည်းများကို သတ်မှတ်ဈေးဖြင့် ဝယ်ခွင့်ပြုလိုက်သဖြင့် အဆင်ပြေသွားခြင်းဖြစ်၏။ သူတို့သတ်မှတ်လျှော့ဈေးဆိုတာ အပြင်ပေါက်ဈေးထက် ငါးပုံတစ်ပုံလောက်သာရှိသဖြင့် ပစ္စည်းတွေအများကြီးပေးလို့ရသွားခြင်းဖြစ်၏။

ထို့ကြောင့် စာပေမိတ်ဆွေများမှာ ဝမ်းသာပျော်ရွှင်နေကြသည်။ ကျွန်တော်တို့ကတော့ မပျော်ဘဲ ဘယ်နေပါ့မလဲ။

ညဘက်ကျတော့ နှုတ်ဆက်ညစာစားပွဲလေး ကျင်းပကြသည်။ ရှေ့နေ (ဦး) မန်းကျော်ထက်က သူ့အိမ်ကို တစ်ဖွဲ့လုံးဖိတ်သည်။ ဝက်ပျိုတစ်ကောင်ကို ပေါ်ပြီး အမျိုးမျိုးချက်ထားသည်။ ဝက်သားဟင်း၊ ဝက်ခြေထောက်စွပ်ပြုတ်၊ ဝက်နံရိုးပေါင်း၊ ဝက်ခေါင်းသုတ်တို့အပြင် ...

ဝက်ဝမ်းတွင်းသားစိမ်းကောသုပ်၊ ပြုလုပ်ထားပုံကတော့ ဝက်ဝမ်းတွင်းသားလတ်လတ်ဆတ်ဆတ်ကို ရေနွေးဖျော (တစ်ချို့လည်း အစိမ်းအတိုင်းထည့်သည်ဆို၏) အတုံးသေးသေးတုံးတစ်ပြီး ဝက်သွေး၊ ဂျင်း၊ ကြက်သွန်ဖြူ၊ ငရုပ်သီးစိမ်းထောင်းထားတာ ထည့်ပြီးနယ်ရသည်။ ပြီးတော့ ရှောက်ရည်ရွှဲရွှဲညှစ်ထည့်ပြီး နှပ်ထားရ၏။ မနက်ပိုင်းက နှပ်ထားပြီး ညနေကျတော့ ဂျင်း၊ ငရုပ်သီးစိမ်းတို့၏ အပူနှင့် ရှောက်ရည်၏အချဉ်တို့ကြောင့် နူးပြီး ကျက်နေပြီး ရှမ်းပြည်က

www.burmeseclassic.com

www.burmeseclassic.com



ဝက်သားချဉ်လို၊ ကျွန်တော်တို့ အောက်ပြည်အောက်ရွာက ပုဇွန်ချဉ်၊ ငါးဖယ်ချဉ်လို ရိုးရာအစားအစာဖြစ်၏။)

"အဲဒါတော့ သွားမစားနဲ့နော်၊ အခန့်မသင့်ရင် ဝမ်းလျှောတတ်တယ်"

ဟု တစ်ယောက်က သတိပေးသည်။

ကျွန်တော်ကတော့ လူကလည်း ငယ်သေးသည်။ ထူးဆန်းသည့် အစားအစာဆိုလျှင် နည်းနည်းဖြစ်ဖြစ်တော့ မြည်းစမ်းကြည့်လိုက်ချင်သည်။ ပြီးတော့ ဝက်ဝမ်းတွင်းသားကိုလည်း ကြိုက်တတ်သည်။ ဒေသထွက်အစားအစာတစ်ခုကို စားဖူးတယ်ရှိသင့်သည်ဟု တွေးပြီး တစ်ဖတ်ယူစားကြည့်သည်။

ထိုစဉ်မှာ ကျွန်တော်စဉ်းစားရပြီ။ ဒီလောက်အရသာရှိတဲ့ အစားအစာကို လက်မလွှတ်သင့်၊ ရမ်ခပ်ပြင်းပြင်းနှင့် မျှောချလျှင် ပြဿနာမရှိနိုင်။ ရမ်ကတော်ရှုံတန်ရှုံရေ့ဂါပိုးကို သေစေနိုင်သည်။ တကယ်လို့ အခန့်မသင့်ဘဲ ဝမ်းလျှောခဲ့လျှင်လည်း ဆရာမန်းမိုးကျော်၏ ဆေးရုံကြီးတစ်ခုလုံးရှိသည်။ ဦးစိုးသန်း၏ တိုင်းရင်းဆေးခန်းတစ်ခုလုံးရှိသည်။ သူတို့အားကိုးဖြင့် အားရပါးရစားပစ်လိုက်သည်။ ဒီလောက်ကောင်းသည့် ဝက်ဝမ်းတွင်းသားကို တစ်ခါမှ မစားဖူးသေး။ ကျွန်တော်၏ ထောက်ခံချက်ကြောင့် ဆရာလင်းယုန်တို့ ကိုမြေဇာတို့ပါ လိုက်မြည်းကြည့်ရင်း ဒါမှဒါဖြစ်ကုန်ကြလေသည်။

ထိုညစာစားပွဲမှာ အတော်ပျော်စရာကောင်းသည်။ ဟိတ်ဟန်တွေတန်တွေလည်း မရှိကြ။ စားပွဲဝိုင်းကြီးကို အလယ်မှာချ၍ ကြမ်းပေါ်ဝိုင်းထိုင်ရင်းစားလိုက်သောက်လိုက် စကားပြောလိုက်၊ ခုတောင်သွားရည်ယိုမိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရာ အိမ်ကို လမ်းလျှောက်ပြန်ကြသည်။ အားလုံးမှန်နေကြပြီ။ တချို့က ကာလသားလေးတွေလို သီချင်းအော်ဆိုကြသည်။ ခါတိုင်းက ခုလို အချိန်ဆို တိတ်ဆိတ်ငြိမ်သက်နေတတ်သည်ဟု ဆိုသော ကော့ကရိတ်မြို့ကလေးမှာ ဒီညကျမှပင် သီချင်းသံ စကားပြောသံများဖြင့် ဆူညံစည်ကား၍နေတော့သည်ဟု မြို့ခံတစ်ယောက်က ပြောလေသည်။

နောက်တစ်နေ့ နံနက်စောစောမှာ ရန်ကုန်ပြန်ဖို့ ပြင်ကြသည်။ ကျွန်တော်တို့ ဟိုက်လက်ကားပေါ် တက်ကြတော့ မြို့ခံအဖွဲ့သူအဖွဲ့သားများသည် သူတို့ချင်း ကြိတ်ကြိတ်ဖြစ်နေကြ၏။ ပြီးတော့ ဆုံးဖြတ်လိုက်ကြဟန်ဖြင့် ကားပေါ်သို့ တပြုံလုံးလိုက်တက်လာသည်။

"ဂျိုင်းမြစ်ကမ်းအထိတော့ လိုက်ပို့ကြမယ်ဗျာ"

ဟု ပြောသည်။ ဂျိုင်းမြစ်ကမ်းရောက်သည်အထိ တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်ပါလာကြသည်။ ဘယ်သူမှ စကားမပြောဖြစ်ကြ။ မြို့ခံမိတ်ဆွေများသည် မျက်နှာမကောင်းကြဘဲ ငိုင်တွေတွေဖြစ်နေကြ၏။ သူတို့နှင့်ကျွန်တော်တို့မှာ အရင်က သိကျွမ်းခဲ့ဖူးသူများ မဟုတ်ကြ။ သို့တိုင်အောင် ရက်ပိုင်းလောက်တပူးတွဲတွဲနေလိုက်ရသောအခါ သူငယ်ချင်းတွေလို ခင်မင်သွားကြ၏။

ဂျိုင်းမြစ်ကမ်းရောက်လို့ ဟိုက်လပ်ကားကို ဇက်ပေါ်တင်ပြီးနောက် အပြန်အလှန် လက်ဆွဲနှုတ်ဆက်နေကြတာ တော်တော်နှင့် မပြီးနိုင်။ ဇက်ကလပ်ထွက်ပါတော့မယ်ဟု လှမ်းခေါ်မှ ကျွန်တော်တို့တက်ဖြစ်ကြသည်။ ဇက်ကလပ် ထွက်ခွာလာတော့လည်း ကမ်းပေါ်နှင့် ဇက်ပေါ်အပြန်အလှန်လက်ပြနေကြတာအကြာကြီး။ ခပ်ဝေးကြာသောအခါ ကမ်းပေါ်ကလူတွေတတွတ်တွတ် ခေါင်းချင်းဆိုင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရပြန်သည်။ ကျွန်တော်တို့လည်း သူတို့ကိစ္စနှင့်သူတို့မှတ်ပြီး ဆိုက်ရောက်မည့် ကမ်းဘက်ကိုသာ မျှော်ကြည့်နေမိကြ၏။

ကျွန်တော်တို့ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားနေရ၏။ ကိုယ့်ရပ်ကိုယ့်ရွာပြန်ရမှာကြောင့် ပျော်သော်လည်း ကော့ကရိတ်ကို နောက်ဆံငင်သလိုလို ဘာလိုလို။ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ဆရာလင်းယုန်မောင်မောင်ပင်လျှင် အတန်ငယ်နှုတ်ဆိတ်နေတာ သတိပြုမိ၏။

"ဟာ ... ဟိုမှာဗျ"

ဟု ကိုမြေဇာက လှမ်းအော်သဖြင့် ကြည့်လိုက်တော့ ကော့ကရိတ်မှ မိတ်ဆွေများသည် ပွဲထောင်လေးတစ်စင်းဖြင့် ဇက်နောက်ကို လိုက်လာကြတာတွေ့ရ၏။ မကြာခင်ဇက်ကလပ်ကို မှီလာသည်။ ဘောမှယှဉ်မောင်းရင်း ကလေးတွေကို အော်ဟစ်လက်ပြကြပြန်သည်။ မြစ်လယ်လောက်ရောက်မှ လက်တွေဇော့ရမ်းပြီး ပြန်ကွေ့သွားကြသည်။

ပျော်စရာလည်းကောင်း၊ လွမ်းစရာလည်းကောင်းသော စာပေခရီးလေးတစ်ခုပါပဲ။

(ခုချိန်ဆိုလျှင်တော့ အရင်ကလောက်လွမ်းစရာ ကောင်းမည်မထင်။ အကြောင်းမှာ ဂျိုင်းမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ဇက်ကူးစရာ မလိုတော့သောကြောင့်ပင်ဖြစ်၏။)

(တိုင်းရင်းသားမဂ္ဂဇင်း၊
စက်တင်ဘာ၊ ၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com



# ရွှေ့ကြောင်းပြန်

ရုပ်မြင်သံကြားမှ ခေတ်ဟောင်း ဇာတ်ကားတစ်ကားပြနေသည်။ ထိုင်ကြည့်နေသူများမှာ အရွယ်အမျိုးမျိုးဖြစ်၏။ မူလတန်းအရွယ်ကလေးငယ်မှ အသက် ခုနစ်ဆယ်ကျော် အဘွားအိုအထိ ပါဝင်သည်။

ဇာတ်ကားထဲက မင်းသားနှင့် မင်းသမီးသည် အဘွားအိုငယ်စဉ်က အသည်းစွဲခဲ့သူများ ဖြစ်၏။ အဘွားအိုသည် ဇာတ်ကားကိုကြည့်နေရင်းက ထိုမင်းသား၊ မင်းသမီးတို့၏ အခြားဇာတ်ကားများအကြောင်း၊ သူတို့ဘယ်လောက်ချောကြောင်း၊ လှကြောင်း၊ မိမိနှင့်အသက်ချင်း မတိမ်းမယိမ်း ဖြစ်ကြောင်း မြိန်ရည်ယှက်ရည် ပြောပြနေသည်။ အဘွားအို၏မျက်နှာသည် နှစ်ပေါင်းများစွာ ပြန်လည်နုပျိုသွားသလိုဖြစ်နေ၏။ ဇာတ်ကားထဲက ဇာတ်ဝင်သီချင်းကိုပင် ခပ်တိုးတိုးလိုက်ညည်းနေလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကားထဲက ခေတ်ဟောင်းက မော်တော်ကားလေး တစ်စီးပါသည်။ ပရိသတ်ထဲမှ ဖခင်ဖြစ်သူက "သမီးတို့ ဘိုးဘိုးမှာ အဲဒီလိုကားမျိုးလေးတစ်စီး ရှိတယ်။ အဖေတို့ငယ်ငယ်က အဲဒီကား လေးနဲ့ ကျောင်းတက်ခဲ့တာပေါ့"ဟု ပြော၏။ ပြီးတော့ တစ်ရက်တွင် သမီးရည်းစားချိန်းတွေ့ပြီး လျှောက်လည်ကြစဉ် လမ်းမှာ အိမ်က ကားနှင့် သွားတိုးမိပုံကို ပြောပြ၏။ ကလေးတွေ သဘောကျကြ သည်။ အမေလုပ်သူက ငယ်မူပြန်ရှက်ပြုံးကို ပြုံးသည်။

ထို့နောက် ငယ်ငယ်က မုန့်ဖိုး နှစ်ဆယ့်ငါးပြား ရသည့် အကြောင်းသို့ ရောက်သွား၏။ တစ်ထွာကျော်ကျော်လောက်ရှိသည့် ပြောင်းဖူးကြီးတစ်ဖူးကိုမှ ဆယ်ပြားသာ ပေးရကြောင်း ပြောသော အခါ ကလေးများက ရယ်ကြ၏။ "အံ့မယ် ငါတို့ ငယ်ငယ်ကလက် ဖက်ရည်တစ်ခွက်နှစ်ပြားပဲရှိတာ"ဟု အဘွားဖြစ်သူက ပြောသော အခါမှာတော့ ကလေးတွေ အံ့ဩကုန်ကြလေသည်။ ဒါကို ကြည့်ပြီး လူကြီးတွေက ကျေနပ်နေကြ၏။

* * * * * * *

"ဒီကို မြန်မြန်လာကြဟေ့" ဟု အဖွဲ့ခေါင်းဆောင်က လှမ်း အော်သည်။ အဖွဲ့သားတွေအားလုံး သူ့အနီးသို့ ဝိုင်းအုံရောက်ရှိ သွားသည်။ "ဒီမှာတွေ့လား" မြေကြီးထဲမှ တစ်စွန်းတစ်စ ထွက်ပေါ် နေသော ကျောက်ချပ်တလေးကို ညွှန်ပြသည်။ "ဖြစ်နိုင်တယ်" "ဟုတ်တယ်" အားတက်သရော ပြောလိုက်သော အသံများထွက် ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သူက ကျောက်ချပ်ငယ်ကို ဖုံးနေသောမြေကြီးများကို ဂရုတစိုက် ခြစ်ထုတ်သည်။ မြေမှုန့်များကို စုတ်တံဖြင့်ခပ်ဖွဖွခါထုတ်သည်။ သူသည် ကျောက်ပြားငယ်ကို ထိခိုက်မှုမရှိစေရန် ခွဲစိတ်ဆရာဝန်တစ်ဦးကဲ့သို့ သတိကြီးစွာထား၍ ဆောင်ရွက်နေသည်။

နောက်ဆုံးတွင် ကျောက်ချပ်ငယ်ကလေးမှာ ပြည့်စုံစွာ ရုပ်လုံးပေါ်လာသည်။ လက်တစ်ဝါးခန့် ရှိသောကျောက်ပြားလေးပေါ်မှာပင် ဘုရားအလောင်းဖွားတော်မူခန်းပုံကို အသေးစိတ် ထွင်းထုထား၏။

"ဒါဟာ အင်မတန် ရှားပါး အဖိုးတန်တဲ့ အန္တိကကူကျောက်ပဲ" ဟု အဖွဲ့ခေါင်းဆောင်က ပြောသည်။ သူ့အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေ၏။ အဖွဲ့သားအားလုံးမှာ ထိုပေါက်ကြောင်းသတင်းကြားလိုက်ရသလို အံ့သြဝမ်းသာနေကြလေသည်။

✻ ✻ ✻ ✻ ✻ ✻ ✻

ပြတိုက်ကြီးများတွင် ရှေးဟောင်းပစ္စည်းများကို အမြတ်တနိုးသိမ်းဆည်းပြသထားသည်။ လေလံပွဲများတွင် ရှေးဟောင်းပစ္စည်းများကို ဈေးကြီးပေး၍ ဝယ်ယူကြသည်။ ရှေးဟောင်းပစ္စည်းသာ ရမည်ဆိုလျှင် လူသတ်ဖို့ ဝန်မလေးသူတွေတောင် ရှိ၏။

ထို့အတူ ရှေးဟောင်းအဆောက်အအုံများကို မပျက်စီးအောင် ငွေကုန်ကြေးကျခံ၍ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ကြသည်။ ခေတ်ဟောင်းပုံစံ မော်တော်ကားကိုမှ ဂုဏ်ယူပြီးစီးတတ်သူတွေရှိ၏။ ပစ္စည်းဝယ်တာတောင် လက်ဟောင်းမှ လိုချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အဲဒီဖန်ခွက်ကို ရှိရှိသေသေကိုင်နော်၊ မကွဲစေနဲ့၊ မင်းထက် အသက်ကြီးတယ်"ဆိုသော စကားမျိုးအိမ်တိုင်းမှာ ကြားရတတ်သည်။ အနုပညာ နယ်ပယ်မှာလည်း ဒီအတိုင်းပဲဖြစ်၏။ "ခုခေတ် မင်းသားတွေ ဘယ်လောက် တော်တယ်ပြောပြော ခင်မောင်ရင် ကိုတော့ မမီသေးပါဘူး"ဆိုသော စကားမျိုး "မေရှင်ဆိုတာက ပိုကောင်းတယ်" ဟူသော မှတ်ချက်။ "ရွှေမန်းတင်မောင်လိုလို ပုဂ္ဂိုလ်မျိုး နောက်ထပ်ပေါ်ဖို့ မလွယ်ဘူး"။ "ခုချိန်မှာ ပန်းချီဆရာကြီး ဦးဘဉာဏ်ရှိစေချင်တယ်ဗျာ"

ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ သည်လည်း–

"အဖေကြီး ဦးသာစုကိုမီအောင် ကြိုးစားဖို့ လိုသေးတယ်နော်"ဟု မကြာခဏ အပြောခံကြရ၏။ ကျွန်တော် ကိုယ်တိုင်ပင်လျှင် ယခု ကျွန်တော်ထက်၊ ငယ်ငယ်က ကျွန်တော်ကို ပို၍ အထင်ကြီးမိ၏။

* * * * * * *

လူတို့သည် ခေတ်ဟောင်းကို အဘယ်ကြောင့် တမ်းတကြသနည်း။ အတိတ်ကိုမှ အဘယ်ကြောင့် ပို၍ခင်တွယ်ကြရသနည်း။ အဖြေရှာကြည့်သောအခါ စဉ်းစားစရာတွေ တွေ့ရ၏။ စိတ်ဝင်စားဖို့လည်း ကောင်းသည်။

လူအများစုအနေဖြင့် ရှေးဟောင်း နှောင်းဖြစ်များနှင့် ပတ်သက်၍ အပြောအများဆုံးနှင့် မြိန်ရည်ယှက်ရည် အရှိဆုံးမှာ ကုန်ဈေးနှုန်းအကြောင်းပင် ဖြစ်၏။

ကုန်ဈေးနှုန်းဆိုသည်မှာ လူတွေအသက်ကြီးလာလေ တက်

www.burmeseclassic.com

www.burmeseclassic.com



တက်လာလေဆိုသည့်သဘောရှိ၏။ ထိုသဘောတရားမှာ မည်သည့်စီးပွားရေးပညာရှင်ကမှ ထုတ်ထားသော သီအိုရီမဟုတ်။ သူ့အလိုလို ဖြစ်နေသည့်နိယာမတစ်ခုဖြစ်၏။ တစ်နှစ်၊ နှစ်နှစ်လောက်ဆိုလျှင် မသိသာလှသော်လည်း ဆယ်စုနှစ်တစ်ခုလောက် ကြာသွားသောအခါ အံ့သြစရာကောင်းလောက်အောင် ဈေးနှုန်းတွေပြောင်းလဲသွားကြောင်းတွေ့ကြရသည်။ ဒီတော့မှ "ဟင် ဟုတ်မှဟုတ်ပါ့မလား"ဟု ရေရွတ်မိကြ၏။

လူတိုင်း လူတိုင်းသည် ကိုယ်ငယ်ငယ်က ကုန်ဈေးနှုန်းကို ကျေနပ်ကြသည်ချည်း ဖြစ်၏။

အဘိုး အဘွားအရွယ်တွေက "ငါတို့ငယ်ငယ်က ပိုက်ဆံတစ်ပြားနဲ့ မုန့်ဝအောင်စားလို့ရတယ်"ဟု ပြောကြသည်။

အဖေ အမေ အရွယ်ကတော့ "ငါတို့ကျောင်းသားဘဝက ဆိချက်ခေါက်ဆွဲတစ်ပွဲမှ ငါးမူးရယ်"ဟု ဝင်ပြောမည်။

ထိုအခါ သားသမီးတွေကလည်း အားကျမခံဘဲ–

"သားတို့၊ သမီးတို့သူငယ်တန်းတုန်းက မုန့်ဖိုးတစ်ကျပ်ပဲရတာ၊ အချဉ်ထုပ်ကလဲ တစ်မတ်ပဲ ပေးရတာကိုး"

အထက်ပါ ကုန်ဈေးနှုန်းများသည် ကိုယ့်အစွမ်းအစကြောင့်သက်သာနေခြင်း မဟုတ်သည့်တိုင် သူတို့အားလုံးမှာ ဂုဏ်ယူသည့်လေသံများ ပေါက်နေကြလေသည်။

* * * * * * *

အတိတ်နှင့် အနာဂတ်ကို ပစ္စုပ္ပန်က ဆက်သွယ်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူတို့သည် ပစ္စုပ္ပန်မှာနေရင်း ငြီးငွေ့လာသည့်အခါ အတိတ်နှင့် အနာဂတ်တို့ဆီသို့ တစ်လှည့်စီ သွားရောက်လည်ပတ်လေ့ရှိကြ၏။ ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ခြင်း၊ ရှေးအလားအလာများ၊ ရည်မှန်းချက်များကို ပြောခြင်း သို့မဟုတ် တစ်ယောက်တည်းစိတ်ကူးယဉ်ခြင်းဖြင့် ပစ္စုပ္ပန်မှခဏခွင့်ယူတတ်ကြ၏။

ထိုအခါမျိုးတွင် အတိတ်အကြောင်းပြောရတာ၊ စဉ်းစားရတာကို ပို၍အရသာတွေ့တတ်ကြလေသည်။ အကြောင်းမှာ–

အနာဂတ်ကို မျှော်ကြည့်လိုက်လျှင် အားတက်စရာ၊ ဝမ်းမြောက်စရာတွေကို မြင်နိုင်သလို စိုးရိမ်ပူပန်စရာ၊ စိတ်ပျက်အားငယ်စရာတွေကိုလည်း တွေ့နိုင်သည်။ အနာဂတ်အတွက် ကြိုတင်စိတ်ကူးထားသော မျှော်လင့်ချက်များသည် တကယ်ဖြစ်လာလိမ့်မည်ဟု ဘယ်သူမှ အာမ မခံနိုင်။ တစ်နည်းအားဖြင့် အနာဂတ်သည် ရေရာမှုမရှိ။ အနာဂတ်ကို ကိုယ်ကမပိုင်။

အတိတ်ကကျတော့ သေချာမှု ရှိ၏။ အတိတ်က ဖြစ်ရပ်များမှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်းသာဖြစ်၏။ လူတစ်ယောက်၏ အတိတ်သည် ထိုသူ၏ တစ်ဦးတည်းပိုင်ပစ္စည်းကို ဘယ်သူမှ နှောင့်ယှက်လို့မရ။ ပြောင်းလဲလို့မရ။

အတိတ်နှင့် ပတ်သက်လျှင် ငယ်ငယ်က အကြောင်းတွေကို ပြန်စဉ်စားရတာ အရသာ အရှိဆုံး ဖြစ်၏။ လွတ်လပ်ခြင်း၊ တက်ကြွခြင်း၊ နုနယ်ပျိုမျစ်ခြင်း တို့ကို ပြန်လည်အမှတ်ရစေသည်။

အနာဂတ်ဆိုတာကတော့ အိုမင်းရင့်ရော်ခြင်း၏ အထိမ်းအမှတ်သာ ဖြစ်၏။ ထို့ကြောင့် လူတို့သည် အသက်ကြီးလာလေ၊

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို မှန်းတီးလာလေ၊ နုပျိုခြင်း၏ ပြယုဂ်ဖြစ်သော အတိတ်ကို ပို၍တမ်းတလေ ဖြစ်ရ၏။

အတိတ်နှင့် အနာဂတ် မည်သည့်အရာက ပို၍ရှည်လျားကြောင်း ဘယ်သူမှ မသိနိုင်။ တကယ်တော့ အနာဂတ်ဆိုသည်မှာ သူ့ထံသို့ ဦးတည်ချဉ်းကပ်သွားနေပါလျက် တစ်စတစ်စ ဝေးကွာနေသောအရာဖြစ်ပြီး၊ အတိတ်ဆိုသည်ကား သူ့ထံမှ တရွေ့ရွေ့ ခွဲခွာထွက်ခဲ့သော်လည်း လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်မှာ ကပ်လျက်သား ပါလာတတ်သောအရာပင် ဖြစ်လေ၏။

ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၈

www.burmeseclassic.com

www.burmeseclassic.com



## ဘာ ၁ မှ မ ဟု တ် ပါ ဘူး

နေ့စဉ် ကြုံတွေ့ရလေ့ရှိသော သာမန်အသေးအဖွဲ့အကြောင်းအရာကလေးများသာ ဖြစ်ပါသည်။ သို့ရာတွင် တွေးစရာကလေးများ ပါရှိနေသဖြင့် ရေးသားတင်ပြလိုက်ပါသည်။

### အခန်း(၁)

ရုပ်မြင်သံကြားမှ ဘောလုံးပွဲ အစီအစဉ်များကြားတွင် လာတတ်သော စီးကရက်ကြော်ငြာတစ်ခုထဲတွင် လမ်းပေါ်က ရေအိုင်ကို မော် တော်ကားဖြတ်မောင်းသောအခါ ဘေးမှလျှောက်သွားသော မိန်းကလေးတစ်ယောက်ကို ရေတွေစင်သွားသည်။ ရုပ်မြင်သံကြားထဲမှာတော့ အဓောာ်လှပသည့် မြင်ကွင်းကလေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်အမြင်မှာတော့ ရေတွေဖွာကနဲ လွင့်စင်သွားပုံက လှပသော်လည်း မြင်ကွင်းက မလှပါ။ ကားမှတ်တိုင်မှ စောင့်နေသူတွေ ရေကိုရှောင်ရင်း ရုတ်ရုတ်သဲသဲ ဖရိုဖရဲဖြစ်သွားတာ၊ လမ်းဘေးမှ လျှောက်လာသော ကျောင်းဆရာမ တစ်ယောက်၏အင်္ကျီအဖြူမှာ ရွှံ့ရေစက်တွေ စင်ကုန်တာ၊ ကျောင်းသူလေး တစ်ယောက် ရေစင်မှာစိုးလို့ ရှောင်တိမ်းရင်း ချော်လဲတာ စသည့်မြင်ကွင်းများသည် တွေ့ဖန်များလို့ ရိုးတောင်နေပြီ။

တစ်ခါက ကျွန်တော်မြင်လိုက်ရသော မြင်ကွင်းကတော့ ပုံမှန်ထဲကတစ်ခုဖြစ်သည့်တိုင် ဝမ်းနည်းစရာကောင်းသည်ဟု ထင်မိ၏။

ဆလွန်းကားအသစ်ကလေးတစ်စင်းသည် တလှစ်လှစ်မောင်းလာသည်။ ရှေ့က ကားတစ်စင်းကို ဟွန်းသံတတီတီပေးပြီး လမ်းတောင်းသည်။ ရှေ့ကားက ဖယ်မပေး။ ထိုအခါ ဆလွန်းကားလေးက လမ်း၏ညာစွန်ယာဉ်ကြောမှ မရရအောင်ကျော်တက်သည်။ မိုးရွာပြီးစဖြစ်သဖြင့် ပလက်ဖောင်းနှင့် ကပ်လျက် လမ်းပေါ်တွင် ရေတွေအိုင်ထွန်းနေသည်။ အရှိန်ပြင်းစွာ ဖြတ်မောင်းသဖြင့် ရေများ သည် မော်တော်ဦးပိုင်းမှ ဖြာထွက်သလို လှပစွာ လွင့်စင်သည်။

ကားမောင်းသူမှာ ချောမောလှပသော အမျိုးသမီးတစ်ဦးဖြစ်၏။ သူသည် ယောကျ်ားနဲ့ စိတ်ဆိုးလာသလား။ ချစ်သူနှင့်ချိန်းထားတာ နောက်ကျနေလို့ အလျင်လိုနေတာလား မသိ။ ကားကို နည်းနည်းမှ အရှိန်မလျှော့ဘဲ ဆက်မောင်းသွားသည်။ နောက်မှာ ဘာဖြစ်ကျန်ခဲ့တယ်ဆိုတာကိုလည်း အမှတ်ထားဟန်မတူ။

ဖြစ်ပုံကတော့ ရေအိုင်ကို အတင်းဖြတ်မောင်းသဖြင့် ဖွားကနဲထွက်လာသော ရွှံ့ရေများသည် ပလက်ဖောင်းပေါ်မှ လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော့ သီလရှင်တစ်ပါးကို ရှဲရှဲစိုသွားစေခြင်းပင် ဖြစ်သည်။

စောစောက ဆလွန်းကားအသစ်ကလေးသည် သိန်းရာနှင့်ချီပြီး တန်လိမ့်မည်ဟု ခန့်မှန်းမိ၏။

## အခန်း(၂)

ညက စာရေးနေတုန်း ရုတ်တရက် မီးပျက်သွားသဖြင့် အရေးပေါ် မီးအိမ်ရှာရန် အိမ်ရှေ့သို့ထွက်လာခဲ့သည်။ မှောင်ကြီးမည်းကြီးမို့ ကုလားထိုင်တစ်လုံးကို မမြင်ဘဲ ဝင်တိုက်မိ၏။ ဒူးခေါင်းနည်းနည်းနာသွားသော်လည်း သိပ်မဖြစ်လောက်ဘူးဆိုပြီး အမှတ်တမဲ့ နေလိုက်သည်။

မနက်ကျတော့ ဒူးက နည်းနည်းယောင်လာ၏။ အရှုတ်နေရာကို ခုံစောင်းနှင့်ထိမိပြီး ဒဏ်ဖြစ်သွားဟန်တူသည်။ ခြေထောက်ကို ကွေးလိုက်လျှင် တင်းပြီးနာနေသည်။ ညနေဘက် ပုံမှန်လမ်းလျှောက်ချိန်ရောက်လာတော့ ဒီနေ့နားလိုက်လျှင်ကောင်းမလား။ ခြေထောက်လမ်းမလျှောက်နိုင်လောက်အောင် နာနေတာတော့မဟုတ်။ ဖြေးဖြေးထိန်းလျှောက်လို့ရသည်။ ပြီးတော့ လိမ်းဆေးတစ်ခုခုလည်း ဝယ်ချင်သည်။ ထို့ကြောင့် လမ်းလျှောက်ထွက်လာခဲ့သည်။

လမ်းမှာပင် ကားတစ်စင်းပျက်နေတာတွေ့သည်။ စက်နှိုးလို့မရခြင်းဖြစ်၏။ စတတ်တာ မော်တာမွှေ့သံကို ခပ်လှမ်းလှမ်းကပင် ကြားရသည်။ အသံဝပ်နေသဖြင့် မော်တာပဲ ကပ်နေသလား၊ ဘက်ထရီပဲ အားနည်းနေသလား။ ဒါမျိုးဖြစ်လျှင် စက်နှိုးဖို့ တစ်နည်းပဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ၊ ဒီမှာ"

ကားနားက အဖြတ်တွင် ကားမောင်းသူက လှမ်းခေါ်သည်။ ကျွန်တော်ရပ်လိုက်၏။

"ကားနည်းနည်းလောက် တွန်းပေးပါလားဗျာ၊ ဘီးလိမ့်ရုံဆိုရင် နိုးနိုင်ပါတယ်"

ဒါဟော့ မဖြစ်နိုင်။ ကျွန်တော့်ဒူးခေါင်းက ဖြေးဖြေးလျှောက်ရုံလောက်သာရမည်။ ကားတွန်းတယ်ဆိုတာက အားစိုက်ပြီး ခြေကန်တွန်းရမှာဆိုတော့

"ဆောရီးပဲဗျာ၊ ကျွန်တော်ခြေထောက်နာနေလို့ပါ"

ကားမောင်းသူ၏ မျက်နှာထားမှာ ရုတ်တရက်ပြောင်းလဲသွားသည်။ စောစောကလို အောက်ကျို့ အကူအညီတောင်းတာမျိုး မဟုတ်တော့။ ကျွန်တော့်ခြေထောက်များကို မသင်္ကာသလိုကြည့်သည်။ ခြေထောက်နာနေတယ်ဆိုပြီး လမ်းလျှောက်နိုင်သလားဆိုသော အမူအရာမျိုး။ ကျွန်တော့်အနေဖြင့် အမှန်တကယ်ခြေထောက်နာနေခြင်းဖြစ်ကြောင်း ယောင်နေသောဒူးခေါင်းကို သက်သေခံအဖြစ်လှန်ပြစရာမလိုသဖြင့် သူ့ကိုအားနာပြုံးပြုံးပြပြီး ဆက်လျှောက်လာခဲ့၏။

နောက်ဘက်မှ တောက်ခေါက်သံလိုလို ကြားရသည်။ သူသည် ကျွန်တော့်ကို လူမှုရေးမသိတတ်သူ တဖက်သားကို ကူညီရိုင်းပင်းလိုစိတ် ခေါင်းပါးသူဟု ထင်သွားမှာ သေချာသည်။

ထိုစဉ်မှာ ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခုဝင်လာသည်။ ထိုသူသည် နေ့စဉ်နှင့်အမျှ မော်တော်ကားနှင့် သွားလာနေခဲ့ပေမည်။ လမ်းတလျှောက်တွင် တုန်ချိတုန်ချိလျှောက်သွားနေသော သက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွယ်အိုများ၊ ဘတ်စ်ကားမှတ်တိုင်တွင် နွမ်းလျစွာရပ်ရင်း ကားစောင့်နေသော ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကျောင်းချိန်မမီမှာစိုး၍ ဘတ်စ်ကားလာရာဘက်ကို လည်တဆန့်ဆန့် မျှော်နေသော ကလေးငယ်များကိုမြင်မိမှာ သေချာသည်။ ထိုသူများကို လူမှုရေး အသိစိတ်ဓါတ်ဖြင့် သူ့ကားပေါ်ခေါ်တင်သွားတာမျိုး တစ်ခါမှရှိခဲ့ဖူးမည် မထင်ပါ။ ထိုသူများကလည်း သူ့ကို အပြစ်တင်ရှုံ့ချသော မျက်လုံးများဖြင့် တစ်ခါမျှကြည့်ခဲ့ဖူးလိမ့်မည်မဟုတ်ပါ။

အခန်း(၃)

တစ်ယောက်ယောက်က လမ်းမသိလို့၊ အိမ်မသိလို့ မေးသဖြင့် ညွှန်လိုက်ရတာမျိုး တစ်ခါမဟုတ်တစ်ခါ ကြုံဖူးကြလိမ့်မည်။ မြန်မာလူမျိုးဆိုတာကလည်း ဒီလိုကူညီရတာမျိုးကို သိပ်ဝါသနာပါတတ်သည်။ တချို့ဆို လမ်းညွှန်ရုံသာမဟုတ် လာ ကျွန်တော်လိုက်ပြမယ်ဆိုပြီး အိမ်တိုင်ယာရောက် လိုက်ပို့သည်။ ဒါတွင်မက ဘယ်သူရေဧည့်သည်လာတယ်ဟေ့ဟု လူကိုပါ ခေါ်ပေးတတ်သည်။ ဒါကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်တွေက မြန်မာပြည်ရောက်လျှင် မြေပုံမပါရင်တောင် လမ်းမှာ မပူရဘူးဟု ချီးကျူးလေ့ရှိကြခြင်းဖြစ်၏။

ကျွန်တော်သည်လည်း မြန်မာပီပီ ဒါမျိုးကို ဝမ်းမြောက်ဝမ်းသာ ကူညီတတ်သူဖြစ်ပါသည်။ လမ်းညွှန်ရာတွင်လည်း ဟိုမှာယာဆိုင်ဘေးကအိမ်ပဲ၊ အိမ်ရှေ့မှာ ဘာပင်ရှိတယ်ဆိုတာမျိုးအသေးစိတ် တိတိကျကျ ပြောတတ်ပါသည်။

သို့ရာတွင် တစ်ခါတစ်ခါတော့ ကသိကအောက်ဖြစ်ရတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကြုံရတတ်သည်။ အထူးသဖြင့် ကားနှင့်လာသူများဖြစ်၏။ သူတို့က လမ်းမသိလို့ မေးတဲ့အခါ ကားပေါ်က မဆင်းဘဲ မေးတတ်ကြတာ များသည် ကိုယ့်ဘေးမှာ ကားလာရပ်ပြီး မေးတာမျိုး၊ လှမ်းအော် ပြောလို့ ကြားနိုင်တဲ့ အကွာအဝေးမျိုးဆိုလျှင် ကိစ္စမရှိ၊ တခါတလေ ကျတော့ ကိုယ်ကလက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်းလမ်းပေါ်ကနေ ကားရပ်ပြီး လှမ်းမေးသည်။ တချို့ပုဂ္ဂိုလ်တွေကတော့ ကားပေါ်က ဆင်းရလျှင် သိက္ခာကျတယ် ထင်သလား မသိ။ လှမ်းပြီးလက်ယပ် ခေါ်တတ်သည်။ ကူညီလမ်းညွှန်ပေးရမယ့် လူကပဲ သူ့ဆီမျက်နှာလို မျက်နှာရ ပြေးသွားရမည့်အပေါက်မျိုး။

ထိုအခါမျိုးတွင် ကျွန်တော်ကလည်း "ခင်ဗျားဆင်းလာခဲ့ပါ လား" ဆိုသောသဘောဖြင့် ပြန်ပြီးလက်ယပ်ခေါ်လိုက်သည်။ အများစု ကတော့ သူတို့အမှတ်တမဲ့ဖြစ်သွားတာကို သတိရပြီး အားတုံ့အား နာမျက်နှာဖြင့် ဆင်းလာတတ်သည်။ တစ်ယောက်တလေကတော့ ခပ်စိမ်းစိမ်းကြည့်ပြီး မောင်းထွက်သွားတတ်ကြ၏။

တစ်ညနေမှာတော့ ကျွန်တော်လမ်းလျှောက်ထွက်စဉ်ဘေးမှာ ကားတစ်စီးထိုးရပ်လာသည်။ ဒရိုင်ဘာက လမ်းနာမည်တစ်ခုကိုမေး သည်။ ကျွန်တော်တို့ဘက်မှာ ဒီလမ်းနာမည်မျိုးမရှိ။ တခါတရံ ရပ် ကွက်နာမည်ချင်း ခပ်ဆင်ဆင်ဖြစ်နေသဖြင့် မှားပြီးလာမေးတတ်တာ မျိုးရှိ၏။ ရပ်ကွက်နာမည်သေချာအောင် မေးမည်အပြုမှာပင် နောက် ခုံမှာထိုင်လာသော မိန်းမကြီးတစ်ယောက်၏ ဖွေးဖွေးဖြူသောမျက် နှာသည် ကားပြူတင်းမှာ ကိုယ်ထင်ပြလာပြီး

"ဆရာကြီးအိမ်လေ၊ ဆရာကြီးအိမ်"

သူ့မျက်နှာအမူအရာမှာ ခုလို ပြောလိုက်ရတာကို တော်

www.burmeseclassic.com

www.burmeseclassic.com



တော် အရသာတွေ့နေပုံရ၏။ ထို့ကြောင့် ကျွန်တော်လည်း

"အော် ... ဆရာကြီးအိမ်လား၊ ဒီကနေ တည့်တည့်သွားပြီး ညာဘက်ချိုးလိုက်၊ ဓမ္မာရုံတွေ့လိမ့်မယ်။ အဲဒီနားကျတော့ နိဗ္ဗာန်ဆော်ကြီး အဘနန်းအိမ် ဘယ်အိမ်လဲလို့မေးကြည့်၊ လူတိုင်းသိပါတယ်" ဟု ပြန်ပြောလိုက်သည်။ မိန်းမကြီး၏ မျက်နှာသည် တစ်မျိုးပြောင်းသွားပြီး

"အဲဒီဆရာကြီးမျိုးကိုပြောတာ မဟုတ်ဘူး"

ဟု ခပ်ဆတ်ဆတ်ပြောသည်။ ထို့နောက်

"မောင်းတော့၊ မောင်းတော့"

ဟု အမိန့်ပေးလိုက်၏။ ကားဒရိုင်ဘာလည်း ကားကို ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားသည်။ ကားနောက်ခန်းထဲမှာတော့ ရွှေရောင်ငွေရောင် ပန်းပွားတွေ ရစ်ပတ်ထားသော လက်ဆောင်ခြင်းကြီးတစ်လုံး၊ နာမည်ကြီးကုန်တိုက်တံဆိပ်ပါသော ဆွဲအိတ်တွေသုံးလေးလုံးနှင့် လှိုင်းတွန့်စက္ကူပုံးကြီးတစ်လုံးတို့ကို လှမ်းမြင်လိုက်ရ၏။

ကျွန်တော်ပြောလိုက်တာ ဘာများမှားလို့လဲ။ အဘနန်းဆိုတာ အသက်ကိုးဆယ့်ခြောက်နှစ်တောင်ရှိပြီ။ ဒီရပ်ကွက်ထဲမှာ သူ့ထက်ကြီးတဲ့ ဆရာကြီးရယ်လို့ ရှိမှမရှိတာပဲလေ။

ရွှေမြင်သာချောနယ်
၁/၁၃ ၊ ၁၆-၁-၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



# အိုး လော က

"ခုခေတ်ကြီးမှာ အိုးမပါရင် အလုပ်မဖြစ်တော့ဘူးဗျ"

ဟု သူက အရင်းမရှိ အဖျားမရှိပြောရင်း စားပွဲမှာဝင်ထိုင်သည်။ ကျွန်ုပ်တော်တောင် သူ့စကားကို ရုတ်တရက်နားမလည်ဘဲ ကြောင်သွားသေးသည်။ ပြီးမှသဘောပေါက်သည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နှင့်ပြီးသားဖြစ်သော ဆိုက်ကားဆရာနှင့် ဇင့်အရည်ကျိုလုပ်ငန်းလုပ်သူတို့ကတော့ သူဘာဆိုလိုမှန်း နားမလည်။ သူတို့အတွေးနှင့်သူတို့ ...

"ဒါတော့ ခင်ဗျားပြောမှလားဗျ၊ ဝမ်းချုပ်ရင် နေမကောင်းဖြစ်မှာပေါ့၊ ဒါကြောင့် ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားတောင်ပေါ်လာသေးတာပဲ"

ဟု ဆိုက်ကားဆရာက ပြော၏။ သူက ဇဟုသုတနည်းရန်

www.burmeseclassic.com

www.burmeseclassic.com



ကောသိုသော ပုံစံဖြင့်ကြည့်ရင်း စုတ်တစ်ချက်သပ်လိုက်စဉ် ... ဇင့်အရည်ကြိုသမားက

"မှန်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တော့ တစ်ပတ်တစ်ခါ ဝမ်းနုတ်တယ်"

"ဝမ်းနုတ်တာလဲ အရမ်းနုတ်လို့ မရဘူးဗျ၊ ရာသီဥတုက မှုလွန်းတယ်၊ ဝမ်းနုတ်ဆေးခပ်ပျော့ပျော့ကိုပဲ သုံးသင့်တယ်"

ဟိုနှစ်ယောက်က စိတ်ကူးတည့်ရာတွေ စွတ်ပြောနေသည်။ သူက ခေါင်းကိုရမ်းခါနေပြီးမှ ...

"ခင်ဗျားတို့ကလဲ စကားတော့ဆုံးအောင် နားမထောင်ဘူး။ ကျွန်တော်ပြောတဲ့ အီး ဆိုတာက အီလက်ထရွန်းနစ်ကို ပြောတာဗျ၊ တီဗီတို့၊ ဗီဒီယိုတို့၊ ကွန်ပျူတာတို့ဆိုတာ အီလက်ထရွန်းနစ်ပစ္စည်းတွေပေါ့၊ ဒီကနေ့လူနေမှုဘဝမှာ အီလက်ထရွန်းနစ်ပစ္စည်းနဲ့ ကင်းပြီးနေလို့မရတော့ဘူး။ ဒါကြောင့် အီးမပါရင် အလုပ်မဖြစ်တော့ဘူးလို့ ပြောတာ၊ ဟုတ်တယ် မဟုတ်လား၊ စာရေးဆရာ"

ဟု ကျွန်တော့်ဘက်လှည့်ပြီး အတည်ပြုချက်ရယူသည်။ ကျွန်တော်က ဟုတ်ပါတယ်ဟု ထောက်ခံလိုက်ရ၏။

သူသည် လက်ဖက်ရည်ဆိုင်မှာ လာလာသောက်နေကျ စကားပြောဖော်တစ်ဦးဖြစ်၏။ ဘာအလုပ်လုပ်သလဲတော့ သေသေချာချာမသိ။ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခု၊ ဒါမှမဟုတ် ကိုယ်စားလှယ်စားလုပ်ပုံရသည်။ စာဖတ်တာတော့ ဝါသနာပါသည်။ များသောအားဖြင့် မဂ္ဂဇင်းရျာနယ်တွေဖတ်လေ့ရှိ၏။ ထို့ကြောင့် ကျွန်နှစ်ယောက်ထက် ဗဟုသုတအရာမှာသာသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်က အပြန်အလှန်ပြောကြပြီး ကျွန်နှစ်ယောက်က

www.burmeseclassic.com



ပါးစပ် အပေါင်းသားနားထောင်နေကြသည်။

ခုချိန်မှာ ခေတ်စားနေသော အီလက်ထရွန်းနစ်စာပို့စနစ်ကို အီးမေးလ်ဟုခေါ်သည်။ စာတစ်စောင်ထည့်ဖို့အတွက် စာရေး၊ စာအိတ်ထဲထည့်ဖို့အတွက် စာရေး၊ စာအိတ်ထဲထည့်ပိတ်၊ တံဆိပ်ခေါင်းကပ်။ (တံဆိပ်ခေါင်းမှာအသင့်ပါသည့်ကော်က မကောင်းလျှင် ကော်ဘူးရှာ၊ ထမင်းလုံး၊ မုန့်ဟင်းခါးဖတ်ရှာ ကပ်) လိပ်စာရေး၊ စာတိုက်ပုံးထဲထည့်၊ စာသိမ်းတဲ့လူကသိမ်းပြီး စာတိုက်မှာ တံဆိပ်တုံးထု၊ သက်ဆိုင်ရာစာတိုက်ကိုပို့၊ စာပို့လုလင်က အိမ်ကိုသွားပို့စသည်ဖြင့် သမားရိုးကျနည်းမှာ အဆင့်တွေ များလွန်းသည်။

အီးမေးလ်ကျတော့ သိပ်မြန်၊ သိပ်လွယ်သည်။ ရေးချင်တဲ့စာကို ကွန်ပျူတာထဲထည့်ရိုက်ပြီး အင်တာနက်ကတစ်ဆင့် ပို့လိုက်ရုံပဲ၊ (ကိုယ့်ဆီမှာ နောက်ဆုံးပေါ်ကွန်ပျူတာတစ်လုံးရှိဖို့နဲ့ အင်တာနက်နဲ့ ချိတ်ဆက်ထားနိုင်ဖို့တော့ လိုတာပေါ့)

နောက်တစ်ခုက အီးကောမတ်စ်ဟုခေါ်သည့် အီလက်ထရွန်းနစ် စီးပွားရေး ကုန်သည်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ၊ လုပ်ငန်းရှင်တွေ စီးပွားရေးအကြောင်း ဆွေးနွေးနိုင်သည်။ ကုန်ပစ္စည်းနှင့် ပတ်သက်သော အချက်အလက်တွေ ဖလှယ်နိုင်သည်။ စုံစမ်းနိုင်သည်။ ဈေးစကားပြော ညှိနှိုင်းနိုင်သည်။ အရောင်းအဝယ်စာချုပ် ချုပ်နိုင်သည်။ ဒါတွေအားလုံး ကွန်ပျူတာရှေ့မှာ ထိုင်ပြီး လုပ်ရုံပဲ။

တချို့နိုင်ငံတွေမှာ အင်တာနက်မှဈေးဝယ်သည့်စနစ်ခေတ်စားနေသည်။ ကုန်ပစ္စည်းတစ်ခုအကြောင်းကို ကွန်ပျူတာကတစ်ဆင့် အသေးစိတ်စုံစမ်းနိုင်သည်။ ဝယ်ချင်လျှင်လည်း ကွန်ပျူတာကတစ်ဆင့် ဝယ်နိုင်သည်။ ကျသင့်ငွေကိုလည်း ကိုယ့်ဘဏ်စာရင်း သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ခရက်ဒစ်ကတ်ထဲက အလိုအလျောက်ခုနှိမ်လိုက်လိမ့်မည်။ မကြာခင်မှာပင် ထိုပစ္စည်းကို အိမ်တိုင်ယာရောက် လာပို့ပေးလိမ့်မည်။

အီးအက်ကျူကေးရှင်း ဆိုတာလည်း ရှိသေးသည်။ တက္ကသိုလ်ပညာအပါအဝင်ကျောင်းသင်ခန်းစာများကို အီလက်ထရွန်းနစ်နည်းပညာဖြင့် ပို့ချပေးခြင်းဖြစ်၏။ ဗဟိုသင်ကြားရေးဌာနကပို့ချသော သင်ခန်းစာများကို တစ်ပြည်လုံးရှိ သတ်မှတ်ထားသော စခန်းများမှ တိုက်ရိုက်ကြည့်ရှု သင်ယူနိုင်သည်။ မရှင်းတာ ရှိလျှင် လှမ်းမေးလို့ရသည်။ စာသင်ချိန်မှာ ကိုယ်ကမအားလျှင်လည်း ဗီဒီယိုခွေနှင့် ကူးယူထားပြီး အချိန်ရမှ ပြန်ဖွင့်လေ့လာလို့ရသည်။ ဆရာတစ်ယောက်တည်းက ကျောင်းသားပေါင်းများစွာ၊ စာသင်ခန်းပေါင်းများစွာကို တစ်ပြိုင်နက်ပို့ချနိုင်သည်။ ဝေးလံခေါင်ဖျားသော ဒေသများမှ ကျောင်းသားများအနေဖြင့် ကျောင်းကို သွားတက်စရာမလိုဘဲ အဆင့်မြင့် ပညာရပ်များ သင်ကြားခွင့်ရလာသည်။ အလွန်ထိရောက်သော သင်ကြားရေးစနစ်ဖြစ်၏။ နောက်ဆိုလျှင် ကိုယ့်အိမ်ကကွန်ပျူတာက တစ်ဆင့် ပညာသင်ချင် သင့်လို့ရသော အခွင့်အရေးရှိလာမည်။

*အီးဘွတ်က်ဆိုတာကတော့ စာအုပ်အရွယ်အစားခန့်ရှိသော ကိရိယာလေးဖြစ်၏။ သူ့ထဲမှာ စာမျက်နှာထောင်ပေါင်းများစွာကို သိုလှောင်ပေးထားသည်။ ကိုယ်ဖတ်ချင်တာကို ခလုတ်နှိပ်ရှာပြီး မှန်သားပြင်ပေါ်မှာဖတ်လိုက်ရုံပင်ဖြစ်၏။ ညဘက်ဖတ်ဖို့ မီးနည်းပါသည်။ မဖတ်ချင်ဘူး နားပဲထောင်ချင်တယ်ဆိုလည်း အီးဘွတ်က်က အသံထွက်ဖတ်ပြပေးလိမ့်မည်။*

ခုချိန်မှာ သတင်းစာတွေကို အင်တာနက်မှတစ်ဆင့် ဖတ်-

www.burmeseclassic.com

www.burmeseclassic.com



ရှုလို့ ရနေပြီဖြစ်၏။ မကြာခင်မှာ ဒီထက်တစ်ဆင့်တက်လာမည်။ သတင်းဌာနတစ်ခုသို့ နှစ်စဉ်ကြေးသွင်းထားလိုက်လျှင် တစ်ကမ္ဘာလုံးမှာ ဖြစ်ပျက်နေသမျှသတင်းအချက်အလက်များကို မိမိ၏ကွန်ပျူတာထဲသို့ အဆက်မပြတ်ပေးပို့ထည့်သွင်းပေးထားလိမ့်မည်။ ကိုယ်ဖတ်ချင်တဲ့အချိန်မှာ ခလုတ်နှိပ်ပြီး ဖတ်လိုက်ရုံပဲ။ ရောင်စုံသတင်းဓာတ်ပုံတွေပါကြည့်ရမည်။ သတင်းမှတ်တမ်း ဗီဒီယိုတွေပါ အချိန်နှင့်တစ်ပြေးညီပို့ပေးလိမ့်မည်။ ဒါကို အီးသတင်းစာဟု ခေါ်ကြလိမ့်မည်။

အနာဂတ်စစ်ပွဲများသည် ခုလိုသေနတ်တွေနဲ့ ဒုံးကျည်တွေနဲ့ ပစ်၊ လေယာဉ်တွေနဲ့ဗုံးကြဲ၊ ရေငုပ်သင်္ဘောတွေနဲ့ခိုးကြောင်ခိုးဝှက်တိုက်ခိုက်တာမျိုးမဟုတ်နိုင်တော့။ ရန်သူနိုင်ငံ၏ ဆက်သွယ်ရေး ကွန်ယက်တွေကို ဖြတ်တောက်ဖျက်ဆီးပစ်နိုင်သူက စစ်ပွဲကိုအောင်မြင်သူဖြစ်လာမည်။ ဒါမျိုးကို အီးစစ်ပွဲဟုသတ်မှတ်ကြလိမ့်မည်။

"အော် ... ဒါကြောင့်လဲ အီးမပါရင် အလုပ်မဖြစ်တော့ဘူးလို့ ပြောတာကိုး၊ အနာဂတ်ကမ္ဘာကြီးမှာ အီးတစ်လုံးဆောင်မှ အောင်မယ့်သဘောပေါ့"

ဟု ဖင့်အရည်ကျိုဆရာက မှတ်ချက်ပေးသည်။ ဆိုက်ကားဆရာကတော့ ...

"အေးဗျာ၊ နောင်တစ်ချိန်ကျရင် အီးဆိုက်ကားဆိုတာ ပေါ်လာ မလာ မသိဘူးဗျာ"

ဟု တမ်းတမ်းတတပြော၏။ ကျွန်တော်လည်း "ပေါ်ချင်ပေါ်လာမှာပေါ့ဗျာ" ဆိုပြီး အလိုက်အထိုက်ပြောရင်း နှစ်သိမ့်လိုက်သည်။ သူ့ကို ဗဟုသုတနည်းလှသည်ဟု လှောင်ပြုံးပြုံးလို့မဖြစ်။ တစ်ချိန်ချိန်မှာ သူပြောတဲ့အတိုင်းဖြစ်မလာဘူးဟု တစ်ထစ်ချ မဆိုနိုင်။ လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော နှစ်အနည်းငယ်အချိန်ထိ ဗီရိုတစ်လုံးစာနီးပါးလောက် နေရာယူခဲ့သော စွယ်စုံကျမ်းအတွဲအစုံလိုက်ကို ခုခါမှာ အချိုးပန်းကန်ပြားအရွယ်လောက်သာရှိသည့် စီဒီရွှမ်ခွေတ်ပြားလေးထဲမှာ ထည့်ထားနိုင်နေပြီ မဟုတ်လား။

*ဆိုက်ကားဆရာ၏ စကားနှင့်ဆက်စပ်ပြီး ကျွန်တော်လည်း စိတ်ကူးကြည့်မိသည်။ နောင်တစ်ချိန်စာပေနယ်မှာလည်း အီးတွေတွင်ကျယ်လာနိုင်သည်။ အီးဝတ္ထု၊ အီးကဗျာ၊ အီးဆောင်းပါး၊ အီးအက်ဆေး၊ အီးပန်းချီ၊ အီးကာတွန်းစသည်ဖြင့် ပေါ်ပေါက်လာနိုင်သည်။ စာပေပုံသဏ္ဌာန်တွေအနေနှင့်လည်း အီးသရုပ်ဖော်၊ အီးသရုပ်မှန်၊ အီးမော်ဒန်ဟူ၍ ကိုယ်သန်ရာလိုင်းကို လိုက်ကြမည်။ အီးဝေဖန်ရေးကလည်း လက်စောင်းထက်နေလိမ့်မည်။*

အီးမဂ္ဂဇင်း၊ အီးဂျာနယ်များကိုလည်း အီးဒီတာများက တည်းဖြတ်ထုတ်ဝေကြမည်။ မဂ္ဂဇင်း ဂျာနယ်တို့၏ အမည်များမှာလည်း အီးအမြုတေ၊ ရုပ်ရှင်အီးကဗျာ၊ အီးလင်းတန်း၊ အီးတွေးသစ်ဟူ၍ဖြစ်လာမည်။ ကလောင်နာမည်တွေကိုလည်း ချစ်အီးညို၊ ဆောင်းအီးလတ်၊ အီးကိုရဲ၊ တာရာအီးဝေစသည်ဖြင့် မှည့်ခေါ်ကြလိမ့်မည်။ ကျွန်တော့်နာမည်ကိုပင် အီးလူဟု ပြောင်းသင့်ပြောင်းရပေလိမ့်မည်။

အတွေးသစ်ဂျာနယ်
၁/၃၈ (၁-၅-၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com



# မှ န် တ တ် သော သ တ် ပုံ

ငယ်ငယ်က မြန်မာစာ ဆရာ၊ ဆရာမ ကောင်းများနှင့်သင်ခဲ့ရသောကြောင့်လည်းကောင်း ကိုယ်တိုင်ကလည်း ဝါသနာပါသဖြင့် မြန်မာစာပေဆိုင်ရာ ဆောင်းပါများ၊ စာအုပ်များကိုဖတ်ခဲ့သောကြောင့်လည်းကောင်း စာရေးရာမှာ သတ်ပုံနှင့်သဒ္ဒါကိုဂရုစိုက်လေ့ရှိ၏။ တတ်နိုင်သမျှ ဂရုစိုက်ခြင်းကိုသာ ဆိုလိုပါသည်။

သတ်ပုံဆိုတာ မှန်လေကောင်းလေ ဖြစ်သော်လည်း တစ်ခါတလေကျတော့ သတ်ပုံကြောင့် ခွကျကျဖြစ်ရတာလေးတွေ အခုတင်ပြမလို့ပါ။

*******

ကျောင်းနေကာစ၊ စာရေးတတ်ခါစအရွယ်တွင် သန်လျင်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



သွားလည်ကြသည်။ သန်လျင်ကို "တညင်"ဟု အသံထွက်ခေါ်ကြသည်။ မြို့ပေါ်ရှိဆိုင်းဘုတ်တွေမှာ "သန်လျင်"လို့ ရေးသားထားတာတွေ့တော့ နားမလည်နိုင်ဘဲ

"ဖာင် တညင်ဆိုပြီး ဘာဖြစ်လို့ သန်လျင်လို့ စာလုံးပေါင်းရတာလဲ" ဟု မေးလိုက်သည်။ အမေက

"သားတို့ကျောင်းမှာ ရေးတော့အမှန် ဖတ်တော့အသံဆိုတာ သင်ရတယ် မဟုတ်လား ပဂိုးကို ပဲခူးလို့ရေးရတယ်လေ၊ ဒီအတိုင်းပဲပေါ့၊ တညင်ကိုလဲ သန်လျင်လို့ စာလုံးပေါင်းရတယ်"

ကျွန်တော်လည်း မှတ်ထားလိုက်၏ နောက်တော့ကျောင်းမှာ သတ်ပုံဖြေရသောအခါ

"ကြက်ဖ သန်လျင်၊ တောကိုဝင်၊ မောင်ရင်လာ လေးနဲ့ပစ်"

ဟု ရေးလိုက်သည်။ ဆရာမက ခေါ်မေးတော့

"ရေးတော့အမှန်၊ ဖတ်တော့အသံလေ ဆရာမရဲ့၊ တညင်ကို သန်လျင်လို့ စာလုံးပေါင်းရတယ် မဟုတ်လား"

ဆရာမက ရယ်ပြီး ကြက်ဖတညင်ဆိုတာ သန်လျင်မြို့က ကြက်ဖကို ပြောခြင်းမဟုတ်ကြောင်း၊ တိန်ညင်ဟုခေါ်သော ကြက်တစ်မျိုးကို ပြောခြင်းဖြစ်ကြောင်း ထို့ကြောင့်ကြက်ဖတိန်ညင်ဟု ရေးရမည်ဖြစ်ကြောင်း ရှင်းပြရသည်။

* * * * * * *

ကျွန်တော်တို့ ဦးလေးတစ်ယောက်ကြုံခဲ့ရတာ ပြန်ပြောပြလို့ကြားဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ငယ်ငယ်က မြန်မာပညာရှိတွေကြားမှာ အကြီးအကျယ် သဘောထား ကွဲခဲ့ကြသည့် ကိစ္စတခုဖြစ်ခဲ့၏ "ဖ" နှင့် "ဘ" ဂိုဏ်း ဘယ်ဟာမှန်သလဲ ငြင်းခုန်ခဲ့ကြခြင်းဖြစ်၏။ ထိုကိစ္စမှာ တဖြည်းဖြည်း ကြီးထွားလာပြီး "ဖ"ဂိုဏ်းနှင့် "ဘ"ဂိုဏ်းက "ဖေဖေ၊ ဖိုးဖိုး၊ စားသောက်ဖွယ်၊ တောင်ဖက်မြောက်ဖက်" စသည်ဖြင့် စာလုံးပေါင်း ရမည်ဟုဆိုသည်။ "ဘ"ဂိုဏ်းကလည်း "ဘေဘေ၊ ဘိုးဘိုး၊ စားသောက်ဘွယ်၊ တောင်ဘက်မြောက်ဘက်" ဟု စာလုံးပေါင်းမှ မှန်သည်ဟု ငြင်းသည်။

ဒီပြဿနာကြားမှာ ဦးလေးက အချောင်ခံရသည်၊ ကျောင်းမှ ဆရာက "ဖ"ဂိုဏ်းသား၊ အိမ်မှအဖေက"ဘ"ဂိုဏ်းဝင်၊ ဆရာသင်တဲ့ အတိုင်း "ဖ" နဲ့ ရေးလာပြီး အိမ်ရောက်တော့ အဖေက "ဘ" ပြင် ခိုင်းသည်။ ထိုအခါ ဆရာက သူသင်တဲ့အတိုင်း ရေးမလာရကောင်း လာဆိုပြီးရိုက်သည်၊ အိမ်ရောက်ပြန်တော့လည်း အဖေက သူ့ကို ဗီဆန်ရမလားဆိုပြီး နားရင်းအုပ်သည်။

ကြာ တော့ သူသည်းမခံနိုင်တော့၊ ထို့ကြောင့်တစ်ရက်မှာ သူ့ အဖေကို ခုလိုပြောလိုက်၏။

"ဘေဘေ၊ လမ်းထိပ်ကဆိုင်မှာ ဘွားဘွားအတွက် ဘယောင်း တိုင်နဲ့ ဘိုးဘိုးအတွက် ဘရုံယိုသွားဝယ်လိုက်အုံးမယ်"

ဟု "ဘ" သံတွေနဲ့ချည်း ပြောလိုက်ရာ သူ့အဖေက

"ခွေးမသား၊ ဒါ ငါ့ကို သတ်သတ်ငေါ့တာပဲ"

ဆိုပြီး ခြေထောက်နှင့် ဆောင့်ကန်လိုက်သဖြင့် လှေကားမှ ဒလိမ့်ခေါက်ကွေး ကျသွားရသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားသောအခါ လမ်းမှာ သတ်ပုံအမှားတွေကို တွေ့ရတတ်သည်။

အမှိုက်မပြစ်ရ

ဆံရောင်းသည်

ဘက္ကရီပြင်သည်

ထွမ်းဆိုင် ... စသည်ဖြင့်

မြန်မာစာရေးထုံးမှာ ပါဠိနှင့်ပါဠိသတ် ဝေါဟာရများမှအပ နှစ်လုံးဆင့်မရေးရပါ။ သို့တိုင်အောင် စာလုံးပေါင်းမှားသောကြောင့် ဆန်ဆိုင်မရောင်းရဘူး၊ ဘက်ထရီဆိုင်အလုပ်ပါးတယ်၊ ထမင်းဆိုင်လူအဝင်နည်းတယ် ဆိုတာမျိုးတော့ တစ်ခါမျှ မကြားဖူးသေးပါ။

ရှေ့မှာ လမ်းပြင်နေသည်

ဖြေးဖြေးမောင်း

ဆိုသော ဆိုင်းဘုတ်ကိုမြင်လျှင်ကားသမားတိုင်းသဘောပေါက်ပါသည်။ သတ်ပုံအမှန်အတိုင်းဆိုလျှင် "ဖြည်းဖြည်းမောင်း" ဟုရေးရပါမည်။ သို့ရာတွင် ကားဆရာတွေက သတ်ပုံစာအုပ်ဆောင်ထားလေ့ မရှိသဖြင့် ဒီကိစ္စ ပြဿနာမဟုတ်တော့ပါ။

(အင်္ဂလိပ်ဆိုသော စကားလုံးသည်လည်း တိုက်ရိုက်အသံဖလှယ်ထားခြင်းသာဖြစ်၏။ ပါဠိနှင့်ပတ်သက်မှုမရှိသဖြင့် "အင်းဂလိပ်" ဟူ၍သာ ရေးသင့်သည်။ သို့ရာတွင် အင်္ဂလိပ်ဟူ၍သာ နှစ်ပေါင်းများစွာ ရေးခဲ့ကြတာ အကျင့်ပါနေသောကြောင့် အတည်သို့ဖြစ်နေပါပြီ။ ထို့အတူ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီး ရွှေဒုံးဘီအောင်၊ ဆရာကြီး ဇဂျီအောင်စိုး စသော အမည်များသည်လည်း ထင်ရှားကျော်ကြားခဲ့ပြီး လူအများ အသိအမှတ်ပြုပြီးသား စာလုံး

www.burmeseclassic.com



ပေါင်းများဖြစ်သောကြောင့် သတ်ပုံပြင်ဖို့မလိုတော့ပါ။)

* * * * * * *

ပျားမွေးမြူရေးဌာနမှ ထုတ်လုပ်သော "ဂျင်းပျားရည်" သည် အစာကြေ၊ ရင်ချောင်စေခြင်း၊ အအေးမိနှာစေး ချောင်းဆိုးပျောက်စေခြင်း၊ ခွန်အားတိုးပွားစေခြင်း တို့ကြောင့် သုံးဖူးသူတိုင်း အကြိုက်တွေ့ကြသည်။ သတ်ပုံကတော့ မှားနေ၏။ အမှန်အတိုင်းဆိုလျှင် "ချင်းပျားရည်ဟု စာလုံးပေါင်းရမည်။ သို့ရာတွင် "ချင်းပျားရည်" ဆိုလျှင် ချင်းပြည်နယ်ကလာသော ပျားရည်ဟု ထင်ကုန်ကြပါလိမ့်မည်။ ချင်းတောင်က ပျားရည်မို့ အစွမ်းထက်မှာပဲဆိုပြီး ပိုတောင် ရောင်းကောင်းချင် ကောင်းနေမလားမသိ။

ကျွန်တော်တို့ "ဇီးသီး"ဟု အသံထွက်ခေါ်ကြသော အသီး၏ သတ်ပုံအမှန်မှာ "ဆီးသီး"ဖြစ်၏၊ အညာဒေသရှိ အချို့အရပ်တွေမှာ ဆီးသီးဟု သတ်ပုံအတိုင်း အသံထွက်နေကြဆဲ ဖြစ်သော်လည်း လူအများစုက "ဇီးသီး"ဟု သတ်ပုံအတိုင်း အသံထွက်နေကြဆဲဖြစ်သော်လည်း လူအများစုက "ဇီးသီး" ဟူ၍သာ ခေါ်နေကြသည်။

"ဆီး" ဆိုသည်မှာ ကျင်ငယ်ရည်ဟုလည်း အဓိပ္ပာယ်ရသဖြင့် စားစရာနှင့်အညစ်အကြေးစာလုံးပေါင်းတူနေတာသိပ်တော့ဟန်မကျလှ။ "ဆီးဖျော်ရည်" သောက်မလား "ဆီးဖြူသီးလေးလို ငုံထားချင်တယ်" စသော စကားလုံးများကို ဝတ္ထုထဲထည့်ရေးရတာ နည်းနည်းတော့ ခွကျသည်။

ဖိုခနောက်ကို သတ်ပုံအမှန်အတိုင်းဆိုလျှင် ဖိုးခလောက်ဟုရေး

www.burmeseclassic.com

www.burmeseclassic.com



ရပါမည်၊ ခုချိန်မှာ ဖိုခုံလောက်ဟုရေးလျှင် သိသူ အတော်နည်းပါလိမ့်မည်။ ဒီအတိုင်းဆို တောင်တော် ရွှေပုပ္ပါး သီးချင်ကို စာနှင့်ရေးပြလျှင် "သုံးလုံးတောင်ထွတ် ယှဉ်ပြိုင်၊... ဝရယ်၊ ဖိုခုံလောက်ဆိုင်တည်နေပါတယ်" ဟု ရေးရပါလိမ့်မည်။ နောက်ပေါက်အဆိုတော်လေးတွေ ပြန်ဆိုလျှင် ဘယ်လို အသံထွက်ကြမလဲမသိ။

✻ ✻ ✻ ✻ ✻ ✻ ✻

ဟိုတစ်ချိန်က စာရေးဆရာတွေ စာရေးကြရာမှာ ကိုယ်သန်ရာ စားလုံးပေါင်းအတိုင်းရေးကြသည်။ ပုံနှိပ်တိုက်တွေကလည်း မိမိတို့နှစ်သက်ရာ သတ်ပုံကျမ်း တစ်စောင်စောင်ကို လက်ကိုင်ထားကြသည်။ စာပြင်ဆရာကလည်း သူအလုပ်လုပ်ရာ ပုံနှိပ်တိုက်၏ မူအတိုင်းပြင်သည်။ ဩဇာရှိသော စာရေးဆရာဆိုလျှင် သူရေးတဲ့အတိုင်း သတ်ပုံမပြင်ဘဲ ရိုက်နှိပ်ပေးရတာမျိုးလည်း ရှိ၏။ စာအုပ်တိုက်ကြီးများကတော့ အားကိုးလောက်သော သတ်ပုံကျမ်းကြီးများကို ကိုးကားပြီး တိုက်ပိုင်မူအဖြစ် သတ်မှတ်ထားကြသည်။ စာတတ်ပေတတ် ပုဂ္ဂိုလ်များကို စာပြင်ဆရာအဖြစ် ခန့်ထားပြီး စာအကျပေါက်၊ သတ်ပုံသတ်ညွှန်း စသည်တို့ကို အလွန်ဂရုစိုက်သည်။ မတော်တဆ အမှားအယွင်း ရှိခဲ့လျှင်လည်း စာအုပ်နောက်ပိုင်းမှာ အမှားပြင်ဆင်ချက် ထည့်ပေးသည်၊ ဒီလိုစံနစ်တကျ ဆောင်ရွက်သော တိုက်ကြီးများ ရှိသလို။

တချို့စာအုပ်တိုက်၊ ပုံနှိပ်တိုက်တွေကတော့ စာပြင်ဆရာ သီးခြားမရှိ၊ ကြုံတဲ့လူက ကြုံသလိုဝင်ဖတ်ပြီးပြင်သည်၊ သတ်ပုံစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း သိပ်အခက်အခဲရှိမှ လှန်ကြည့်တတ်သည်၊ များသော အားဖြင့်တော့ လက်တန်းဖတ်ပြီး ပြင်လိုက်ကြတာပါပဲ၊ ထို့ကြောင့် စာအုပ်တစ်အုပ်တည်းမှာပင် သတ်ပုံအမျိုးမျိုးဖြစ်နေတာ တွေ့ရ၏။ (သတ်ပုံ ကျမ်းတစ်အုပ်လုံးကို အလွတ်လောက်မှတ်မိနေသော ဓါရင့် စာပြင် ဆရာကြီးများ ရှိခဲ့ဖူးတာကိုတော့ အသိအမှတ်ပြုရပါမည်။)

တာပဲဖြစ်ဖြစ်စာအုပ်တိုက် တစ်တိုက် မူတစ်မျိုးဖြစ်နေတာ၊ သတ်ပုံကျမ်းတွေကလည်း အမျိုးမျိုးရှိနေတာကြောင့် စံတခု သတ်မှတ်ဖို့လိုလာတာတော့ အမှန်ပဲဖြစ်၏။ နောက်တော့ မြန်မာစာ အဖွဲ့ကပြုစုသော သတ်ပုံစာအုပ်ဖြစ်လာသည်။ စာအုပ်စာတမ်း ရိုက်နှိပ် ထုတ်ဝေသူများ အနေဖြင့် ထိုသတ်ပုံစာအုပ်ပါ အတိုင်း တညီ တညွတ်တည်း အသုံးပြုကြရသည်။

တစ်နိုင်ငံလုံးမှာ သတ်ပုံသတ်ညွန်း မူတစ်မျိုးတည်း ဖြစ်လာ သောကြောင့် မြန်မာစာရေးထုံး စနစ်ကျလာသည်၊ သတ်ပုံကိုဏ်းကွဲ တွေလည်း မရှိတော့ အငြင်းပွားစရာလည်း မလိုတော့၊ ပုံနှိပ်တိုက်တွေ ကလည်း သတ်ပုံကို ပိုဂရုစိုက်လာသည်။

တခုပဲရှိ၏။ သတ်ပုံကို အတိအကျ လိုက်နာရသောအခါ ရသ စာပေရေးရာမှာ တစ်ခါတစ်ခါ အဆင်မပြေတာမျိုး ဖြစ်တတ်သည်၊ အထူးသဖြင့် စကားပြောခန်းတွေမှာ ဖြစ်၏။ ကဗျာမှာပိုဆိုးသည်။ ကဗျာဆိုတာက စကားလုံးတစ်လုံးဆိုတစ်လုံး အလွန်ထိရောက်တာ သွားသည်။ တစ်ခါတလေ အသံထွက်တဲ့အတိုင်းရေးမှ ဖတ်ရတာ အရသာရှိသည်။

ရှေးဟောင်း ကဗျာတစ်ပုဒ်တွင် မိန်းကလေးက သူ့ချစ်သူကို လွမ်းလို့ ပန်းသပြေ ညောင်ရေသွန်းပြီး ဆုတောင်းပုံကို လှလှပပ

www.burmeseclassic.com

www.burmeseclassic.com



ရေးထားပြီး အဆုံးသတ်မှာ –

သောက်တော်ရေအိုး

ဂျမ်းထိုးကောင်နှယ်

အပျိုဖြူမယ်နမှာ

ကြုံရတယ်ရှင်

ဟု ရေးထားသည်။ ဂျမ်းထိုးကောင်ဆိုသည်မှာ ပိုးလောက်လန်းကို ဆိုလိုခြင်းဖြစ်၏။ သတ်ပုံအမှန်အတိုင်းဆိုလျှင် "ကျွမ်းထိုးကောင်" ဟုရေးရမည်။ ဂျမ်းထိုးကောင်ဆိုတာလောက် ရင်ထဲတိုက်ရိုက် မထိတာတွေ့ရတယ်။

ကျွန်တော်ဝတ္ထုတစ်ပုဒ်ထဲတွင် ကောင်မလေးက သူ့အမေကိုပြောတဲ့စကား"ပြန်မကြိုက်လို့ မဖြစ်ဘူးအမေရဲ့၊ သူ့လက်ထဲမှာထပိုးကြီးတရမ်းရမ်းနဲ့"ဆိုတာကိုသတ်ပုံအမှန်အရ "ထမ်းပိုးကြီးတရမ်းရမ်းနဲ့" ဟု ရေးရသောအခါ တစ်မျိုးကြီးဖြစ်နေသည်။

ကျွန်တော်၏ အစောပိုင်းဝတ္ထုတစ်ပုဒ်တွင် ကောင် မလေးကမျက်နှာလေးလှသော်လည်း ခြေထောက်ကိုဂရုစိုက်ပြီး ဆေးကြောခြင်း မရှိသဖြင့် ခြေသည်းမှာ "ဂျီး"တွေ ကပ်နေသည်ဟု ရေးလိုက်သည်။ "ဂျီး"ကို ထိုစဉ်က သတ်ပုံအရ "ချေး" ဟု ရေးရသည်၊ ထို့ကြောင့် "ခြေသည်းမှာ ချေးတွေ ကပ်နေသည်" ဟူ၍ဖြစ်သွား၏။ ထိုအခါ ကျွန်တော်ဆိုလိုသည့် အဓိပ္ပါယ်မရောက်တော့ဘဲ ကောင်မလေးက ချေးပုံ (ချီးပုံ) ပဲ တက်နင်းမိလာသလိုလို ထင်စရာဖြစ်နေ၏။

ခုနောက်ပိုင်းသတ်ပုံအရတော့ "ဂျီး" ကို "ကြေး" ဟု စာလုံးပေါင်းရသည်၊ ဒီလိုကျပြန်တော့လည်း –

"ဒီကောင်မလေး တော်တော်ဂျီးများတယ်" ဟုဆိုချင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး တော်တော်ကြေးများတယ်" ဟု ရေးရပါလိမ့်မည်။ ကောင်မလေးခမျာ ဟိုဟာလိုလို ဒီဟာလိုလို အထင်ခံရစရာ အကြောင်း ရှိလေသည်။

* * * * * * *

ရသစာပေ ရေးသူတွေဘက်က သတ်ပုံနှင့် ပတ်သက်၍ စောဒက တက်စရာတစ်ခုရှိ၏။ အထောက်အထား အကိုးအကားပြစရာ အချက်ကတော့ "ပိုအက်တစ်လိုင်စင်"ပင်ဖြစ်လေ၏။ ထိုလိုင်စင်မှာ ကုန်သွယ်လမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန (ကညန) မှ ထုတ်ပေးထားခြင်း မဟုတ်ပါ။ ဘယ်သူကမှ တရားဝင် ချပေးထားသော လိုင်စင်လည်း မဟုတ်ပါ၊ အနုပညာဆိုင်ရာ နားလည်မှုတစ်ခုသာ ဖြစ်၏။

တိုက်ရိုက်အဓိပ္ပါယ်က ကဗျာနှင့်ဆိုင်သော လုပ်ပိုင်ခွင့်ဖြစ်၏။ ကဗျာလင်္ကာတွေမှာ ရသမြောက်ရေးကို ဦးစားပေးရသဖြင့် သတ်ပုံတွေ သဒ္ဒါစည်းကမ်းတွေကို ချိုးဖေါက်နိုင်သည်ဆိုသော အထူးအခွင့်အရေးဖြစ်၏။ အစပိုင်းတွင် ကဗျာနှင့်သာဆိုင်သော်လည်း နောက်ပိုင်းကျတော့ တခြားရသစာပေအမျိုးအစားတွေကပါ ထိုအခွင့်အရေးကို ရပိုင်ခွင့်ရှိသည်ဟု ယူဆလာကြသည်၊

တစ်ခုရှိတာက "ပိုအက်တစ်လိုင်စင်"ဆိုသည်မှာ တကယ်လိုအပ်မှ သုံးရခြင်းဖြစ်၏။ နေရာတကာ သဘောရှိ သုံးပြန်လျှင်လည်း လိုင်စင်ဆိုသော စကားလုံး၏ အနက်ပွားဖြစ်သော "လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း" ဖြစ်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လို ရသစာပေရေးသူများတခါတခါ ကြုံရသော ပြဿနာမှာ ခံစားမှုဘက်ကို အလေးကဲမိသောအခါ မြန်မာစာရေးထုံးကို ချိုးဖျက်သလိုဖြစ်သွားပြီး သတ်ပုံတို့ သဒ္ဒါစည်းကမ်းတို့ကို အတိအကျလိုက်နာပြန်တော့ ရသဘက်မှာ အားနည်းပေါ့ပျက်သွားရခြင်းပင်ဖြစ်၏။

✻ ✻ ✻ ✻ ✻ ✻ ✻

မြန်မာစာ ရေးထုံးနှင့်ပတ်သက်ပြီး ဆရာကြုပ်ကလေးရေးခဲ့ဖူးသည့် စာတစ်ပုဒ်ထဲမှ အကြောင်းကလေးကို သွားသတိရမိ၏။ တချို့က စာရေးရာမှာ အတိုကောက်သိပ်ကြိုက်သည်။ "သည်" ကို "သ်" ဟုရေးသည်၊ "လည်းကောင်း" ကို "၎င်း" ဟုရေးသည်။ ထို့အတူ "ရရစ်" ဆိုသည်မှာ "ရ" ကိုရစ်ထားခြင်းဖြစ်သည်ဆိုပြီး "ဆရာ" ကို "ဆြာ" ဟု ရေးသည်။ ဒါဆိုလျှင် တရားသူကြီးကိုလည်း "တြားသူကြီး" ဟု ရေးရလိမ့်မည်။

ထို့အတူ ဆရာက ဝါကျတစ်ခုကို နမူနာပြပြီး သရော်ထားသည်။

"ဆရာကြုပ်ကလေး၏ အိမ်သို့သွားလည်ရာ ဆရာ ခရီးထွက်နေသဖြင့် မတွေ့ခဲ့ရပါ။"

အထက်ပါဝါကျကို အတိုကောက်ရေးထုံးနှင့်ပြန်ရေးလျှင်

"ဆြာကြုပ်ကလေး၏ အိမ်သို့သွားလည်ရာ ဆြာခြီးထွက်နေသဖြင့် မတွေ့ခဲ့ရပါ။"

ဟူ၍ ဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(သောကြာစာစောင် အယ်ဒီတာချုပ်ဆရာကြီး အိကြာကွေးသည့်လည်း စာပေတောပြောပွဲ ရှုပါစေတားဖြစ်သောကြောင့် စာဆိုတော်ရာသီရောက်လျှင် မကြာခဏ ခရီးထွက်တတ်ကြောင်းကို ဒီစာရေးရင်းသတိရမိပါသေးသည်။)

(သောကြာစာစောင် ၊
၂၀၀၁-ဩဂုတ်)

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသွားစာပေ

ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက် ဖတ်လေ့ရှိသော စာပေအမျိုးအစားထဲတွင် ခရီးသွားစာပေလည်းပါ၏။ စတင်စွဲလန်းခဲ့ရတာကတော့ ငါးတန်းကျောင်းသားဘဝမှာပင်ဖြစ်၏။ ကျွန်တော် တိုက်ဖွိုက်ရောဂါဖြစ်ပြီး အိပ်ရာထဲမှာ တစ်လလောက် လဲနေသည်။ ကစားလည်း မကစားရ။ အပြင်လည်း ထွက်လို့မရသဖြင့် ပျင်းရိငြီးငွေ့နေသည်။ ကျွန်တော်၏ အဖော်ကတော့ စာအုပ်များပင် ဖြစ်၏။

အိမ်မှာရှိသည့် စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်သည်။ ဆရာသိပ္ပံမောင်ဝ၏ စာတွေကို စွဲသွားသည်။ ဆရာ့စာတွေထဲမှာ သူ ရောက်ခဲ့သည့်အရပ်ဒေသအကြောင်းတွေ ရေးလေ့ရှိ၏။ အညာမြေလတ်ဒေသ၊ မြစ်ဝကျွန်းပေါ်၊ ချင်းတောင် စသည့်အကြောင်းအရာများ၊ အောက်စဖို့တက္ကသိုလ်သွားမှတ်တမ်း၊ ဒါတွေအားလုံး ခရီးသွား စာပေများပင်ဖြစ်၏။

www.burmeseclassic.com



ကျွန်တော်သည် အိပ်ရာထဲက မထဘဲ စာအုပ်တွေဖတ်ရင်း ကိုယ်ကိုယ်တိုင် ခရီးသွားနေသလို ခံစားရ၏။ ပျင်းရိငြီးငွေ့ပြီး တစ်ယောက်တည်းဖြစ်နေသူအဖို့ ခရီးသွားစာပေသည် အကောင်းဆုံး အဖော်ပင်ဖြစ်တော့သည်။

ထိုအခါမှစ၍ ခရီးသွားစာပေကို ကျွန်တော်အစွဲကြီး စွဲသွားခဲ့လေသည်။

ဒီနောက်မှာတော့ ခရီးသွား အတွေ့အကြုံများနှင့် ပတ်သက်သော စာအုပ်တွေကို ရှာဖွေပြီး မက်မက်မောမော ဖတ်ဖြစ်တော့သည်။ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်ရေးသည့် "ခရီးသည်" ဆိုသော စာအုပ်ကလေးကို အလွန်နှစ်သက်မိ၏။ စာအုပ်ထဲတွင် ဆရာကြီးများ၏ ပြည်တွင်းပြည်ပ သွားရောက်ခဲ့သည့်ခရီးများအကြောင်း ရေးထားသည်။

ဆရာကြီးတို့၏ အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်ခရီးအကြောင်းရေးထားတာ ဖတ်လို့ပင်မဝနိုင်။ ဟိုအချိန် ၁၉၃၆ ခုနှစ်ခန့်က ရန်ကုန်မှ လန်ဒန်သို့သွားရာမှာ ခုခေတ်လို လေယာဉ်နှင့်မဟုတ်။ ပင်လယ်ကူးသင်္ဘောဖြင့် သွားရခြင်းဖြစ်၏။ လနှင့်ချီပြီး ကြာအောင် သွားရသည်။ လမ်းမှာ နိုင်ငံပေါင်းများစွာ၊ မြို့ပေါင်းများစွာ၊ ဆိပ်ကမ်းပေါင်းများစွာမှာကပ်ခဲ့သည်။ ဒေသအမျိုးမျိုး၊ လူမျိုးအဖုံဖုံ၏ ဓလေ့စရိုက်ကိုသိရသည်။

ထို့နောက် ဆရာသိန်းဖေမြင့်၏ ခရီးသွားစာအုပ်တွေဖတ်ဖြစ်သည်။ စစ်အတွင်းခရီးသည်၊ အရှေ့မြောက်တိုင်းတခွင်၊ မြစ်ဖျားရောရောင်စုံဖြာ၊ အတ္တုတ္တဝါခရီးသည်နှင့် ပုလဲဒေဝီ။

ဆရာသည် ခရီးအလွန်သွားသူဖြစ်၏။ သွားသမျှကိုလည်း ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရေးလေ့ရှိ၏။ စာရေးချင်လို့ကို တမင်တကာ လျှောက်သွားခြင်းလည်း ဖြစ်နိုင်၏။

ဆရာက စာရေးအလွန်ကောင်းသူဖြစ်၏။ ဘာအကြောင်းရေးရေး စိတ်ဝင်စားစရာဖြစ်အောင်၊ ဖတ်ကောင်းအောင်ရေးနိုင်သူဖြစ်၏။ အလွန်ပျင်းစရာကောင်းနိုင်သည့် ဘာသာရပ်ဆိုင်ရာအကြောင်း တစ်ခုကိုပင် ဝတ္ထုတစ်ပုဒ်လို ဇာတ်လမ်းဆင်၍ ရေးသွားရာ လက်က မချနိုင်အောင် ဖြစ်ရ၏။ အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီစာအုပ်တွင် အဏ္ဏဝါသိပ္ပံအကြောင်းကို မောင်သန့်စင်၊ ပုလဲဒေဝီတို့အကြောင်း ရေသူမအကြောင်းများနှင့် ရောမွှေကာရေးခဲ့သည်။ ဝတ္ထုထဲက ဇာတ်ကောင်မောင်သန့်စင်၏ မှတ်ဆိတ်မွေးမှာ ပြောစမှတ်ဖြစ်ခဲ့ရသေးသည်။

ထို့အတူ ခရီးသွားစာပေတွေရေးခဲ့ကြသော စာရေးဆရာ၊ ဆရာမကြီးများ၏ စာများကိုလည်း စွဲစွဲလန်းလန်း ဖတ်ခဲ့ရသည်။

ဆရာမြသန်းတင့်၏ ငွေသောင်ယံပွန်ဒါယည်ကျေးမှု၊ မေရီပိုပေးနှင့် အီကွေတာညများ၊ ဆရာနတ်နွယ်၏ သီတာခုနစ်တန်တောင်စဉ်ခုနစ်ထပ်၊ ဆရာမင်းကျော်၏ လျှပ်တပြက်ဂျပန်၊ ဆရာမောင်နေဝင်း၏ ရန်ကုန်ဘန်ကောက်မှ ရွှေတြိဂံသို့၊ ဆရာကျော်အောင်၏ ဟောင်ကောင်နွေဦးညများ၊ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ကမ္ဘာလှည့်ဆောင်းပါးပေါင်းချုပ်၊ ဆရာယိမ်းနွဲ့ပါး၏ ခါကာဘို ခရီးသည်၊ ဆရာမ ကြည်ဦး၏ ဗုဒ္ဓဂယာနှင့် အလောင်းတော်ကဿပခရီး အကြောင်းဆောင်းပါးများ။

ခရီးသွားစာပေကို တရုတ်တို့က စတင်ရေးသားခဲ့သည်ဟု ယူဆရသည်။ တရုတ်တို့သည် ကမ္ဘာပေါ်မှာ စက္ကူကို ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသူများလည်း ဖြစ်ကြ၏။ သူတို့သည် မှတ်တမ်းရေးခြင်းကိုလည်း ဝါသနာပါကြသူများဖြစ်ကြ၏။

တရုတ်ရဟန်းတော်တစ်ပါး၏ မဇ္ဈိမဒေသခရီးအကြောင်းရေးထားသည့် ဖာဟီယန်ခရီးစဉ်စာအုပ်မှာ ထင်ရှားသည်။

အနောက်နိုင်ငံသားတွေကတော့ နယ်သစ်ပယ်သစ်ရှာဖို့ ခရီးထွက်ကြသည်။ သူတို့သည် မှတ်တမ်းမှတ်ရာပြုလုပ်ရာတွင် အလွန်ထက်သန်ကြသူများဖြစ်၏။ သွားသမျှခရီးတိုင်းကို တိတိကျကျ မှတ်တမ်းတင်တတ်ကြသည်။ ထို့ကြောင့် အနောက်တိုင်းစာပေတွင် ခရီးသွားစာပေအများအပြားတွေ့ရသည်။

မာကိုပိုလို၏ ခရီးစဉ်မှာ အလွန်ကျော်ကြားလှသည်။ သူ့ကြောင့်ပင် အရှေ့တိုင်းနိုင်ငံများအကြောင်းကို ဥရောပသားတို့ ပြည့်ပြည့်စုံစုံသိကြရခြင်းဖြစ်၏။ ဗတ်စ်ကိုဒဂါးမားတို့၊ ကိုလံဘတ်စ်တို့သည်လည်း ခရီးသွားမှတ်တမ်းများ ရေးခဲ့ကြသည်။ ထိုမှတ်တမ်းများ၏ ကျေးဇူးကြောင့် နယ်သစ်ပယ်သစ်များအကြောင်း သိရပြီး နောင်တချိန်နယ်ချဲ့ရာတွင် ထိရောက်အောင်မြင်ခဲ့ကြခြင်းဖြစ်၏။

ကျွန်တော်တို့ မြန်မာများသည် ရှေးရှေးအခါက ခရီးသွားခြင်းအလေ့အထ နည်းပါးကြသည်။ မသွားမဖြစ်သည့် ကိစ္စမျိုး၊ ကုန်ရောင်းကုန်ဝယ်ကိစ္စမျိုး၊ စစ်ချီတက်ခြင်းမျိုးကလွဲလျှင် ကိုယ့်ရပ်ကိုယ့်ရွာကို ခွာလေ့မရှိ။

တကယ်တော့ မြန်မာတို့အဖို့ အရပ်တစ်ပါးသို့ စွန့်စွန့်စားစားသွားနေစရာလည်းမလို၊ နယ်သစ်ပယ်သစ်ရှာစရာလည်း အကြောင်းမရှိ။ ပိုင်ဆိုင်သောနယ်က အကျယ်ကြီး၊ လူဦးရေက နည်းနည်းလေး ပြီးတော့ စားနပ်ရိက္ခာ၊ သယံဇာတတွေက အလျှံပယ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တို့တုန်းက မြန်မာများသည် မှတ်တမ်းမှတ်ရာများ ရေးသားသိမ်းဆည်းထားတတ်သည့် အလေ့အထ နည်းပါးကြ၏။ ပုဂံခေတ်တုန်းကတော့ ကျောက်စာရေးထိုးသည့်အလေ့ရှိသဖြင့် ကြာရှည် ခံသေးသည်။ ပေစာခေတ်ကျတော့ ထိန်းသိမ်းမှု အားနည်းသဖြင့် ပျောက်ပျက်ကုန်တာ များသည်။

နန်းတော်တွင်းမှာသာ မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိသည်။ ထို့ကြောင့် ခရီးသွားစာပေမျိုး ရှေးခေတ်မှာအတွေ့ရအလွန်နည်းသည်။ ရှင်ဘုရင်များ တိုင်းခန်းလှည့်လည်ခြင်း၊ စစ်ချီတက်ခြင်းနှင့်ဆိုင်သော မှတ်တမ်းမျိုးတွေ့ရသော်လည်း ခရီးသွားစာပေပုံစံမျိုး မဟုတ်။

ကဗျာလင်္ကာပုံစံနှင့် ရေးကြတာမျိုးတော့ ရှိ၏။ ထိုအထဲတွင် ဆရာတော် ရှင်ဥတ္တမကျော်၏ တောလားများမှာ ခရီးသွားစာပေ၏ အစဟု ဆိုကောင်းဆိုနိုင်သည်။ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားသည်လည်း ခရီးသွားစာပေ၏ အစအဦး စာရင်းဝင်နိုင်ပါသည်။

ခရီးသွားစာပေစစ်စစ်ပုံစံကို စကားပြေဖြင့် ပီပီပြင်ပြင်ရေးခဲ့သူမှာ ကင်းဝန်မင်းကြီး ဦးကောင်းပင်ဖြစ်၏။ ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်တမ်းနှင့် လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း တို့ဖြစ်သည်။

ခရီးသွားစာပေသည် ဇာတကယ်အရေးကောင်းလျှင် ဝတ္ထုတစ်ပုဒ်ဖတ်ရသလိုပင် အရသာရှိလှသည်။ ရေးသူက သရုပ်ဖော်ကောင်းလျှင် ကောင်းသလောက် မျက်စိထဲမှာ ရှုခင်းရှုကွက်များ မြင်ယောင်လာသည်။ ထိုအရပ်ကို ကိုယ်တိုင်ရောက်ရှိနေရသလို ခံစားစေသည်။ ရေမြေတောတောင်များသာမက ဒေသခံလူတို့၏ ဝတ်စား

www.burmeseclassic.com



ဆင်ယင်နေထိုင်စားသောက်ပုံ ဓလေ့များနှင့် သူတို့၏ ဘဝများအကြောင်းကိုပါ ခြယ်မှုန်းပြနိုင်လျှင် အဖိုးတန်သော ခရီးသွားစာပေ ဖြစ်လာလေသည်။

တချို့လူတွေ နောင်ရေးအတွက် စိတ်အေးရအောင် စီးပွားရှာဖွေစုဆောင်းကြသလို ကျွန်တော်သည်လည်း နောင်ရေးအတွက် ခရီးသွားစာပေနှင့် ပတ်သက်သောစာအုပ်စာတမ်းများကို လက်လှမ်းမီသမျှစုဆောင်းဖို့ ကြိုးစားနေပါသည်။ ကျွန်တော်အသက်ကြီးလာပြီး အိုမင်းမစွမ်းဖြစ်သည့်အခါ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သည့်အခါ အိမ်ထဲမှာပင် စာအုပ်တွေကိုဖတ်ပြီး စိတ်ကူးနှင့် ခရီးသွားရင်း အေးချမ်းစွာ နေနိုင်မည်ဟု မျှော်လင့်ထားပါသည်။

တိုင်းရင်သားမဂ္ဂဇင်း
(နိုဝင်ဘာ၊ ၁၉၉၉)

www.burmeseclassic.com

www.burmeseclassic.com



## မ ပြော ပါ ရ စေ နဲ့ .

ကျွန်တော်၏ နှောင်းပိုင်း စာပေဟောပြောပွဲများမှာ ပေးခဲ့သည့် ဟောပြောမည့်ခေါင်းစဉ်ဖြစ်၏။ ဟောပြောရာမှာလည်း ကျွန်တော်သည် စာပေဟောပြောပွဲများ မပြောချင် မဟောချင်ကြောင်း၊ ဘာ့ကြောင့် မပြောချင်ရတာလဲ ဆိုတာကိုလည်း ရှင်းပြမည်ဖြစ်ကြောင်း အစချီပြီး ကျွန်တော် ဟောတာပြောတာ နားထောင်ကောင်းလိမ့်မည်ဟု အာမမခံနိုင်ကြောင်း၊ ရယ်ရလိမ့်မည်ဟုလည်း တထစ်ချ မယူဆစေလိုကြောင်း၊ ထို့ကြောင့် ကျွန်တော်ဟောပြောစဉ်မှာ အပေါ့အပါးသွားချင်လျှင်ဖြစ်စေ၊ လက်ဖက်ရည်ဆိုင် သွားထိုင်ချင်လျှင်ဖြစ်စေ၊ အိမ်မှာကိစ္စလေးတစ်ခု ပြန်လုပ်စရာရှိလျှင်ဖြစ်စေ၊ ကျွန်တော့်ကို အားမနာဘဲ လွတ်လွတ်လပ်လပ် သွားနိုင်ကြကြောင်း၊ ကျွန်တော့်အလှည့်ပြီးလို့ နောက်ဆရာတွေအလှည့်ကျမှ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း စိတ်ဆိုးမှာမဟုတ်ကြောင်း နိဒါန်းပျိုးရပါသည်။

ထို့နောက် ဟောပြောပွဲတွေဘာ့ကြောင့် မပြောချင်ရသလဲဆို တာကို တစ်ချက်ချင်းရှင်းပြသည်။

* * * * * * *

စင်ပေါ်တက်ပြီးဟောပြောမည့်ပုဂ္ဂိုလ်သည် ဥပဓိရုပ်ကောင်းရ ပါမည်။ ဒီနေရာမှာ ရုပ်ရည်ချောမောပြေပြစ်ခြင်း၊ ခန့်ငြားထည်ဝါခြင်း ကိုမဆိုလို။ ပရိသတ်ကို ဆွဲဆောင်နိုင်သော ထူးခြားသည့် ရုပ်ရည်မျိုး ကို ပြောခြင်းဖြစ်၏။

တချို့ရှိသည်။ ကြည့်လိုက်လျှင် သူလိုကိုယ်လို မထင်ရှားဘဲ၊ စင်ပေါ်တက်ပြီး မီးရောင်အောက် ရောက်သောအခါမှ ရုပ်ထွက်လာ သူမျိုး။

ကျွန်တော့အင်္ဂါရုပ်မှာ ပိန်ပိန်သေးသေး ညိုညိုညစ်ညစ်ဖြစ်၏။ အထင်ကြီးလောက်စရာမရှိ။ စင်ပေါ်တက်လို့ မီးရောင်အောက် ရောက်သောအခါ ရုပ်ထွက်မလာတဲ့အပြင် ပိုတောင်ကျုံ့ဝင်သွားသ လားထင်ရ၏။ ကျွန်တော်၏ ရုပ်လက္ခဏာနှင့်ပတ်သက်၍ ဆရာ မောင်နေဝင်းက "ငါးကျည်းခြောက် နှုတ်ခမ်းစူနေပုံနဲ့တူတယ်"ဟု မှတ်ချက်ချဖူးသည်။ ဆရာသော်တာဆွေကတော့ "ခွေးပစ်တဲ့တုတ်" ဟု ခေါ်လေ့ရှိ၏။

ဒီလောက်ဆိုလျှင် ကျွန်တော်သည် ပထမအချက်နှင့် မကိုက် ညီတော့ကြောင်း ထင်ရှားပါပြီ။

နောက်တစ်ခုက အသံဩဇာ။ ဟောပြောပွဲဆိုတာ သူ၏အသံ

www.burmeseclassic.com

www.burmeseclassic.com



ကို ပရိသတ်က နားထောင်ခြင်းသည် ပဓာနဖြစ်သောကြောင့် ပို အရေးကြီးတယ်လို့တောင် ဆိုနိုင်သည်။ တချို့က ဟိတ်ဟန်ကောင်း သလို အသံကလည်း အောင်သည်။ တချို့ကျတော့ လူကခန့်ညားမှု မရှိသော်လည်း အသံကျတော့ ဆွဲဆောင်မှု ရှိတတ်သည်။

ကျွန်တော်ကတော့ ကိုယ့်အသံကို ကောင်းတယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့။ ဟောပြောနေတုန်း စပီကာမှတစ်ဆင့် ပြန်ကြားရသော ကိုယ့်အသံ ကိုယ် တော်တော်စိတ်ပျက်မိ၏။

နောက်တစ်ချက်ကတော့ ဟောပြောမည့် ပုဂ္ဂိုလ်သည် ပရိသတ် အများစုက စိတ်ဝင်စားခြင်းခံရသူ ဖြစ်ရမည်။ အလွန်ပေါ်ပြူလာဖြစ်နေသော စာရေးဆရာ သို့မဟုတ် လူအများကြည်ညိုလေးစားခြင်းခံရသော စာရေးဆရာကြီးမျိုးကို ဆိုလိုသည်။

ကျွန်တော့်မှာ အမာခံပရိသတ်တွေ အခိုင်အမာရှိနေတာတော့ သေချာသည်။ သို့ရာတွင် အရေအတွက် အကန့်အသတ်ရှိနိုင်သည်။ ဟောပြောပွဲလာနားထောင်သူ အားလုံး ကိုယ့်ပရိသတ်တွေချည်းပဲဟု ထင်လျှင် ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းရာကျသည်။

လာနားထောင်သူ ပရိသတ်အားလုံး စာပေဝါသနာရှင်ချည်းပဲဟု သတ်မှတ်လို့မရ။ ပွဲတော်နေသော အချိန်မျိုးမှာ တချို့က အငြိမ့်ကို စတိတ်ရှိုးတို့လို ကြည့်ချင်ပွဲသဘောမျိုး လာကြတာရှိ၏။ တချို့ကလည်း စာရေးဆရာတွေ ဟောတာသိပ်ရယ်ရတာပဲဆိုသော သတင်းကြားဖူးသဖြင့် အပျင်းပြေလာကြခြင်းဖြစ်၏။ တချို့က စာအကြောင်း ပေအကြောင်း သိပ်နားမလည်သော်လည်း စာရေးဆရာဆိုတာ ပညာရှိတွေပဲ၊ သူတို့ဟောတာ နားထောင်ရင် ဗဟုသုတရမှာပဲ။ သင်ခန်းစာယူစရာတွေပါမှာပဲဆိုပြီး အားခဲကြီးစွာ လာနား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြခြင်းဖြစ်၏။

ခန့်မှန်းလို့ရသလောက် ဟာသပြောပွဲတစ်ခုမှာ လူတစ်ထောင်ရှိလျှင် ခုနပရိသတ်မျိုးက သုံးရာလောက် ပါတတ်သည်။ တကယ့်ဝါသနာရှင်က ခုနစ်ရာ (၇၀၀)လောက်ရှိမည်။ ဒီအထဲမှာ ကျွန်တော့်အမာခံပရိသတ် ဘယ်လောက်ပါမလဲ စိတ်ထင် ဆယ်ရာခိုင်နှုန်း (လူခုနစ်ဆယ်)လောက်သာ ရှိမည်ဟုတွက်သည်။

ဟာသပြောပွဲဆိုတာ ရှိသမျှ ပရိသတ်အားလုံးကို ဆွဲဆောင်နိုင်မှ အောင်မြင်သည်ဆိုနိုင်သည်။ တချို့ရှားရှားပါးပါး စာရေးဆရာမျိုးလည်းရှိ၏။ ရုပ်ကလည်း သိပ်ပုံမလာ၊ အသံကလည်း ညောင်နာနာ၊ သိပ်လူသိထင်ရှားလည်းမဟုတ်၊ စကားပြောရာမှာကျတော့အလွန် ကောင်းသည်။ အစပိုင်းမှာ ပရိသတ်က သိပ်စိတ်မဝင်စားလှ၊ ပြောရင်းပြောရင်းကျမှ ပရိသတ် သဘောကျလာပြီး နောက်ဆုံးသူ့ဘက် အကုန်ညွတ်ကုန်ကျတော့သည်။ ဒီလိုအခါမျိုးမှာ နာမည်ကြီး ဘက်ဆဲလာ စာရေးဆရာတွေတောင် ခပ်မှိန်မှိန် ဖြစ်သွားကြရ၏။

တစ်ခါတလေကျတော့လည်း စာရေးဆရာအချို့၏ အရုပ်ဆိုးခြင်း၊ အသားအလွန်မည်းခြင်း၊ ထိပ်ပြောင်ခြင်း၊ အရပ်ပုခြင်း စသောထူးခြားချက်တွေက ပရိသတ်စိတ်ဝင်စားစရာ ဖြစ်သွားရခြင်းမျိုးလည်း ကြုံရတတ်သည်။

ကျွန်တော့်မှာတော့ အထက်ပါအရည်အချင်းတွေ တစ်ခုမှမည်မည်ရရမရှိ။ တစ်ခါတစ်ရံ ပရိသတ်နှင့် ထူးထူးခြားခြား အပေးအယူမျှသွားသည့်ပွဲမျိုး အနည်းငယ်လောက်ကလွဲ၍ များသောအားဖြင့် သာမန်လောက်သာ ရှိသည်။ ဟာခြင်း ပြောခြင်းမှာ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



မှု သိပ်မရှိဟု ကိုယ့်ဘာသာသုံးသပ်သည်။

တကယ်တော့ ကျွန်တော်သည် စကားကို လေးလုံးကွဲအောင် မပြောတတ် မဆိုတတ်သူတစ်ယောက်တော့မဟုတ်။ သူငယ်ချင်းတွေနဲ့ကျတော့ နာရီပေါင်းများစွာကြာအောင် ပြောနိုင်သည်။ တစ်ဝိုင်းလုံး တဝါးဝါး တဟားဟားဖြစ်အောင် ထိန်းထားနိုင်သည်။ တက္ကသိုလ်တက်နေရင်း ကျူရှင်ပြတုန်းက ရှစ်တန်းကျောင်းသားတွေကို မြန်မာစာ ကောင်းကောင်းသင်ပေးနိုင်ခဲ့သည်။ ရေးသူဖတ်သူ စာပေဆွေးနွေးပွဲတွေမှာလည်း မေးခွန်းတွေကို ရှင်းရှင်းလင်းလင်း ဖြေကြားနိုင်ခဲ့သည်။

ဟောပြောပွဲကျမှ လမိုင်းမကာစ်ခြင်းဖြစ်၏။

ဒါကလည်း အကြောင်းတွေရှိပါလိမ့်မည်။

* * * * * * *

ကျွန်တော် စာပေဟောပြောပွဲတွေ စလိုက်ခဲ့စဉ်က အသက်ငယ်သေးသည်။ လူကောင်လည်း မလောက်လေး မလောက်စားမို့ တချို့က စာရေးဆရာလို့မထင်။ စာရေးဆရာကြီးတွေ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်လာတဲ့ကောင်လေးဟု ထင်ကြ၏။ ထိုစဉ်က နာမည်ရကာစသာဖြစ်သောကြောင့် လူသိလည်း သိပ်မများသေး။

ဟောပြောရမည့် မြို့သို့ ရထားထိုးဆိုက်ပြီဆိုလျှင် လာကြိုသူ မြို့ခံပုဂ္ဂိုလ်တွေက တခြားစာရေးဆရာတွေရဲ့ လက်ဆွဲအိတ်တွေကိုသာ အလုအယက် ဝိုင်းသယ်ပေးကြသည်။ ကျွန်တော့်ကို ဂရုမပြုကြ။ ကိုယ့်ဘာသာကိုယ် သယ်ရတာများသည်။ လူငယ် ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



သမား တချို့က မေးမြန်းပြီး အရေးတယူ လုပ်လာကြတော့မှ မြို့ခံ ပုဂ္ဂိုလ်တွေ အားတုံ့အားနာဖြစ်ကြရသည်။

တစ်ခါက နယ်မြို့တစ်မြို့သို့ ဟောပြောပွဲသွားရာ ဆရာမကြီး ယုဝတီခင်စိန်လှိုင်လည်း ပါသည်။ ဆရာမကြီးက အဖော်အဖြစ် သမီး ဖြစ်သူ ဆုမွန်ကျော်ကိုလည်း ခေါ်လာခဲ့သည်။ မြို့ခံ ပုဂ္ဂိုလ် တချို့က ကျွန်တော့်ကို စာရေးဆရာဟုမထင်။ ဆရာမကြီး၏ သားဟု ထင် သွားသည်။ တစ်ခုရှိတာက ဆရာမကြီးသည် ဖြူဖြူခန့်ခန့်ကြီးဖြစ် သည်။ သမီးဆုမွန်ကျော်ကလည်း ဖြူဖြူချောချောလေး။ ကျွန်တော် က ညိုညိုညစ်ညစ်။ ထိုအခါ တစ်ယောက်က –

"ညီလေးက အဖေနဲ့ တူတယ် ထင်တယ်"

ဟု ပြောသည်။ ကျွန်တော့်အဖေ (ဦးသာစု)ကလည်း ပိန်ပိန် မည်းမည်းဆိုတော့ အဖေ့ကို ရည်ညွှန်းတာမှတ်လို့ "ဟုတ်ပါတယ်" ဟု ဖြေလိုက်သည်။ ဒီလူ ဆရာမကြီးကို သွားမမေးတာ တော်သေး သည်။ နောက် ... ကျွန်တော်ဟောပြောကာနီး ကိုယ်ရေးရာဇဝင် ဖတ်တော့မှ သဘောပေါက်သွားသည်။ ကျွန်တော် ဟောပြောပြီး စင် ပေါ်ကပြန်ဆင်းလာသောအခါ ထိုလူက

"ဆရာ တော်တော်နောက် တာပဲ"

ဟု ပြောနေသေးသည်။

ဟောပြောပွဲတွေ သွားတဲ့အခါတိုင်းလိုလို စာရေးဆရာတွေ ထဲမှာ ကျွန်တော်က အသက်အငယ်ဆုံးဖြစ်တတ်သည်။ များသော အားဖြင့် ကိုယ့်ထက်တော်တော်များများ အသက်ကြီးကြသူတွေချည်း ဖြစ်၏။ အစ်ကိုကြီးအရွယ်ကနေ ဦးလေးအရွယ်၊ အဖေအရွယ်တွေ အထိ ပါသည်။ ကိုယ့်အပေါ် ညာတာတတ်သူတွေ ပါတတ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အများအားဖြင့်တော့ ကိုယ်လေးစားသော ဆရာကြီးတွေမို့ ဝတ်ကြီးဝတ်ငယ် ပြုရသည်။ နေရာထိုင်ခင်း၊ အစားအသောက် ဦးစားပေးရသည်။

ခရီးသွားသောအခါ ကားနှင့်ဆိုလျှင် ခေါင်းခန်းမှာ လူကြီးတွေကို စီးခိုင်းပြီး ကိုယ်က နောက်ဖက်မှာ တိုးဝှေ့ထိုင်ရသည်။ ဟိုတုန်းက ရထားလက်မှတ် ဝယ်ရတာ တော်တော်ခက်သည်။ အထက်တန်းတွဲဆိုလျှင် ပို၍ဆိုးသည်။

“အားတော့နာပါတယ်ဆရာတို့ရယ် ကျွန်တော်တို့လဲ ကြိုးစားတာပါပဲ၊ ဗီအိုင်ပီအတွက် ပေးလိုက်ရလို့တဲ့ အထက်တန်းက နှစ်ခုပဲရတယ် ... အဲဒါ ... ”

ဆိုတာမျိုးဖြစ်လာလျှင် ကျွန်တော်ပဲ ရိုးရိုးတန်းကို ပြေးရသည်။

တစ်ခါတော့ ဒီအဖြစ်မျိုးကြုံလာရာမှာ အတူသွားသော ဆရာတစ်ယောက်က စာပေစိတ်ဓာတ်ကို ထုတ်ပြသည်။ ရိုးရိုးတန်းမှာ သူပဲထိုင်မည်ဟု ဆို၏။ ကျွန်တော်က လက်မခံသောအခါ။

“ဒါဆိုလဲအားလုံးအတူတူလာကြတဲ့သူတွေ တူတူပဲပြန်မယ်။ ငါတို့လဲ ရိုးရိုးတန်းကပဲစီးမယ်”

ဟု ဆိုနေသောကြောင့် ကျွန်တော့်အတွက် အားမနာဖို့ပြောရသေးသည်။

* * * * * * *

ဟောပြောရာမှာလည်း အသက်အငယ်ဆုံးဖြစ်သော ကျွန်တော်ပဲ ပထမဆုံး ထွက်ပြောရသည်။ ဟောပြောပွဲတစ်ခုတွင် စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာသုံးယောက်မှ ငါးယောက်လောက်အထိ ပြောကြရာ တစ်နှစ်သုံးလေး စီစဉ်ဖို့ ညှိနှိုင်းကြရသည်။

နောက်ဆုံးဟောပြောမည့်သူမှာ အရေးအကြီးဆုံးဖြစ်သည်။ ထိုသူသည် ဝါအရင့်ဆုံး၊ သို့မဟုတ် စကားပြောအကောင်းဆုံး၊ သို့မဟုတ် နာမည်အကြီးဆုံး ပရိသတ်စိတ်အဝင်စားဆုံးဖြစ်ရမည်။ သူက ဟောပြောပွဲ၏ အသက်၊ ဟောပြောပွဲ၏ မင်းသားဖြစ်၏။ ဒီကိစ္စက ထိပ်သီးနှစ်ယောက်လာဆုံတာမျိုးကလွဲလျှင် ပြဿနာ မရှိလှ။ ညှိလိုက်လျှင် အဆင်ပြေသွားတတ်သည်။ ဒါကလည်း ဖြစ်တောင့်ဖြစ်ခဲပါပဲ။ များသောအားဖြင့်တော့ ပွဲတစ်ပွဲမှာ ဘယ်သူနောက်ဆုံးပြောသင့်တယ်ဆိုတာ အချင်းချင်း နားလည်မှုရှိပြီးသား ဖြစ်၏။

တကယ့်ပြဿနာက ဘယ်သူရှေ့ဆုံးက ထွက်ပြောမလဲ ဆိုသောကိစ္စသာဖြစ်၏။ စာရေးဆရာ အတော်များများက ရှေ့ဆုံးမှ မထွက်ချင်ကြ။ နောက်ဆုံးပြောသူကို အရေးအပါဆုံးဟု ဆိုလျှင် ဆန့်ကျင်ဖက်ဖြစ်သော ရှေ့ဆုံးလူမှာ ဝါအနုဆုံး၊ အရေးမပါဆုံးဟာ ထင်စရာရှိသောကြောင့်လည်း ဖြစ်၏။ ပြီးတော့ ရှေ့ဆုံးပြောသူသည် ဟောပြောပွဲအတွက် စတေးခံရသူဖြစ်တတ်သောကြောင့်လည်း တစ်ကြောင်း။

ဟောပြောပွဲတို့၏ သဘာဝမှာ ပွဲစကာစတွင် ပရိသတ်က အသားမကျသေး။ လူစုံအောင်လည်း နေရာမယူရသေး။ မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း စပြောပြီဆိုမှ တဖွဲဖွဲဝင်လာသူတွေရှိ၏။ ထိုင်တဲ့လူကထိုင်၊ ထတဲ့လူကထ၊ ဝင်တဲ့လူကဝင်၊ နေရာရှာတဲ့လူကရှာ၊ လူစုကွဲနေလို့ လှမ်းအော်ခေါ်တဲ့လူကခေါ်၊ ရှုတ်ရှက်သဲသဲဖြစ်နေတုန်းအချိန်မှာ ပြောရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ပရိသတ်၏အာရုံကလည်း မငြိမ်သေး၊ အိမ်မှာ မိန်းမနှင့်ရန်ဖြစ်ခဲ့တဲ့ကိစ္စ၊ လုပ်လက်စအလုပ်ကိစ္စ၊ သူငယ်ချင်းနှင့် စောစောက ပြောလက်စ စကားမပြတ်သေးသည့်ကိစ္စ စသည်ဖြင့် သူတို့ခေါင်းထဲမှာ အတွေးလက်ကျန်တွေ ရှိနေသေးသည်။ စိတ်တွေက ရှင်းရှင်းလင်းလင်း မရှိသေး။ ဒီလိုအခြေအနေမျိုးမှာ ပရိသတ်ကို ကိုယ့်ဆီအာရုံစူးစိုက်လာအောင် ဆွဲဆောင်ဖို့ အလွန်ခက်သည်။ ကိုယ်ကလည်း ပြောချင်တာပြော။ သူတို့ကလည်း တွေးချင်ရာတွေး၊ လုပ်ချင်တာလုပ်၊ စင်ပေါ်နှင့်စင်အောက် အချိန်တော်တော်ကြာအောင် အပေးအယူမမျှဘဲဖြစ်နေတတ်၏။ ပရိသတ် တကယ်ငြိမ်ပြီဆိုတော့ ကိုယ့်ဟောပြောမှုက ပြီးတောင်ပြီးကာနီးနေပြီ။ ရှေ့ပိုင်းက ပြောတာတွေ နားမထောင်မိသဖြင့် နောက်ပြောတာတွေနှင့် မဆက်စပ်မိဘဲ ယောင်ဝါးဝါးဖြစ်နေစဉ်မှာပင် ဟောပြောမှု နိဂုံးချုပ်သွားသည်။

ပထမဆုံး ပြောသူအလှည့်မှာ ပရိသတ်လည်း မစုံလင်တတ်။ တချို့က ကိုယ်သဘောကျတဲ့ စာရေးဆရာ ပြောတော့မှ နားထောင်တော့မယ်ဆိုပြီး လက်ဖက်ရည်ဆိုင် ထိုင်ချင်ထိုင်နေတတ်သည်။ တချို့လည်း အိမ်မှာပဲ အေးအေးဆေးဆေး စားသောက်နားနေပြီးမှ ထွက်လာတတ်ကြသည်။ ထို့ကြောင့် ပထမဆုံးပြောသူအလှည့်မှာ ပရိသတ်အင်အား နည်းလေ့ရှိ၏။

သို့ရာတွင် ကလေးအင်အားကတော့ များတတ်၏။ ကလေးများသည် ဘာပွဲဖြစ်ဖြစ် ရှေ့ဆုံးကနေရာယူတတ်သည်။ မီးထိန်ထိန်လင်းနေတာမြင်လျှင် အုံမြုံးလာတတ်သည်။ ဒီတော့ ဟောပြောပွဲစင်မြင့်၏ ရှေ့ပိုင်းကွက်လပ်သည် သူတို့၏ ကစားကွင်းလိုဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲစသောအခါ ငြိမ်သယောင်ရှိသော်လည်း အလစ်မှာ တစ်ယောက်ကို တစ်ယောက် ဆီးစေ့နှင့်ပေါက်ခြင်း၊ ပူပေါင်းရှည်နှင့်လှမ်းပစ်ခြင်း၊ ကလေးကြီးတွေက စကြေနောက်ကြသဖြင့် အငယ်တွေက အော်ငိုခြင်း၊ ဒီကြားထဲ အမေလုပ်တဲ့သူက –

"ဟဲ့ … အငယ်လေး၊ ဘယ်ရောက်နေလဲ၊ ဒီကောင်လေးဟာ လှစ်ကနဲဆို ပျောက်သွားပြီ၊ ဟော … ဟဲ့ သေနာလေး ထွက်လာခဲ့စမ်း"

ဟု ပွဲခင်းအစပ်ကနေ အသံပြုနှင့်အော်ခြင်းများလည်း ကြုံရသည်။ ထို့ကြောင့် ရှေ့ဆုံးမှ ဟောပြောသူမှာ ကလေးတွေကို ချော့မော့ထိန်းသိမ်းတာမျိုးသူတို့သဘောကျနိုင်သည့် ရယ်စရာလေးတွေ ပုံပြင်တွေပြောပြီး ငြိမ်အောင် စည်းရုံးရတာမျိုးလည်း ကျွမ်းကျင်ဖို့လိုသည်။

နောက်တစ်ခုက ရှေ့ဆုံးက ဟောပြောသူသည် ပရိသတ်၏ အခြေအနေကိုလည်း အကဲစမ်းပေးရသည်။ ပရိသတ်ဆိုတာကမျိုးစုံရှိ၏။ ကျောင်းတို့ရုံးတို့ဆိုတာက လူတန်းစားညီသည်။ လိုက်ဖက်မည့်အကြောင်းအရာတစ်ခုခုရွေးပြီး ပြောလိုက်ရုံသာရှိ၏။ အရပ်ထဲမှာ လုပ်ရသည့်ပွဲမျိုး (အထူးသဖြင့် ကွင်းပြင်ထဲလုပ်တဲ့ပွဲမျိုး)ကျတော့ လူပေါင်းစုံလာသည်။ ထိုအခါ ယေဘုယျကျသည့် ပရိသတ်က ဘယ်လိုမျိုးလဲဆိုတာ အခြေအနေကြည့်ရသည်။

ပထမဆုံးပြောသူက ပရိသတ်အထာကို ဖော်ထုတ်ဖို့ကြိုးစားရသည်။ စကားတစ်လုံး တောက်လိုက်ရုံနဲ့ ဝေါကနဲ လိုက်လာသော ပရိသတ်မျိုးလား တင်းခံနေတတ်သလား၊ ရယ်စရာများများပြောမှ ကြိုက်တာလား၊ အလေးအနက် ပြောသင့်သလား စမ်းသပ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါမှ နောက်လူတွေ ပြောရတာ အဆင်ပြေမည်။

ပရိသတ်ဆိုတာက ခန့်မှန်းရခက်သည်။ ပညာတတ်တွေမို့ ဆိုပြီး ဒဿနတွေပြောလို့ ကြိုက်ချင်မှ ကြိုက်သည်။ တချို့ဆို အိပ်ငိုက်ကုန်ရော။ အလွန်ခေါင်သော မြို့သေးသေးလေးဆိုပြီး အထင်သေးလို့မရ။ အလွန်မြင့်သည့် စာပေသမားတွေ ဖြစ်ချင်ဖြစ်နေတတ်သည်။

နောက် ပြဿနာတစ်ခုက အချိန်ဖြစ်သည်။ ဟောပြောပွဲတွေမှာ ပရိသတ်နည်းနေလို့ စောင့်ရတာနဲ့၊ စာရေးဆရာတွေ ညစာစားရင် ယမကာဝိုင်းဖွဲ့တာ အရှိန်မသေလို့ စောင့်ရတာနဲ့၊ ဟိုဟာ ဒီဟာ စောင့်ရတာနဲ့ဆိုတော့ များသောအားဖြင့် ပွဲစချိန်နောက်ကျတတ်သည်။ ထိုအခါ ဟောပြောသူ အချင်းချင်း အချိန်ကိုက်ညှိကြရသည်။ ဟောပြောပွဲပြီးဆုံးချိန်မှာ သိပ်ညဉ့်နက်သွားလျှင် မကောင်း။ နောက်ဆုံး ဟောပြောမည့် သူကို ဆယ့်တစ်နာရီလောက်နောက်ဆုံးထား ပြီး စင်ပေါ်တင်ပေးနိုင်ဖို့လိုသည်။ ပွဲစချိန်ကလည်းနောက်ကျ၊ ဟော ပြောမည့် စာရေးဆရာကလည်း လေးငါးယောက်ဖြစ်နေလျှင် ရှေ့လူ တွေက လျှော့ပေးကြရသည်။ အထူးသဖြင့် ရှေ့ဆုံးက ပြောသူသည် ကိုယ့်အတွက် အပြည့်ကျန်အောင် ပြောလို့မရ။ လေရှည်လို့မဖြစ်။ မိတ်ဆက် သဘောလောက်ပြောပြီးသွားလို့ နောက်လူတွေအတွက် လမ်းခင်းပေးခဲ့ရသည်။ ဖြစ်နိုင်လျှင် နောက်လူတွေအပေါ် ပရိသတ် စိတ်ဝင်စားအောင် ပင့်ပေးခဲ့ရသည်။

ဒီလိုနည်းနဲ့ လက်ဆင့်ကမ်းသွားပြီး နောက်ဆုံးလူအလှည့်ကျ မှ ပရိသတ်စွဲကျန်ခဲ့အောင် သွန်ပြီး ဟောရသည်။ ရှေ့လူက မညာလျှင် နောက်ဆုံးလူ ဒုက္ခရောက်တတ်သည်။ ရှေ့က အချိန်တွေအများကြီး

www.burmeseclassic.com

www.burmeseclassic.com



ယူ၊ လေတွေရှည်၊ ပေတွေများနေလျှင် နောက်ဆုံးလူအလှည့်ရောက်တော့ ပရိသတ်က ငြီးငွေ့နေပြီ။ ညဉ့်လည်းနက်ပြီ။ ပရိသတ်အင်အားလည်း အလွန်နည်းသွားပြီ။ ဒါဆိုလျှင် ဟောပြောပွဲအရှိန် ထိုးကျသွားပြီး ပွဲသိမ်းမလှတော့။

စာပေဟောပြောပွဲဆိုတာ လူညီမှ ပျော်ဖို့ကောင်းသည်။ ဒါမှလည်း အောင်မြင်သည်။ စီစဉ်ရသူ မြို့ခံ စာပေသမားတွေ၊ စာရေးဆရာတွေ မျက်နှာပန်းလှသည်။ ဒီလိုဖြစ်ဖို့ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့်မရ။ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရမည်။ ကိုယ်နာမည်ကောင်းရဖို့ထက် စာပေဝါသနာရှင် ပရိသတ်များအတွက် နားထောင်ရကျိုးနပ်ဖို့က ပိုအရေးကြီးကြောင်း သတိပြုရမည်။ ဦးစားပေးသင့်သူကို ပေးရမည်။ ကိုယ်အနာခံသင့် ခံရမည်။ အထူးသဖြင့် ရှေ့ဆုံးက ပြောသူသည် အနစ်နာခံရဆုံးဖြစ်သည်။

ထို့ကြောင့် စာရေးဆရာတချို့သည် ရှေ့ဆုံးက မထွက်ချင်ကြ။ ထိုအခါ ဝါအနုဆုံး၊ အသက်အငယ်ဆုံး ဖြစ်သော ကျွန်တော်ကပဲ ရှေ့ဆုံးထွက်ဖို့ မဲကျတတ်သည်။ သူတို့က အားနာနေလျှင်လည်း ကိုယ့်ဆန္ဒနှင့်ကိုယ် ဗော်လန်တီယာ လုပ်ရသည်။ ဒီလိုနဲ့ ကျွန်တော်သည် ဟောပြောပွဲတော်တော်များများမှာ "ရှေ့ထွက်" အဖြစ် အသုံးတော်ခံပေးခဲ့ရသည်။ တစ်ခါတစ်ခါ ကံစွပ်ပြီး ပရိသတ်နှင့် အပေးအယူမျှသွားသည့်တိုင် နောက်လူတွေကိုငဲ့ပြီး ပြောလက်စ စကားကိုဖြတ်အမြန်နိဂုံးချုပ်၍ ပြန်ဆင်းခဲ့ရတာမျိုးလည်း ရှိသည်။

❋ ❋ ❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စာပေဟောပြောပွဲတွေ ဖြစ်ထွန်းပေါ်ပေါက်လာသော ခရီးအစသည် လွယ်လွယ်ကူကူ မဟုတ်။ ဆရာသိန်းဖေမြင့်၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာကျော်အောင်၊ ဆရာမြသန်းတင့်၊ ဆရာမင်းကျော်၊ ဆရာနတ်နွယ်၊ ဆရာမောင်နေဝင်း စသော စာရေးဆရာကြီးများက အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး လမ်းစထွင်ပေးခဲ့ခြင်းဖြစ်၏။

ဟိုတုန်းက အခုလိုမြို့နယ်တွေကလာပြီး ဖိတ်ကြားခြင်း မဟုတ်။ စာပေဟောပြောပွဲလုပ်တဲ့အလေ့အထလည်း မရှိ။ တချို့ဆို ကြားတောင်မကြားဖူးကြသေး။ စာရေးဆရာတွေကိုယ်တိုင် နယ်တွေဆင်းပြီး စည်းရုံးရခြင်းဖြစ်၏။

ကိုယ့်ဇာတိ မြို့ရွာကိုပြန်ပြီး ငယ်ဆရာဘုန်းတော်ကြီးတို့၊ ငယ်သူငယ်ချင်းတို့၊ ဆွေမျိုးသားချင်းတို့ အကူအညီကိုယူပြီး ဖြစ်မြောက်အောင် ကြိုးစားကြရတာရှိသည်။ ပရိသတ်က စာပေဟောပြောပွဲဆိုတာမသိ။ တရားပွဲ၊ ကွက်စိပ်ပွဲတို့လိုအောက်မေ့သည်။ သူတို့စိတ်ဝင်စားလာအောင် ပုံတိုပတ်စလေးတွေပြော၊ ရယ်စရာမောစရာလေးတွေပြောပြီး တဖြည်းဖြည်း တစ်ဆင့်ချင်း တက်ရသည်။

ပရိသတ်ဆိုတာကလည်း စည်စည်ကားကား မရှိသေး။ တစ်ခါတလေ လူဆယ့်လေးငါးယောက်နှင့် ပွဲဖြစ်မြောက်အောင် လုပ်ရတာလည်းရှိ၏။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဆွေမျိုးသားချင်း၊ ကိုယ့်သူငယ်ချင်း၊ ကိုယ့်ဦးလေးသားချင်းတွေဆိုတော့ စာရေးဆရာဆိုတိုင်းအထင်ကြီးတာမဟုတ်။

"အမယ်၊ ခွေးညိုက စာဟောမယ်ဆိုပါလား၊ ဟုတ်မှလဲ လုပ်ကြပါ့ဝါလူတို့ရာ၊ သည်ကောင် ရှင်ပြုတုန်းက သင်္ကန်းတောင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



အလွတ်မရလို့ ဆရာတော် ကြိမ်နဲ့ဆော်ခံခဲ့ရသေးတာကောဟ”

ဆိုတာမျိုး ကြုံရတတ်သည်။ တချို့ကျတော့လည်း စာရေးဆရာဆိုတာ တကာယ့်ပညာရှိကြီးပဲဆိုပြီး စွတ်အထင်ကြီးကြသည်။ ဟောပြောပွဲ နားထောင်ရာမှာ တရားနာသလို ကြုံ့ကြုံ့လေးတွေ ထိုင်၊ ခေါင်းကြီးတွေငုံ့ပြီး ရယ်စရာပြောလို့လဲ မရယ်ဘဲ တုတ်တုတ်မှမလှုပ်လို့ ပြောရတဲ့လူ ကြောင်တောင်တောင်ဖြစ်ရတာလဲရှိ၏။

ခုချိန်လို အမှတ်တရ လက်ဆောင်တွေပေးဖို့ နေနေသာသာ ကိုယ့်ခရီးစရိတ် ကိုယ်ခံ၊ ဘုန်းကြီးကျောင်းမှာတည်းပြီး အရပ်ကသဒ္ဒါလို့ ကျွေးတာစား၊ ကိုယ်ကတောင် ဘုန်းကြီးအတွက် ကိတ်မုန့်တို့၊ ဘီစကွတ်တို့ ဝယ်သွားရသေးသည်ဟု ဆရာမင်းကျော်ပြန်ပြောတာ ကြားဖူးသည်။

တချို့နေရာတွေမှာကျတော့ စာပေဟောပြောပွဲကို စာဟောကွက်စိပ်လို့မှတ်ပြီး အရပ်ဆိုင်းဝိုင်းနှင့်တွဲဖက်ပေးထားသည်။ စာရေးဆရာက–

“လေးစားအပ်ပါသော စာပေရဲဘော်များ၊ စာဖတ်ပရိသတ်များခင်ဗျား”

ဟု နှုတ်ဆက်စကားပြောလိုက်စဉ် ဆိုင်းဝိုင်းက ‘ပလို့ဂျိ’ ဆိုပြီး နောက်က ပို့ပေးလို့ တစ်ခွကျတာမျိုး၊ ဟောပြောပွဲလုပ်နေစဉ် အရက်မူးသမားတွေက “ဘာတွေမှန်းလဲမသိဘူး။ နားငြီးတယ်ကွ” ဆိုပြီး ရမ်းလို့ ပွဲပျက်ရတာမျိုး၊ လမ်းဖရိတ်၊ စားစရိတ်ပြတ်သွားလို့ လက်စွပ် ချွတ်ရောင်းပြီး ပြန်ခဲ့ရတာမျိုးတွေလဲ ကြုံရသည် ဆို၏။

ဒီလိုအခြေအနေမျိုးတွေကို အဆင့်ဆင့်ကျော်ဖြတ်ပြီး ခုအခြေအနေမျိုးကို ရောက်လာခဲ့ခြင်းဖြစ်၏။ ဆရာ့ဆရာကြီးတွေက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျိုးစွန့် အနစ်နာခံ၍ ပြုစုပျိုးထောင်ပေးခဲ့သော စာပေဟော ပြောပွဲများကို ကျွန်တော်တို့ နောက်ပေါက်တွေက တန်ဖိုးရှိအောင် မထိန်းသိမ်းနိုင်လျှင် စာပေငရဲကြီးမှာစိုးရပါသည်။

✳ ✳ ✳ ✳ ✳ ✳ ✳

ကျွန်တော်တို့ခေတ်ကျတော့ လမ်းပန်းဆက်သွယ်ရေး အခက် အခဲကြောင့် ခရီးသွားရတာ ပင်ပန်းတာ ရှိသော်လည်း အရင်က ထက် အများကြီး အဆင်ပြေလာသည်ဟု ဆိုနိုင်သည်။ ဒါတောင် တစ်ခါတလေတော့ ဆရာကြီးတွေတုန်းကလို ကြုံတတ်တာမျိုးရှိသေး သည်။

စာပေဟောပြောပွဲ တစ်ခါမှ မလုပ်ဖူးသော ရွာကလေးတစ်ရွာ မှာ သွားဟောစဉ် ခွကျကျဖြစ်ရတာမျိုး၊ 'ညှော်ခံတိုက်ကျွေး' စရိတ် များသွားလို့ မြို့ခံကော်မတီမှာ ရန်ပုံငွေပြတ်သွားသဖြင့် စာရေးဆရာ တွေ ကိုယ့်စရိတ်နှင့်ကိုယ် ပြန်ရတာမျိုး၊ စာရေးဆရာတွေကို ပန်းကုံး တွေစွပ်ကြိုးဆိုပြီး ဆိုက်ကားတစ်စီးစီးပေါ်တင် ရှင်လောင်းလှည့်သလို တစ်မြို့လုံးကို လှည့်ပြတာမျိုးတွေပေါ့။

များသောအားဖြင့်တော့ အဆင်ပြေပါသည်။ ဟောပြောပွဲ ဖိတ်ကြားသူ နယ်ခံစာပေသမားတွေက လိုလေသေးမရှိ ဂရုစိုက်ကြပါ သည်။ အမှတ်တရလက်ဆောင် ပစ္စည်းတွေလည်း ပေးကြပါသည်။ တချို့လည်း ဒေသထွက်ကုန်၊ တချို့လည်း ပုဆိုးတစ်ထည်၊ တချို့ တတ်နိုင်သောမြို့တွေကတော့ တန်ဖိုးရှိသည့် လက်ဆောင်တွေပေး ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်းမှာ ပစ္စည်းမပေးတော့ဘဲ ငွေသားသက်သက် ပေးကြတာတွေ တွေ့လာရသည်။ နှစ်ထောင် သုံးထောင်ကနေ တချို့ဆို သောင်းနဲ့ချီ ပေးသည်ဟုကြားဖူးသည်။ ငွေသားပေးတာနဲ့ပတ်သက်ပြီး တချို့စာရေးဆရာတွေက "ညကြေးပေးသလို၊ လုပ်အားခ ပေးသလိုကြီး" ဖြစ်နေတာကြောင့် ဘဝင်မကျဟုဆိုသည်။ ဒီလိုဆိုသောကြောင့် "ကျုပ်တို့ကို ကြေးစားတွေ မှတ်နေသလားဗျ" ဟုပြောပြီး လက်မခံဘဲ နေသလားဆိုတော့ မဟုတ်ပါ။ ပေးတဲ့ငွေကိုတော့ ယူလိုက်တာပါပဲ။

ကျွန်တော်ကတော့ ငွေသားပေးခြင်းကို ထောက်ခံပါသည်။ စာရေးဆရာများအဖို့ ဟောပြောပွဲတစ်ခါထွက်ရလျှင် လူလည်းပင်ပန်းသည်။ အလုပ်လည်း ပျက်သည်။ စာရေးဆရာများမှာ စာရေးမှ ထမင်းစားကြရသူများဖြစ်၏။ ဟောပြောပွဲမှ ရသည့်ငွေကလေးဖြင့် မိသားစု စားဝတ်နေရေးအတွက် အထိုက်အလျောက် ဖြည့်တင်းနိုင်သည်။ ဒါမှလည်း စိတ်ဖြောင့်ဖြောင့်ထားပြီး စာပေခရီးထွက်နိုင်ကြပါလိမ့်မည်။

ဒီနေရာမှာ စာပေဝေါဟာရ တစ်ခုအကြောင်း ပြောချင်သည်။ စာပေဟောပြောပွဲမှ ပေးသည့်လက်ဆောင်ပစ္စည်းကို စာရေးဆရာတွေက "ဂျော်ဂရော်ဖီ"ဟု စကားဝှက်နှင့် ခေါ်ကြခြင်းအကြောင်းမင်ဖြစ်၏။ ဒီစကား ဘယ်ကဖြစ်လာသလဲ ဆိုတာ သေသေချာချာတော့ မသိ။ ဖြစ်နိုင်တာကို စဉ်းစားကြည့်တော့ –

ဟောပြောပွဲဖိတ်သည့် မြို့အကြောင်း ရောက်ဖူးသူကို မေးကြည့်ကြမည်။ လမ်းပန်းဆက်သွယ်ရေး ဘယ်လိုနေသလဲ။ တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေသလား။ ရာသီဥတုသိပ်အေးသ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ပရိသတ်အခြေအနေ ဘယ်လိုရှိသလဲ၊ ဒေသထွက်ကုန်တွေက ဘာတွေလဲ၊ ဘာတွေ လက်ဆောင်ပေးတတ်သလဲ စသည်ဖြင့်–

ထိုအချက်များမှာ ဒေသပထဝီ အနေအထားများပင်ဖြစ်၏။ ဒါကို စာရေးဆရာတစ်ယောက်က "ကျော်ဂရော်ဖီ ကောင်းရဲ့လား" ဟု ထွင်ပြီး ပြောရာမှ နောက်ပိုင်းကျတော့ ဒေသခံ စာပေဝါသနာရှင်တွေက ချီးမြှင့်သော လက်ဆောင်ပစ္စည်း၊ ငွေကြေးကို "ကျော်ဂရော်ဖီ" ဟု အသုံးတွင်လာခြင်းဖြစ်နိုင်သည်။ ဒီဝေါဟာရ ဘယ်သူစထွင်သလဲတော့ မပြောတတ်။ (လေထန်ကုန်း နာမည်ဘယ်သူစထွင်ပေးသလဲ ကိစ္စတုန်းကလို ကျော်ဂရော်ဖီ ဖန်တီးရှင် ဘယ်သူလဲဆိုတာ သုတေသန လုပ်သင့်သည်ဟု စဉ်းစားမိသည်။ ကာယကံရှင်အနေနှင့်လည်း ထုတ်ဖော်ကြေညာလျှင် ကောင်းမည်ဟု တွေးမိပါ၏။)

✻ ✻ ✻ ✻ ✻ ✻ ✻

ဘာပဲဖြစ်ဖြစ် စာပေဟောပြောပွဲတစ်ခု ဖြစ်မြောက်အောင် ကြိုးစားရတာမလွယ်ပါ။ ဟောပြောပွဲပြုလုပ်ခွင့် ပွဲမိန့်ရအောင် ကြိုးစားရသည်။ စာရေးဆရာတွေကို အဆက်အသွယ်လုပ်ရသည်။ အဆင်မသင့်လျှင် ရန်ကုန်ကို နှစ်ခေါက်သုံးခေါက်ဆင်းပြီး စီစဉ်ရသည်။ တကယ်ချိန်းဆိုပြီး လာခါတော့မှ အကြောင်းကြောင်းကြောင့် စာရေးဆရာတစ်ယောက်ယောက် မလိုက်နိုင်လျှင် လူစားထိုးဖို့ ပြေးလွှား ရှာဖွေရသည်။ တဖွဲ့လုံး ပျက်ကွက်ပြီဆိုလျှင်တော့ မြို့ကိုမပြန်ရဲလောက်အောင် ဖြစ်ရ၏။ အရေးပေါ်လူစား ရှာရသည်။

မြို့ပြန်ရောက်တော့ ကြေညာထားတာက တစ်မျိုး၊ ပါလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာတွေက တခြားဖြစ်နေလျှင် မျက်နှာပူရသည်။ ဒီကြားထဲ ငွေအသုံးအစွဲများလို့၊ နည်းလို့ အငြင်းပွားလျှင် ရှင်းရသေးသည်။ တစ်ခုခု အဆင်မပြေတာရှိလျှင် မျက်နှာပူရသေးသည်။ ရုံပုံငွေ ပြတ်သွားလျှင် ရှိတာလေး ပေါင်နှံရောင်းချပြီး စိုက်ရသည်။ အလုပ်လည်း ပျက်ရ၊ ငွေလည်းကုန်ရ၊ လူလည်းပမ်းရ၊ အထင်လွဲခံရ၊ အစွပ်စွဲခံရ၊ ဖြစ်သမျှပြဿနာခေါင်းခံရသည်။ ဟောပြောပွဲ မပြီးမခြင်း ရင်တထိတ်ထိတ်မောရသည်။ "အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ် ခင်ဗျာ" ဆိုတော့မှ ဟင်း ချနိုင်သည်။

စာပေဝါသနာရှင် ပရိသတ်တွေကတော့ ကိုယ့်အိမ်မှာပဲ စာဖတ်ချင်ဖတ်၊ တီဗီကြည့်ချင်ကြည့်၊ အိပ်ချင်အိပ်၊ အေးအေးဆေးဆေး နေနိုင်လျက်နှင့် ဘာကြောင့်များ ခိုက်ခိုက်တုန်အောင် ချမ်းအေးသော နှင်းတောထဲလာထိုင်ပြီး စာပေဟောပြောပွဲကို ညဦးနက်သန်းခေါင်ထိ နားထောင်ချင်ရပါသလဲ။ စာပေကို ချစ်မြတ်နိုးလွန်းလို့ဆို သော အဖြေကလွဲ၍ တခြားမရှိနိုင်။ စာရေးဆရာတွေဖက်ကကော၊ ဟော ပြောပွဲ စီစဉ်သူများနှင့် စာပေဝါသနာရှင် ပရိသတ်များ၏ ကုန်ကျမှု၊ ကြိုးစားမှု၊ ပင်ပန်းမှု၊ စေတနာထားမှု၊ စာပေကို ချစ်မြတ်နိုးမှုတွေနဲ့ ကာမိအောင် တုံ့ပြန်ဆောင်ရွက် ပေးနိုင်ရဲ့လား။

ထိုအတွေးများသည် သူတို့ပေးလိုက်သော လက်ဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်တွေ၊ ငွေကြေးတွေနှင့်အတူ အိမ်အပြန် ကပ်ပါလာတတ်သည်။ ကျွန်တော်ကတော့ ကိုယ်ဟောခဲ့၊ ပြောခဲ့သော ကို ဘယ်တော့မှ အားမရဘဲ အားနာမှုသာ တင်ကျန်နေရသည်။

ခုနောက်ပိုင်း စာပေဟောပြောပွဲတွေ မလိုက်ဘဲနေခဲ့တာ ဒီအကြောင်းက အဓိကအချက်ဖြစ်၏။ ကျွန်တော်သည် စာပေဟော

www.burmeseclassic.com



ပြောပွဲတွေနှင့် ခပ်ကင်းကင်းနေရင်း ကိုယ်လေးစားချစ်ခင်သော ဆရာ ဆရာမများနှင့် အတူ ဟိုယခင်အခါဆီက စာပေခရီးအတူထွက်ခဲ့ပုံများကို ပြန်လည်တွေးတော အလွမ်းဖြေ နေမိလေသည်။

(မဟောသီမဂ္ဂဇင်း၊
ဩဂုတ်၊၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com



# ဘ စ် ဖ က် သ တ် လွ မ် း ချ င် း

ကျွန်တော် အခေါက်ခေါက်အခါခါ ဖတ်ခဲ့သည့် စာအုပ်တွေထဲမှာ အဖေ (သာခု) ၏ 'အတာ' ဝတ္ထုကလွဲလျှင် ဆရာကြီးရွှေဥဒေါင်း၏ 'စုံထောက်ဦးစံရွှားပေါင်းချုပ်' နှင့် 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ်တို့သည် အကြိမ်အရေအတွက် အများဆုံးဖြစ်၏။

ငယ်ငယ်တုန်းက စုံထောက်ဦးစံရွှားဝတ္ထုတွေကို ပိုကြိုက်သည်။ ကျွန်တော်ငယ်ငယ်က နည်းနည်းချူချာသည်။ မကြာခဏ ဖျားလေ့ရှိ၏။ တစ်ခါဖျားလျှင် အိပ်ရာထဲမှာ သုံးလေးရက်လောက် လှဲနေရသည်။ ထိုအခါမျိုးတွင် စာအုပ်တွေကို အဖော်ပြုရသည်။

အဖေ၏ ဝတ္ထုများ၊ ဆရာသော်တာဆွေ၏ တာသဝတ္ထုများပြီးတော့ ဆရာကြီးရွှေဥဒေါင်း၏ ဆုကြီးပန်း၊ စေတမ်လုံးပိုင်ရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဟိတ်၊ သူတော်စင်၊ စုံထောက်ဦးစံရှား ဝတ္ထုများ။

ဒီနောက်မှာတော့ ကျွန်တော်သည် ဦးစံရှားမရှိလျှင် မနေတတ်တော့သော ဦးသိန်းမောင်ကဲ့သို့ ဖြစ်လာလေပြီ။ စုံထောက်ဦးစံရှားဝတ္ထုတွေကို အခေါက်ခေါက်အခါခါဖတ်သည်။ အထူးသဖြင့် ဖျားပြီဆိုလျှင် ဦးစံရှားပေါင်းချုပ်စာအုပ်ကြီးကို အိပ်ရာထဲယူပြီး တစ်ပုဒ်ပြီး တစ်ပုဒ် ဖတ်တော့သည်။ ထိုအခါ ရောဂါဝေဒနာကိုပင် မေ့ပျောက်နေနိုင် စွမ်းရလေသည်။ ဒီလိုနဲ့ နောက်ကျတော့ နာစေးချောင်းဆိုး ဖြစ်ချင်သလိုလို၊ ဖျားချင်သလိုလို ဖြစ်လာပြီဆိုလျှင် ဦးစံရှား ဖတ်ရတော့မယ်ဆိုပြီး ဝမ်းသာသလိုတောင် ဖြစ်မိပါသေးသည်။

ဟိုတုန်းကသာ 'ဦးစံရှားခရေဇီဆု'ပေးခဲ့လျှင် ဆန်ခါတင်စာရင်းထဲတော့ ဝင်လောက်သည်ဟုဆိုရမည်။ ကျွန်တော်သာမဟုတ်။ စာဖတ်ပရိသတ်အတော်များများသည် ဦးစံရှားချစ်သူများ ဖြစ်ခဲ့ကြ၏။ ဒီထဲမှာ နာမည်ကျော် ထိပ်သီးစာရေးဆရာကြီးများလည်း ပါဝင်နေသည်။ ဆရာမြသန်းတင့်သည် စုံထောက်ဦးစံရှား၏ မူရင်းဖြစ်သော 'ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း'ဝတ္ထုများကို တိုက်ရိုက်ဘာသာပြန်ခဲ့သည်။ ဆရာသည် သူ၏ပင်ကိုယ်ရေးဟာန်ထဲတွင် 'တစ်နေ့သ၌ ကျွန်ုပ်သည်'ဆိုတာမျိုး၊ 'အလိုလေး ... ဆန်းလှချေကလား ဗျ'ဆိုတာမျိုး ဆရာကြီးရွှေဥဒေါင်း၏ 'လေ'ကိုစွက်၍ရေးခဲ့တာတွေ့ရ၏။ ဆရာကြီးကို ဂုဏ်ပြုလိုခြင်းအပြင် ပရိသတ်၏ ဦးစံရှားအစွဲကိုပါ ကောင်းကောင်းသိနားလည်ပုံရသည်။ ခုလို ဦးစံရှားလေကို ဖြည့်စွက်ပေးလိုက်ခြင်းဖြင့် ပရိသတ်သည် ရှားလော့ဟုမ်းနှင့် မစိမ်းတော့ဘဲ ရင်းနှီးပြီးသားလို ဖြစ်သွားသည်။ 'ရှားလော့ဟုမ်းဆိုတာ အင်္ဂလိပ် ဦးစံရှားကိုး'ဆိုပြီး ဖတ်ရတာ ပို၍အဆင်ပြေစေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပို၍ရသမြောက်စေသည်ဟုထင်၏။

ဆရာကြီးရွှေဥဒေါင်းသည် 'ရှားလော့ဟုမ်း' ကိုမှီးပြီး 'ဦးစံရှား' ကို ရေးခဲ့သည်။ ခုတစ်ခါ ရှားလော့ဟုမ်းကို တိုက်ရိုက်မြန်မာပြန်သောအခါ ဦးစံရှားကို ပြန်မှီးရသည့်သဘောဖြစ်နေ၏။ ရွှေဥဒေါင်းက ကိုနင်ဒွိုင်းကိုပြန်ပြီး လွှမ်းမိုးသွားသည်ဟု ယူဆနိုင်လေသည်။

ဆရာကြီး ရွှေဥဒေါင်း၏ ပင်ကိုယ်ရေးစာအုပ်တွေထဲမှာ အထင်ရှားဆုံး၊ အကျော်ကြားဆုံး၊ ဂန္ထဝင်အမြောက်ဆုံးကတော့ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဖြစ်၏။ ထိုစာအုပ်ကို လူပျိုပေါက်အရွယ်ကတည်းက အကြိမ်ကြိမ်အခါခါ ဖတ်လာခဲ့တာ ခုထိပါပဲ။

တချို့စာအုပ်များသည် ငယ်ငယ်က ဖတ်လို့ကောင်းပြီး ခုပြန်ဖတ်လျှင် မကြိုက်ချင်တော့။ တချို့ကျတော့ ငယ်ငယ်က ပျင်းစရာကြီးဆိုပြီး ပစ်ထားခဲ့တာ ခုပြန်ဖတ်မှ အရသာတွေ့လာတာမျိုးရှိ၏။

တစ်သက်တာမှတ်တမ်းကျတော့ ဒီလိုမဟုတ်။ အရွယ်သုံးပါးလုံးအတွက် လက်ကိုင်ပြုလို့ရသည်။ ရသအနေနှင့်ဖြစ်စေ၊ သုတေသနအနေနှင့်ဖြစ်စေ၊ တက်ကျမ်းအနေနှင့်ဖြစ်စေ ဖတ်နိုင်သည်။ ယုတ်စွအဆုံး၊ အပျင်းပြေဖတ်လျှင်တောင် စိတ်ဝင်စားဖို့ကောင်းသော စာအုပ်ဖြစ်လေ၏။

တစ်သက်တာမှတ်တမ်းကို ဖတ်နေရင်းက တချို့နေရာတွေမှာ အယူအဆချင်းတိုက်ဆိုင်သောအခါ 'ငါနဲ့ တူလိုက်လေ' ဟု ကျေနပ်ဝမ်းသာဖြစ်ရ၏။ တချို့အယူအဆတွေကျတော့ လူအများက အစဉ်အလာ လက်ခံယုံကြည်ထားတာနဲ့ ဆန့်ကျင်ဖက်ဖြစ်နေ၏။ သို့ရာတွင် ဆရာကြီး၏အကြောင်းပြချက်မှာ ခိုင်လုံသဖြင့် သဘောတူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကိစ္စတွေကျတော့ ကိုယ့်အယူအဆကို အသက်အရ၊ ဝါအရ ထုတ်ဖော်မပြောရခဲ့တာ ဆရာကြီးက ကိုယ့်ကိုယ်စား ရဲရဲဝံ့ဝံ့ ဖွင့်ရေးပေးသလို ရှိသဖြင့် ကျေးဇူးတင်ရ၏။

တကယ်တော့ ထိုစာအုပ်သည် ဆရာကြီးအတွက်သာမက မြန်မာစာပေလောကနှင့် စာဖတ်သူတွေအတွက်ပါ 'တစ်သက်တာ မှတ်တမ်း'ဖြစ်လေသည်။

ကျွန်တော် အနှစ်သက်ဆုံး စာရေးဆရာကြီးတွေထဲတွင် ဆရာကြီးရွှေဥဒေါင်းသည် ထိပ်ဆုံးမှပါဝင်သည်။ သို့ရာတွင် အရာကြီးကို တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခွင့်မကြုံပါ။ ဆရာကြီး အသက်ထင်ရှားရှိချိန်မှာ ကျွန်တော်က ငယ်သေးသည်။ ဆရာကြီးကို ခပ်လှမ်းလှမ်းမှပင်ဖြစ်စေ မြင်ဖူးခွင့်မရလိုက်ခြင်းမှာ အခွင့်ထူးကြီးတစ်ရပ်ကို ဆုံးရှုံးလက်လွှတ်ခဲ့ရခြင်းဖြစ်သည်ဟု ခံစားရလေသည်။

* * * * * * *

ဆရာကြီးရွှေဥဒေါင်းကို မမြင်ဖူးသော်လည်း ဆရာကြီး၏ တပည့်ရင်းများဖြစ်သော လူထုမောင်နှံကိုတော့ တစ်ကြိမ်မြင်ဖူးလိုက်သည်။ ထိုစဉ်က ဆရာကြီးလူထုဦးလှနှင့် ဆရာမကြီး ဒေါ်အမာတို့သည် ဆရာကြီးရွှေဥဒေါင်း၏စာမူများနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူထားသည်။

ဆရာကြီး၏ စုံထောက်ဦးစံရှား ဝတ္ထုတချို့ကို ပန်းချီကိုဝသန်က ရုပ်ပြအဖြစ် ပြန်ရေးပြီး မင်းကာန်စီစာပေမှ ထုတ်ဝေရန် အစီအစဉ်ရှိသည်။ ထို့ကြောင့် မင်းကာန်စီတိုက်မှ ကိုဝင်းမြင့်၊ ပန်းချီကိုဝသန်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်တော်တို့ မန္တလေးတက်ကြသည်။ ကျွန်တော်က အဖော်လိုက်သွားခြင်းဖြစ်၏။

မန္တလေးလူထုတိုက်ရောက်တော့ ဦးလေးလှနှင့် အရင်တွေ့သည်။ အကျိုးအကြောင်းပြောပြတော့ အိမ်တွင်းပြောတယ်လီဖုန်းနှင့် အပေါ်ထပ်ကိုလှမ်းအကြောင်းကြားသည်။ ခဏအကြာတွင် ဒေါ်ဒေါ်ဆင်းလာသည်။ သူ့လက်ထဲမှာ ဖိုင်တစ်ခုကို ကိုင်လာသည်။ ဆရာကြီး၏ စာမူများနှင့် ပတ်သက်သည့် စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာ မှန်သမျှ (နှုတ်အားဖြင့် စုံစမ်းမေးမြန်းမှုများပါမကျန်) စနစ်တကျဖိုင်တွဲပြီး ထိန်းသိမ်းထားခြင်းဖြစ်ကြောင်းသိရ၏။

ကိုဝသုန်နှင့် ကိုဝင်းမြင့်တို့က အကျိုးအကြောင်း ပြောပြပြီး စာမူခငွေကိုပါ ကြိုတင်ပေးချေခဲ့သည်။ ဒေါ်ဒေါ်က ထိုငွေများကို ဆရာကြီးကတော် ဒေါ်ကြီးစိုးထံ ပို့ပေးရမည်ဟု ပြောသည်။

ကိုဝသုန်က ဦးလေးနှင့်ဒေါ်ဒေါ်ကို ကျွန်တော်နှင့် မိတ်ဆက်ပေးသေးသည်။ သာဓုသားဖြစ်ကြောင်းကိုတော့ မပြောခဲ့။ ကျွန်တော့်ကလောင်နာမည်ကိုသာပြောပြီး မိတ်ဆက်ပေးခြင်းဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် လုံးချင်းဝတ္ထု နှစ်အုပ်သုံးအုပ်၊ မဂ္ဂဇင်းဝတ္ထု ဆယ့်လေးငါးပုဒ်လောက်သာရေးခဲ့ပြီးသော စာရေးဆရာပေါက်စ ဖြစ်၏။ လူငယ်လူလတ်များက သိကြသော်လည်း လူကြီးတွေက သိပ်မသိသေး။ နာမည်တောင်ကြားဖူးဦးမည်မထင်။ ထို့ကြောင့် လူငယ်စာပေသမားတစ်ယောက်ကို အသိအမှတ်ပြုသည့် သဘောလောက်သာ တုံ့ပြန်မှုရှိသည်။

ကျွန်တော့်အတွက်တော့ ပိုပြီး အဆင်ပြေသည်ဟု ဆိုရမည်။ ကျွန်တော်တွေ့ဖူးမြင်ဖူးချင်နေသော အစဉ်အလာကြီးမားသည့်

www.burmeseclassic.com

www.burmeseclassic.com



လူထုမောင်နှံကို လွတ်လွတ်လပ်လပ် လေ့လာအကဲခတ်ခွင့်ရသော ကြောင့်ပင်ဖြစ်၏။ ဆရာကြီးနှင့် ဆရာမကြီး တို့ကို ယှဉ်ကြည့် ပြီးနောက် ဦးလေးလှက ပိုချောပိုလှသည်ဟုထင်မိ၏။ ဒါကလည်း ထိုစဉ်က ဦးလေးလှ၏ 'ထောင်နှင့်လူသား'၊ 'လှောင်ချိုင့်တွင်းမှငှက် ငယ်များ' စသော စာအုပ်များကို စွဲလမ်းခဲ့သောကြောင့် ဦးလေးလှ အပေါ် အလေးသာသွားခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်၏ 'ဖေးဘာရိတ်' ဖြစ်သော ဆရာကြီး ရွှေဥဒေါင်းကို မိဘသဖွယ်သဘောထား၍ ပြုစုစောင့်ရှောက်ခဲ့ခြင်း၊ ဆရာကြီး ကွယ်လွန်ပြီးနောက် ဆရာကြီးကတော် ဒေါ်ကြီးစိုးကို ဆက်လက်စောင့်ရှောက်ခဲ့ခြင်း၊ ဆရာကြီး၏စာပေများကိုလည်း အပင်ပန်းခံ၍ စနစ်တကျ ထိန်းသိမ်းပေးခဲ့ခြင်းတို့အတွက် လူထု ဦးလေးနှင့်ဒေါ်ဒေါ်တို့အပေါ်ပို၍ လေးစားကြည်ညိုခဲ့ရသည်။

သို့ရာတွင် ဦးလေးလှကို ထိုတစ်ကြိမ်တည်းသာ မြင်ဖူးခွင့်ရ လိုက်သည်။ ကျွန်တော်တို့ မန္တလေးကပြန်လာပြီး မကြာခင် ဦးလေး လှ ဆုံးသွားသောကြောင့်ဖြစ်လေ၏။

* * * * * * *

ဘာရေးရေး ဖတ်လို့ကောင်းသော စာရေးဆရာမှာ ဆရာ ကြီး သိန်းဖေမြင့်ဖြစ်၏။ သူ့စာများသည် ရှင်းလင်းပြီး ပြေပြစ်လွန်း လှသည်။ သူ၏ 'အရှေ့ကနေဝန်း ထွက်သည့်ပမာ' နှင့် အခြားစာ အုပ်များသည် ကျွန်တော်အပါအဝင် စာဖတ်သူများကို အတော်လွှမ်း မိုးခဲ့သည်။ သူ့ရေးဟန်ကို ကျွန်တော်အလွန်နှစ်သက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကို စာပေဟောပြောပွဲ စင်မြင့်ပေါ်မှာ အဝေးကလှမ်းမြင်ဖူးသည်။ တယ်လီဖုန်းနှင့်တော့ စကားပြောဖူး၏။ ကျွန်တော်နှင့်ပြောခြင်းမဟုတ်။ အဖေ့ကိုယ်စား ပြောပေးရခြင်း ဖြစ်၏။ အဖေကနားလေးသဖြင့် တယ်လီဖုန်းကို ကိုယ်တိုင်နားမထောင်နိုင်။ ကျွန်တော်တို့က နားထောင်ပေးပြီး အဖေ့ကို တစ်ဆင့်ပြန်ပြောရသည်။

ထိုစဉ်က ဆရာကြီးသိန်းဖေမြင့်သည် သတင်းစာမှာ 'ပွင့်ပွင့်လင်းလင်း ပြောပါရစေ' ဆိုသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတွေရေးနေသည်။ အဖေက ဗိုင်ခံဖတ်သည်။ ထိုဆောင်းပါးများနှင့် ပတ်သက်၍ထောက်ခံချီးကျူးစရာရှိလျှင်ဖြစ်စေ၊ ဝေဖန်ကန့်ကွက်လိုလျှင်ဖြစ်စေဆရာကြီးဆီ ဖုန်းဆက်ပြီး ပြောတတ်သည်။

ဆရာကြီးသည် သူ့ကိုချီးကျူးလျှင် ရယ်နေတတ်သည်။ ဝေဖန်လျှင်လည်း စိတ်မဆိုးတတ်ဘဲ အေးအေးသက်သာ အကျိုးသင့်အကြောင်းသင့် ပြန်ရှင်းပြတတ်သည်။

ကိုယ် အလွန်နှစ်သက်သော စာရေးဆရာကြီးကို နီးနီးကပ်ကပ် မြင်တွေ့ဆက်ဆံဖို့ အခွင့်အရေးမရခဲ့ခြင်းအတွက် ခုချိန် ပြန်စဉ်းစားကြည့်မှ နှမြောတသ ဖြစ်နေမိလေသည်။

✳ ✳ ✳ ✳ ✳ ✳ ✳

ဆရာအောင်လင်းနှင့် ဆရာမင်းရှင်တို့အိမ်ကို လာလည်ကြသည်။ ဟိုအရင်ပဒေသာတို့၊ သစ္စာမဂ္ဂဇင်းတို့လုပ်ခဲ့စဉ်ကလို အမေချက်သည့်ထမင်းဟင်း စားချင်တယ်ဆိုသဖြင့် ချက်ကျွေးရသည်။ ထို့နောက် ရှေးဟောင်းနှောင်းဖြစ်ပြောကြသည်။ ဆရာအောင်လင်း

www.burmeseclassic.com



က မယ်ဒလင်တီးပြီး ဆရာမင်းရှင်က သီချင်းဆိုသည်။

ဆရာဒေါင်းနွယ်ဆွေနှင့် ဆရာမင်းအောင်တို့သည် ကိုဝဏ္ဏ ရှိက်သည့် ရုပ်ရှင်ကားတွေမှာဝင်ပြီး သရုပ်ဆောင်ဖူးသည်။ ပန်းချီ ကိုဝသုန်အိမ်မှာ အလှူလုပ်တုန်းက ဆရာဒေါင်းနှင့် ပန်းချီဆရာကြီး ဦးဘရင်ကလေးတို့၏ စကားဝိုင်းကို ဘေးမှ နားထောင်ဖူးသည်။

ထိုဆရာကြီးများနှင့် ရင်းနှီးခွင့်မကြုံခဲ့။ သူတို့ကို လေးစားအား ကျစွာ ငေးကြည့်ရုံမျှသာ ဖြစ်၏။ ထိုစဉ်က ငယ်ကလည်းငယ်သေး တာကိုး။

* * * * * * *

ဆရာမြသန်းတင့်ကို သုံးဆယ့်ငါးလမ်းထဲမှာဖြစ်စေ၊ အနော်ရထာလမ်းပေါ်မှာဖြစ်စေ၊ စာပေနှင့် ပတ်သက်သော ညီခံပွဲများမှာ ဖြစ်စေ မကြာခဏ တွေ့ဖူးသည်။ သို့ရာတွင် သူ့နားမှာ အမြဲလိုလို စာပေသမားတွေ ဝိုင်းဝိုင်းလည်နေတတ်သဖြင့် စကားပြောခွင့် မကြုံခဲ့။

ရန်ကုန်တက္ကသိုလ် စိန့်ရတုသဘင် နေ့ကျောင်းသားများ မဂ္ဂဇင်းတွင် ပါဝင်ရေးသားကြသော စာရေးဆရာများ ဂုဏ်ပြုပွဲကို ဘွဲ့နှင်းသဘင်အဆောက်အဦးရှိ အခန်းတစ်ခန်းမှာ ပြုလုပ်သည်။ ကျွန်တော်လည်း စာတစ်ပုဒ်ဝင်ရေးခဲ့သဖြင့် ထိုပွဲကို တက်ခဲ့သည်။

ဆရာမြသန်းတင့်သည် နောက်ဆုံးခုံတန်းမှာ ထိုင်နေသည်။ သူ့ဘေးမှာ ခုံတစ်ခုံလွတ်နေသဖြင့် ကျွန်တော် ဝင်ထိုင်လိုက်သည်။ သူက လှည့်ကြည့်ပြီးပြုံးပြသည်။ ကျွန်တော့်ကို သိလို့မဟုတ်။ စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက်ပဲဟု အသိအမှတ်ပြု နှုတ်ဆက်ခြင်းသာ ဖြစ်၏။

ခုမှပဲ သူနှင့် စကားပြောခွင့်ကြုံတော့သည်။ ကျွန်တော်က နာမည်ပြောသောအခါ သူက 'ဆရာမ နေကောင်းရဲ့လား' ဟု အမေ့အကြောင်းမေးသည်။ ပြီးတော့–

'လမ်းမှာတွေ့ရင်လည်း ခေါ်နေ၊ ကျုပ်က မျက်စိမကောင်းတော့ မြင်ရုံနဲ့မှတ်မိမှာမဟုတ်ဘူး။ စာတွေများများရေးဗျ။ ကျုပ်တို့စာရေးဆရာဆိုတာ စာတွေပဲချန်ထားခဲ့နိုင်တာ'

ဟု ပြောသည်။ သူသည် ကိုယ့်သားအရွယ် တူအရွယ်ပင်ဖြစ်စေ လေးလေးစားစား ဆက်ဆံတတ်ကြောင်း နာမည်ကြီးခဲ့သူဖြစ်၏။ ထိုနေ့က ခဏသာ စကားပြောလိုက်ရသည်။ အခမ်းအနား စတင်သဖြင့် စကားပြတ်သွား၏။

ကျွန်တော်က သူ့အိမ်သို့ သွားကန်တော့ပြီး စကားတွေအများကြီးပြောဦးမည်ဟု စိတ်ကူးလိုက်သည်။ သို့ရာတွင် အခွင့်အရေးမရလိုက်တော့။ ဆရာ့ကိုယ်စား ကျွန်တော်အနှစ်သက်ဆုံး စာအုပ်တစ်အုပ်ဖြစ်သော 'လေရှူးသုန်သုန်' နှင့်သာ အဲလွမ်းဖြေရတော့မည်။ မနက်တိုင်း လမ်းလျှောက်တတ်ပြီး ကျန်းမာရေးကို အလွန်ဂရုစိုက်သော ဆရာမြသန်းတင့်သည် စာပေလောကကို ခုလောက်စောစီးစွာ စွန့်ခွာသွားလိမ့်မည်ဟု ကျွန်တော်ဘယ်မှာကြိုသိနိုင်ပါ့မလဲ။

❋ ❋ ❋ ❋ ❋ ❋ ❋

ကျွန်တော့်မှာ အားနည်းချက်တစ်ခုရှိ၏။ နာမည်ကျော်စာရေးဆရာကြီးများနှင့်ဆုံမိလျှင် ကိုယ့်နာမည်ပြောပြီး မိတ်ဆက်ရ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝန်လေးနေတတ်ခြင်းပင်ဖြစ်၏။ ကိုယ့်ကလောင်နာမည်ကို သူတို့ သိချင်မှသိမည်ဟု သိမ်ငယ်စိတ်ဝင်မိတာက တစ်ကြောင်း၊ အတင်း ဝင်မိတ်ဆက်ပြီး စကားတွေပြောလိုက်လို့ သူတို့ စိတ်အနှောက်အယှက်ဖြစ်သွားမလား စိုးရိမ်မိတာကတစ်ကြောင်း၊ သူတို့ကို လွတ်လွတ်လပ်လပ် အကဲခတ်လေ့လာချင်တာကတစ်ကြောင်း၊ သူတို့၏ အရှိန်အဝါကိုဖြုံပြီး ရုတ်တရက် ဝင်မရောရဲတာကတစ်ကြောင်း။

ခုလို နှုတ်စအာခ နှောင့်နှေးခဲ့မိသည့်အတွက် သူတို့နှင့်ရင်းနှီးကျွမ်းဝင်ခွင့်၊ အနီးကပ်ဆည်းပူးခွင့်များ လက်လွတ်ဆုံးရှုံးခဲ့ရတာကို သူတို့ ကွယ်လွန်သွားပြီဆိုမှ ယူကြုံးမရဖြစ်ရ၏။ ထို နှောင်တတွေထဲက အမှတ်တရတစ်ခုကတော့ ဦးလေးဦးကိုတင်အောင်ဟု အစ်ကိုတွေခေါ်သလို လိုက်ခေါ်ခဲ့သော ဆရာဇန်းမော်တင်အောင်သည် စာပေနယ်ထဲက အဖေ၏အချစ်ဆုံးသူငယ်ချင်းတွေထဲမှာ ထိပ်ဆုံးကပါသူဖြစ်၏။

သူက ထောင်ထဲမှာအနေများပြီး တစ်ခါတလေမှ အိမ်ကိုအလည်တစ်ခေါက်ပြန်လာတတ်သူဖြစ်၏။ သူတစ်ခေါက်တစ်ခါ ပြန်ရောက်လာပြီဆိုလျှင် အဖေက အိမ်ကိုထမင်းစားဖိတ်လေ့ရှိ၏။ ဦးလေးသော်တာဆွေ၊ ဦးလေးသခင်တင်ဦး၊ ဦးလေးဘုန်းမြင့်တို့ပါ ပါတတ်သည်။ အိမ်ရှေ့ပန်းခြံထဲမှာထိုင်ပြီး နိုင်ငံရေး၊ ကျန်းမာရေး စာပေအနုပညာရေးများ၊ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ ကျွန်တော်တို့က လက်ဖက်ရည်ချပေးသလိုလို၊ ရေနွေးကြမ်းဖြည့်ပေးသလိုလိုလုပ်ပြီး ခပ်လှမ်းလှမ်းမှ နားထောင်ကြသည်။

အဖေရုပ်ရှင်ဘက်သို့ မကူးခင် စာပေနယ်ထဲ ကျင်လည်ခဲ့စဉ်က စာရေးဆရာအတော်များများ အိမ်ကိုအဝင်အထွက်ရှိ၏။ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အောင်တို့လည်း မကြာခဏလာသည်။ ထိုစဉ်က ကျွန်တော် မမွေးသေး။ အဖေ ရုပ်ရှင်ဘက်ပြောင်းခါနီး နှစ်နှစ်သုံးနှစ်လောက်ကျမှ ကျွန်တော့်ကို မွေးခြင်းဖြစ်၏။ ထို့ကြောင့် သူတို့က ကျွန်တော့်ကို သိပ်မသိကြ။ အငယ်ဆုံးကောင်လေးဆိုတာလောက်သာ သတိပြုမိမည်။ သူတို့ချီပိုးထိန်းကျောင်းခဲ့ရသော ကိုဝဏ္ဏနှင့် ကိုသုမောင်တို့ကိုသာ သိတာများသည်။ ကျွန်တော်ကလည်း ဘာသိဘာသာနေတတ်သဖြင့် သူတို့နှင့် ရင်းနှီးခွင့်နည်းပါးခဲ့ခြင်းဖြစ်၏။ တချို့တလေလောက်သာ ကျွန်တော် စာရေးဆရာဖြစ်ပြီးမှ ဆုံရခြင်းဖြစ်၏။

ဦးလေးကိုတင်အောင်ကိုတော့ လူမမြင်ဖူးခင်ကပင် စိတ်ဝင်စားခဲ့သည်။ အဖေတို့အမေတို့က သူ့အကြောင်း တဖွဖွပြောကြသောကြောင့်ဖြစ်၏။ သို့ရာတွင် ဦးလေးကိုတင်အောင်သည် အပြင်ထွက်လိုက်၊ အထဲဝင်လိုက်မို့ တစ်ခါတစ်ခါမှသာ မြင်ခွင့်ရသည်။

ကျွန်တော်၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်သော 'ပန်းကျောင်း' စာအုပ်ထွက်တော့ ပင်းယစာပေမှာ ထိုင်လေ့ရှိသော ဦးလေးကိုတင်အောင်ကို သွားပေးခဲ့သေးသည်။ သို့ရာတွင် ကျွန်တော့်ဝသီအတိုင်း သားစုသားပါဟုမပြောဘဲ ပေးခဲ့ခြင်းဖြစ်၏။ သူက 'ကျေးဇူးတင်ပါတယ်' ဟု တလေးတစားပြောသည်။ ကျွန်တော်က စာအုပ်ပေးပြီး ချက်ချင်းပြန်လှည့်ထွက်ခဲ့သည်။ နောက်ပိုင်းကျမှသာ အဖေ့သားဖြစ်မှန်းသူသိသွားပေလိမ့်မည်။

တစ်ရက်တွင် ပုဂံစာအုပ်တိုက်သို့ သွားစရာရှိသဖြင့် (ဖော်ဆိုဦးက) အမှတ်ဆယ့်ငါးဘတ်စ်ကားကို စီးသွားသည်။ တာမွေမှတ်တိုင်တွင် လူအတော်များများဆင်းသွားသဖြင့် လွတ်သောခုံနေရာတွင် ဝင်ထိုင်လိုက်သည်။ ပြတင်းပေါက်ဘက်ခြမ်းမှာ လူကြီးတစ်ယောက်

www.burmeseclassic.com



ထိုင်နေသည်။

အစကတော့ အမှတ်တမဲ့ပါပဲ။ နောက်တော့အပြင်ဘက်ကို ငေးကြည့်ရင်း ဘေးကလူကြီး၏မျက်နှာကို မြင်လိုက်သည်။ ထခုန် မိမတတ်ဖြစ်သွား၏။

ဦးလေး ကိုတင်အောင်ရယ်ပါကလား။

အဖေ၏ အချစ်ဆုံးသူငယ်ချင်းကြီး။ စာပေသမားအားလုံးက လေးစားကြည်ညိုကြသော စာရေးဆရာကြီး။ ထိုသူသည် ကျွန်တော့် ဘေးမှာ ကပ်လျက်ထိုင်နေတာပါကလား။ သူ့အရှိန်အဝါကြောင့် ရှိန်းခနဲဖိန်းခနဲတောင်ဖြစ်သွား၏။ နှုတ်ဆက်လိုက်ရကောင်းမလား။ သို့ရာတွင် ကျွန်တော့်ထုံးစံအတိုင်း နှုတ်ဆွံ့နေမိ၏။

ဆရာဇန်းမော်တင်အောင်၏ စာအုပ်များတွင် 'ဘုန်းမောင် တစ်ယောက်တည်းရယ်၊ ဒေါက်တာရေချမ်း၊ သူပုန်ကြီး၊ ငြေ' စသော ဝတ္ထုကြီးများကို လူပြောများသည်။ ကျွန်တော်ကတော့ 'မြစ်ဇရာ ပေါ်ဝယ်' ကို အကြိုက်ဆုံးဖြစ်၏။

ဘတ်စ်ကားသည် အမဲဈေးကိုလွန်လာသည်။ နှုတ်ဆက်သင့် မသင့် ကျွန်တော်တွေဝေနေဆဲ။ နှုတ်ဆက်လိုက်လျှင် သူ ဝမ်းသာ သွားမှာပဲ။ အစ်ကို နေကောင်းလား၊ ဆရာမကော နေကောင်းလား၊ ဝဏ္ဏကြီး၊ ဗလကြီးတို့ ဘာလုပ်နေကြသလဲ မေးချင်မေးမည်။

သူ စာရေးဖို့ စဉ်းစားငေးမောနေတာလား။ ကျွန်တော် နှုတ် ဆက်လိုက်လို့ အတွေးများပျက်သွားမလား။ ခုချိန်မှာ သူစဉ်းစား နေသောအတွေးတစ်စသည် စာဖတ်ပရိသတ်အတွက် အလွန်အကျိုး ရှိသော အချက်တစ်ချက်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်တော့် ကြောင့် အနှောင့်အယှက်များ ဖြစ်သွားမလား။ ကျွန်တော် ချီတုံချ

www.burmeseclassic.com

www.burmeseclassic.com



တုံ ဖြစ်နေစဉ်မှာပင်–

'ကျွန်တော့်ဆင်းပါရစေ ခင်ဗျာ'

ဟု သူ့ဆီက အသံထွက်လာသည်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ သူသည် ရှေ့မှတ်တိုင်မှာဆင်းဖို့ ထရပ်လိုက်ပြီ။ သူ့ပုံစံသည် ဘေးလူတစ်ယောက်ကို ဖယ်ခိုင်းတဲ့အတွက် အားတုံ့အားနာဖြစ်နေဟန်။ ကျွန်တော်လည်း လိုအပ်တာထက်ပိုပြီး ပျာပျာသလဲဖယ်ပေးမိသည်။ သူသည် ရှည်လျားမြင့်မားသော ကိုယ်ကြီးကို ကိုင်းညွတ်လျက် ကျွန်တော့်ရှေ့မှ ယို့ယို့ကလေး ဖြတ်ထွက်ပြီး ကားပေါ်မှ ဆင်းသွားသည်။ ဘုန်းမောင်တစ်ယောက်တည်းရယ် ဝတ္ထုထဲကကိုဘုန်းနိုင်အတိုင်းပါပဲ။

ကျွန်တော်လည်း ထိုအခါကျမှ နှုတ်ဆက်လိုက်ရအကောင်းသားဟု မချင့်မရဲဖြစ်ရင်း ရင်ထဲကဟာပြီး ကျန်ခဲ့၏။ သူ့ကို ထိုနေ့က နောက်ဆုံးအကြိမ်တွေ့လိုက်ရခြင်းဖြစ်ကြောင်းနောင်ကျမှ သိရသည်။ မကြာမီမှာပင် ဦးလေးကိုတင်အောင် ဆုံးရှာသည်။

ထိုနေ့က သူ ဘာတွေတွေးနေခဲ့သလဲ သိချင်စမ်းလှသည်။

(ရွှေအမြုတေမဂ္ဂဇင်း၊
ဧပြီ၊ ၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com



## အယ်ဒီတာသစ်ငုတ်ဖြစ်စေသတည်း

အယ်ဒီတာတစ်ယောက် လုပ်ရတာ ခုနစ်ထွေအကက ကနေရသလိုပဲဟု သူထင်၏။ ခုနစ်ထွေအကဆိုသည်မှာ မျောက်၊ ဇော်ဂျီ၊ ဘီလူး၊ ဝန်၊ အိုးစည်၊ ဒိုးပတ်၊ စည်တော် (သို့) ဗြောဟု ကြားဖူးသည်။ ခုနစ်ထွေကသူတို့မှာ ခုတစ်မျိုးကနေရာမှ မျက်နှာကိုလက်နှင့်သပ်ချလိုက်ရုံနှင့် ချက်ချင်းအမူအရာတစ်မျိုးပြောင်းပြီး ကချိုးရောဆိုင်းပါပြောင်းသွားတတ်လေသည်။

ခုလည်းဒီအတိုင်းပါပဲ။

စာမူကိစ္စ၊ ဖလင်ကိစ္စ၊ စက္ကူကိစ္စ၊ အင်တာဗျူးကိစ္စ၊ မွေးနေ့ပွဲကိစ္စ၊ ဗီဒီယိုရုပ်ရှင်ရိုက်ကွင်းကိစ္စ၊ ရုံးကိစ္စ ... တွေအတွက် ဟိုပြေးဒီပြေး ဟိုခုန် ဒီခုန်လုပ်နေရတာ တကယ့် မျောက်တစ်ကောင်လိုပါပဲ။

ပြီးတော့ မြန်မာစကားပုံထဲမှာ မျောက်ပြသနတောင်းတယ်ဆိုတာလည်း ရှိသေးသည်။ ခုလည်းစာပေနယ်မှာ ကျင်လည်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံ အပတ်တကုတ် တည်ဆောက်ခဲ့ရသော နာမည်တစ်လုံးတို့ ကိုရင်း၍ အယ်ဒီတာဖြစ်လာ၊ ပြီးတော့ အားနာပါးနာ ဒီမျက်နှာကိုပြ၍ စာမူတောင်းရတာမဟုတ်လား။

ကိုယ့်တိုက်ကကောင်လေးတွေ တလွဲတချော်လုပ်လာတဲ့အခါ မဂ္ဂဇင်းဂျာနယ်ထွက်ရမယ့်ရက်မှာ အချိန်မီမထွက်နိုင်တဲ့အခါ၊ အခြား မဂ္ဂဇင်း၊ ဂျာနယ်တစ်စောင်က ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ စာမျက်နှာပေါ်ငြိတဲ့အခါ ဘီလူးကြိမ်း ကြိမ်းချင်ကြိမ်းရသည်။

မော်ဒယ်ရှိုး၊ ဖက်ရှင်ရှိုးတွေ၊ သရုပ်ဆောင်သစ်ရွေးပွဲတွေမှာတော့ ဖေဖော်ဂျီပေါ့လေ၊ တစ်ခါတလေတော့လည်း ဖာတ်ထဲကဝန်ကြီးတွေလို စကားမျိုးကျတော့ အိုးစည်ဗိုးပတ်ကလေးနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ပျော်ပျော်ပါးပါးပေါ့။ မဂ္ဂဇင်းက ရောင်းအားကျပြီး တစ်လပြီးတစ်လ ဆက်တိုက်အရှုံးပေါ်လာပြီဆိုရင်တော့ စည်တော်ရွှမ်းပြီး ထွက်ရမလားပဲ။

* * * * * * *

တယ်လီဖုန်းသံမြည်လာသည်။ ကောက်ကိုင်ပြီး နားထောင်လိုက်တော့ စက္ကူဆိုင်ကိုလွှတ်လိုက်သည့်ကောင်လေးလှမ်းဆက်ခြင်းဖြစ်၏။

"ယူနေကျစက္ကူက တစ်ထုပ်ငါးဆယ်လော်က် ဈေးတက်သွားပြီတဲ့၊ နည်းနည်းညံ့တာယူရင်တော့ အရင်ဈေးနဲ့ရမယ်တဲ့"

"ဟာ ... စက္ကူဈေးကလည်း ထပ်တက်ပြန်ပြီလား"

သူက ဟောက်လိုက်သည်။ ပြီးမှ စက္ကူဈေးတက်တာ ကောင်

www.burmeseclassic.com



လေးနဲ့ ဘာဆိုင်လို့လဲဟု တွေးမိပြီး

"ဘယ်တတ်နိုင်မလဲ၊ ငွေရှိသလောက် ပေးခဲ့၊ လိုတာနောက်နေ့လာပေးမယ်ပြော"

"ဟုတ်ကဲ့ ... အဲ ... ဖလင်ဖိုးတွေပေးရမယ့်ဟာကို စက္ကူဖိုးထဲထည့်လိုက်ရင်တော့ လောက်မယ်ထင်တယ်"

"ဒါဆိုလည်း တစ်ခုပြတ်အောင်ဖြတ်ခဲ့၊ ဖလင်ဖိုးနောက်နေ့မှ ယူပါလို့ပြော"

ဖုန်းပြန်ချပြီး နာရီကိုကြည့်တော့ တစ်နာရီခွဲပြီ။ ဟိုစာရေးဆရာမလေးက နှစ်နာရီတိတိမှာ စာမူလာယူပါလို့မှာထားသည်။ ခုချိန်သွားမှ အနေတော်ကျမည်။ တော်ကြာမစောင့်နိုင်လို့ အပြင်ထွက်သွားတယ်ဆိုလျှင် မောမည်။ ပြီးခဲ့တဲ့အကြိမ်တုန်းကလည်း ချိန်းထားပြီးမှ စာရေးဆရာကြီးတစ်ယောက်ကန်တော့ပွဲအတွက် ခရီးထွက်လိုက်ရသဖြင့် သုံးရက်လောက်နောက်ကျမှ စာမူသွားယူနိုင်သည်။ စာရေးဆရာမလေးက လာမယူတော့ဘူးမှတ်လို့ တခြားမဂ္ဂဇင်းပေးလိုက်ပြီဆိုသဖြင့် ပက်လက်လန်ခဲ့ရသေးသည်။ ခုတစ်ခါတော့ ဒီလိုမဖြစ်အောင် ရက်ချိန်းအတိအကျသွားမှဆိုပြီး ထအရပ်...

ဖုန်းမြည်လာပြန်သည်။

"မင်းပဲကိုင်လိုက်တော့ကွာ"

လက်ထောက်အယ်ဒီတာလေးကို ပြောပြီးထွက်လာခဲ့သည်။ လှေကားတစ်ဝက်လောက် ဆင်းအပြီးမှာပင်

"အစ်ကို ... အစ်ကို ... ပုံနှိပ်တိုက်ကတဲ့၊ အရေးကြီးလို့တဲ့"

ဟု အပေါ်မှလှမ်းအော်ခေါ်သဖြင့် ပြန်တက်ခဲ့ရသည်။ ဖုန်းကိုကောက်ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

မေးလိုက်သည်။ တစ်ဘက်မှပြောသူမှာ အဖုံးရိုက်သည့်ပုံနှိပ်တိုက်က မန်နေဂျာ။

"ပြဿနာတစ်ခုပေါ်နေလို့ဆရာရေ"

ထင်တော့ ထင်ထားပြီးသား။ ပြဿနာရှိလို့သာ ဖုန်းဆက်တာပေါ့။ အဆင်ပြေနေရင် ဖုန်းဆက်စရာမှမလိုဘဲ။ ထို့ကြောင့်

"ပြောပါဦး ဘာလဲ"

ဟု မေးလိုက်သည်။

"အဖုံးအတွင်းဘက်က ဆေးကြော်ငြာထဲမှာ စာသားမှားနေလို့"

"ဘယ်လိုမှားလို့လဲ"

"အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ မပါရှိပါလို့ရေးရမယ့်နေရာမှာသည့်မှာ အောက်ကမြစ်ကျန်ခဲ့တော့ အန္တရာယ်ဖြစ်စေသည်ဆိုပြီး ဖြစ်သွားတယ်၊ အဓိပ္ပာယ်ကတစ်မျိုးကြီးဖြစ်သွားတာပေါ့"

"ဟုတ်လား၊ အဲဒါဆို မရိုက်နဲ့ဦး ဖလင်မှာ ပြန်ပြင်ရမယ်"

"မရိုက်နဲ့ဦးဆိုလို့မရဘူး။ အခုအရွက် နှစ်ထောင်ကျော်လောက်တောင်ရိုက်ပြီးနေပြီ"

"ဟာဗျာ၊ မရိုက်ခင်စစ်ကြည့်ဖို့ကောင်းတာပေါ့"

"ဗျို့ ဆရာ ... ကြည့်လည်းပြောပါဦး၊ စာလုံးပေါင်းမှားတာက ကျွန်တော်နဲ့မဆိုင်ဘူးလေ၊ ဆရာတို့ပေးတဲ့ ဖလင်အတိုင်း ကျွန်တော်တို့ကရိုက်ရမှာလေ၊ ခုဟာည်း ကာလာကြည့်ရင်းနဲ့တွေ့လို့ စေတနာနဲ့သတိပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျားကို အပြစ်ပြော တာမဟုတ်ပါဘူး။ ကျွန်တော့်ကောင်လေးတွေကိုပြောတာပါ။ ဒီမှာ အဲဒီကိစ္စတော့ ခင်ဗျားပဲကြည့်ပြင်ပေးပါဗျာ။ ဘာမှ မခက်ပါဘူး"

"စက်ကြီးရပ်ပြီးလုပ်ရမှာဆရာရဲ့၊ အချိန်မရဘူး၊ တခြားအဖုံး တွေလည်း နောက်မှာ တန်းစီစောင့်နေတာ၊ ဒီအတိုင်းရိုက်ပြီးတော့ အောက်ကာမြစ်လေးတွေလက်နဲ့ လိုက်ထည့်လိုက်ပါလား"

"မလုပ်ပါနဲ့ဆရာရယ်၊ အချိန်လုနေရတာသိသားနဲ့ လုပ်ပေး စမ်းပါဗျာ၊ နက်ဖြန်ဘီယာ တိုက်ပါ့မယ်"

မနည်းတောင်းပန်ပြောပြီး ဖုန်းချလိုက်ရသည်။ ထို့နောက် စာရေးဆရာမလေးဆီသွားဖို့ အပြေးအလွှားဆင်းလာခဲ့၏။

⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂

ကံကောင်းလို့။

စာရေးဆရာမလေးက ဆံပင်အလှပြင်ဆိုင်သွားကာနီးဆဲဆဲ မှာ အုပ်မိသွား၏။

"ဟိုတစ်ခါတုန်းကလိုပဲ၊ မလာတော့ဘူး ထင်နေတာ"

ဟု ငေါ်တာခံလိုက်ရသေးသည်။ စာမူတော့ရလာသည်။ သူက စာမူခငွေထည့်ထားသော စာအိတ်ကိုပေးရင်း

"စာမူခကို သူများထက်ပိုပေးထားပါတယ်။ ဘယ်သူ့မှတော့ မပြောနဲ့နော်"

ဟု မှာခဲ့ရသေးသည်။

သူ့စိတ်ထဲမှာတော့ စာနယ်ဇင်းခေတ်ဦးတုန်းက သူရိယတို့

www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်မဂ္ဂဇင်းတို့မှ အယ်ဒီတာကြီးများကို သတိရအားကျမိလိုက်၏။ ထိုစဉ်က အယ်ဒီတာများကို တချို့က 'အယ်ဒီတာမင်း' လို့တောင် တရိုတသေ ခေါ်ကြသည်။ တိုက်ပုံအကျီ ပိုးလုံချည်ဝတ်၊ ခေါင်းပေါင်း ကိုအကျအနပေါင်း၍ ရုံးခန်းထဲမှာ အခန့်သားထိုင်ပြီး စာများကို တည်းကြရခြင်းဖြစ်၏။ ဆရာကြီး ပီမိုးနင်းလို ချည်လုံချည်လေးဝတ် ပြီး ပုဝါပါးလေးနှင့် ဖြစ်သလို ခေါင်းပေါင်းတတ်သူမျိုးကို အယ်ဒီတာ စတိုင် ပွဲလှသည်ဆိုပြီး နှာခေါင်းရှုတ်ချင်ကြသေးသည်။

သူတို့ကား ရုံးတစ်လုံးခေါ်တစ်လက်ဆိုသလို ဩဇာအာဏာ ရှိကြသူများဖြစ်၏။ ဘယ် စာရေးဆရာကိုမှ အောက်ကျို့ပြီး စာမူ သွားတောင်းစရာမလို။ ရုပ်ရှင်မင်းသားမောင်ဘတင့်နဲ့လည်း အင်တာဗျူးလုပ်စရာမလို။ ရုပ်ရှင်မင်းသမီး မေမေဝင်း၏ မွေးနေ့ပွဲ လည်း သွားစရာမလို။ ကံကောင်းလေစွ။

* * * * * * *

အလုပ်တိုက်ကို ပြန်ရောက်တော့ လေးနာရီထိုးခါနီးပြီ။ လက် ထောက်အယ်ဒီတာလေးက လူငယ်တစ်ယောက်နှင့် အချီအချစကား ပြောနေသည်။ လူငယ်မှာ ကလောင်သစ်ကလေး တစ်ယောက်ဖြစ် ဟန်တူ၏။ ကုလားထိုင်မှာတောင် ဝင်မထိုင်ဘဲ ရို့ရို့လေးရပ်နေသည်။

သူက

"ကျွန်တော် စာမူပို့ထားတာ သုံးလလောက်တောင်ရှိနေပါ ပြီ၊ အဲဒါမြန်မြန်လေးဖတ်ပေးဖို့"

"ကျွန်တော်တို့လည်း ဖတ်ပေးချင်တာပေါ့ဗျာ၊ ဒါပေမယ့်

www.burmeseclassic.com



ရွှေမှာဖတ်စရာစာမူတွေက တစ်ပုံကြီးကျန်နေသေးတယ်။ တစ်လတစ်လကို ဝတ္ထုချည်းပဲ တစ်ရာလောက်၊ ကဗျာက သုံးရာလောက်ဝင်လာနေတာဗျ။ ခင်ဗျားမစောင့်နိုင်ဘူးဆိုရင် ... ”

“ဟာ ... ဟာ ဒီသဘောပြောတာ မဟုတ်ပါဘူး။ ကျွန်တော်က အဖြေလေးသိချင်တာပါ။ ကြာချင်သလောက်ကြာလည်း ... စောင့် ... စောင့်ပါမယ်”

လူငယ်၏ပုံစံမှာ ချစ်သူ၏ပြင်းပယ်ခြင်းခံရတာထက်တောင်ချောက်ချောက်ချားချားဖြစ်သွားပုံရ၏။ သူနားထောင်နေရင်းက လူငယ်ကို သနားသွားသည်။ ထို့ကြောင့်

“ညီလေး ... နောက်အပတ်လောက်လာခဲ့ကွာ၊ မင်းစာမူကို ရှာပြီး ဖတ်ထားပေးမယ်”

ဟု ဝင်ပြောလိုက်၏။ လူငယ်က သူ့ဘက်လှည့်ကြည့်ပြီး ...

“ခင်ဗျာ ... ဟုတ်၊ ဟုတ်ကဲ့ ... ကျေးဇူးပါပဲဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး” ပြောရင်း ဂျပန်ကားတွေထဲကလို အထပ်ထပ်ဦးညွှတ်ပြီးမှ ထွက်သွား၏။

အင်း ... ဒီကောင်လေးသာ တစ်နေ့နာမည်ကျော်တစ်ယောက်ဖြစ်လာခဲ့ရင် သူ့အိမ်သွားပြီး စာမူချီးမြှင့်ဖို့တောင်းပန်ကောင်း တောင်းပန်ရဦးမှာဟု တွေးနေတုန်း

“အစ်ကိုကလည်း ... ဘာလို့ နောက်အပတ် ချိန်းလိုက်ရတာလဲ”

ဟု လက်ထောက်အယ်ဒီတာလေးက ပြောသဖြင့်

“ငါတို့ ငယ်ငယ်ကလည်း ဒီလိုပဲ၊ မဂ္ဂဇင်းတိုက်တွေ တစ်တိုက်ဝင်တစ်တိုက်ထွက်နဲ့ မျက်နှာငယ်ခဲ့ရတာကိုယ်ချင်းစာမိလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကိုယ်ချင်းစာတာ အရေးမကြီးဘူး။ သူ့စာမူက ပျောက်နေတာ အကျိုးရဲ့"

"ဟော ... ဒါဆိုရင် မျက်နှာပူစရာကြီး ဖြစ်တော့မှာပဲ၊ ကြည့်ပြီးတော့သာ ဖြီးလိုက်တော့ကွာ"

လက်ထောက် အယ်ဒီတာခေါင်းကုတ်နေသည်။ သူ့မှာလည်း ဒါမျိုးတွေခေါင်းခံရပေါင်း များနေပြီကိုး။

"ဒါနဲ့ ... ငါသွားနေတုန်း ဘယ်သူလာသေးလဲ"

"မန္တလေးက ဖုန်းပဲလာတယ်"

"ဘာတဲ့လဲ"

"မဂ္ဂဇင်းအရောင်းကျလို့တဲ့၊ ရှေ့လကျရင် နှစ်ရာလောက် လျှော့ပို့ပါတဲ့"

သူစိတ်ပျက်သွားသည်။

"မန္တလေးအရောင်းကျရင် ရန်ကုန်လည်းကျမှာပဲ၊ ခက်တာပဲ"

"ဂျာနယ်တွေက အပြိုင်အဆိုင်လုပ်လာကြပြီအစ်ကိုရ၊ လူစိတ်ဝင်စားတဲ့အကြောင်းတွေရှာရမယ်။ ကျွန်တော်တို့လည်း တစ်ခုခု လုပ်သွားအောင်လုပ်မှဖြစ်မယ်"

"အင်း ... ငါ့ဆီမှာ စာပေဝေဖန်ရေးတစ်ပုဒ်တော့ရှိတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေ ပါနေတယ်။ စကားလုံးတွေလည်း နည်းနည်းဖောင်းဖြစ်လို့ မသုံးဘဲထားတာ"

"လုပ်သင့်ရင်တော့ လုပ်ရမှာပဲ ထင်တယ်"

"နေပါဦးကွာ၊ ညနေပွဲကျရင် သတင်းထူးလေးဘာလေး ရချင်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



စကားစ ပြတ်သွားချိန်မှာပင် လူတစ်ယောက် ဝင်လာသည်။ သူလျှောက်လာပုံနှင့် မျက်နှာထားကို ကြည့်ကတည်းက တစ်စုံတစ်ရာ မကျေမနပ် ဖြစ်လာမှန်းသိသာသည်။

"လာ ... ထိုင်ပါဆရာ"

ဟု ခရီးဦးကြိုပြုလိုက်သည်။ ထိုသူက ဝင်ထိုင်ပြီးပြီးချင်း

"ခင်ဗျားတို့က ကျွန်တော့်စာမူကို ဘာကြောင့်မသုံးဘဲ ခေါက်ထားရတာလဲ"

"မဟုတ်ပါဘူး ဆရာရဲ့"

"ခေါက်ထားလို့ပေါ့ဗျ။ ဟောဒီမှာ ... "

ယခုလ ထုတ်သော မဂ္ဂဇင်းထဲက စာရွက်ကိုခေါက်ပြီး မှတ်ထားသော စာမျက်နှာကို လှန်၍ လက်ညှိုးထိုးပြပြီး

"သူ့ဝတ္ထုကျတော့ ဘာဖြစ်လို့ ချက်ချင်းပါလာရသလဲ၊ သူနဲ့ ကျွန်တော်နဲ့ တစ်နေ့တည်း နှစ်ယောက်တူတူလာပြီး စာမူတစ်ပုဒ်စီ ပေးခဲ့တာပဲ"

"အဲ ... အဲဒါက ဒီလိုရှိပါတယ်။ ကျွန်တော်တို့က မဂ္ဂဇင်းကို အလေးအပေါ့ချိန်ခွင်လျှာညှိရတယ်လေ"

"ကျွန်တော့်စာမူက ပေါ့နေလို့ပေါ့ ဟုတ်လား"

မဟုတ်ပါဘူး၊ ဆရာရေးထားတာက လေးလေးနက်နက်တွေပါ။ ခုလထုတ်တဲ့မဂ္ဂဇင်းမှာပါတဲ့ စာမူတွေက လေးလေးပင်ပင်ချည်းဖြစ်နေလို့ ဆရာ့စာမူ ခဏချန်ထားတာပါ။ အဲ ဟိုဆရာရဲ့ စာမူကတော့ ဟာသလေးတွေလည်းပါတာနဲ့ ဗဲလင့်စ်လုပ်တဲ့သဘောနဲ့ ထည့်လိုက်ရတာပါ"

"ဩော် ခင်ဗျားတို့က ရယ်ရမှ ကြိုက်တာပေါ့ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အဲဒီလို ပေါ်တောတောတွေတော့ မရေးတတ်ဘူး၊ ဒီတော့ ကျုပ်စာမူ ပြန်ပေး

"ဟာ ... ဒီလိုတော့ မလုပ်ပါနဲ့၊ ကျွန်တော်တို့က ကွန်ပျူတာ စီပြီးလို့ ဖလင်ရိုက်ဖို့တောင် ပေးလိုက်ပြီ"

စာရေးဆရာ၏ တင်းနေသောမျက်နှာ နည်းနည်းပြေသွားသည်။ လုံးဝလျှော့လိုက်တာတော့မဟုတ်။

"ကျွန်တော်တို့က မဂ္ဂဇင်း၊ ဂျာနယ်တွေကရတဲ့ စာမူခလေးနဲ့ ရပ်တည်နေရတာဗျ"ဟု ပြောသည်။ ဒါဆိုသဘောပေါက်ပြီ။ သူကပိုက်ဆံအိတ်ကိုဖွင့်၍ ငါးရာတန်နှစ်ရွက် ထုတ်ပေးရင်း

"စာမူခတော့ တစ်ခါတည်းယူသွားလိုက်ပါဆရာ၊ စာမူလည်း ရှေ့လဆက်ဆက် ပါစေရပါမယ်"

"စာမူခက အဓိကတော့ မဟုတ်ပါဘူး"

ဟု ပြောရင်း ငွေတစ်ထောင်ကိုလှမ်းယူသည်။ ထိုဆရာထွက်သွားတော့မှ

"ဟေ့ကောင်ရေ၊ သူ့စာမူကို အမြန်ဆုံး ကွန်ပျူတာစီပြီး ဖလင်ခန်းကိုပို့လိုက်ပေတော့ ...။ ရှေ့လမပါရင် အဆဲခံနေရဦးမယ်"

မဂ္ဂဇင်းတွေမှာ ပို့စာမူနှင့် တောင်းစာမူဆိုပြီးရှိ၏။ ပို့စာမူဆိုတာက စာရေးဆရာအနေဖြင့် သူ့သဘောနဲ့သူပို့ခြင်းဖြစ်၏။ ထို့ကြောင့် အယ်ဒီတာက မကြိုက်လျှင် ပယ်နိုင်ခွင့်ရှိ၏။ ဒါတောင် တချို့ဆရာတွေက ငါ့စာမူဆိုရင် သုံးကို သုံးရမယ်ဟု ယူဆတတ်ကြ သေးသည်။

နောက်တစ်မျိုးကတော့ မဂ္ဂဇင်းကကို လိုချင်လို့ စာမူတောင်း ရခြင်းဖြစ်၏။ ဒီလိုစာမူမျိုးကျတော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်

www.burmeseclassic.com



ဖြစ်စေ၊ ပြဿနာတစုံတစ်ရာမရှိလျှင် သုံးကိုသုံးပေးရမည်။ ဖြစ်နိုင်သမျှ အမြန်ဆုံးပါအောင်လည်း ထည့်သွင်းဖော်ပြပေးရသည်။

စာစေ့ာကဆရာမှာ တောင်းစာမူအမျိုးအစားတွင် ပါဝင်သည်။ သူ့စာတွေက လေးလေးနက်နက်ရှိသည်။ စာပေနယ်မှာလည်း အထိုက်အလျောက် လူလေးစားခြင်းခံရသည်။ ထို့ကြောင့် မဂ္ဂဇင်း ဂုဏ်ရှိဖို့ စာမူတောင်းရခြင်းဖြစ်၏။ သူ့စာမပါလျှင်မဖြစ် ဆိုတာမျိုးတော့ မဟုတ်။ သူ့စာမူမပါလို့လည်း မဂ္ဂဇင်းစောင်ရေနှင့် စီးပွားရေးကို ထိခိုက်မည်မဟုတ်။

လူငယ်ကြိုက်အရောင်းသွက်ဆရာလေးတွေ ဆရာမလေးတွေ စာမူမပါလျှင်သာ မဂ္ဂဇင်းစောင်ရေကို ခြိမ်းခြောက်နိုင်သည် (အဝါရောင်စာမျက်နှာတွေနဲ့ ထိန်းထားနိုင်လျှင်တော့ တစ်မျိုးပေါ့။)

ဘာပဲဖြစ်ဖြစ် ထိုပုဂ္ဂိုလ်လေးများမှာ သူတို့ခေတ်ဖြစ်နေတော့လည်း တူအရွယ်သံမီးအရွယ်ကိုဖင် ခခယယ တောင်းတောင်းပန်ပန် လုပ်နေရသည်။ ဒါနဲ့တောင် သူတို့က အခန့်မသင့်လျှင် စိတ်ကောက်ချင်သေးသည်။ တချို့ဆို ကိုယ့်ကိုမောက်မောက်မာမာ ခပ်ကြောကြောဆက်ဆံချင်သည့် အရိပ်အယောင်တွေတောင် မြင်ရသေးသည်။ ဒီလိုအခါမျိုးကျတော့ "ဒင်းတို့လေးတွေ နောင်ဘဝကျရင် အယ်ဒီတာဖြစ်ပါစေဗျာ"ဟု စိတ်ထဲက ကျိန်ဆဲမိလေ၏။

* * * * * * *

ငါးနာရီထိုးပြီ။ ဒီနေ့အဖို့ အရေးကြီးဆုံးကိစ္စတစ်ခုကို သွားရတော့မည်။ ကံကောင်းလျှင် မဂ္ဂဇင်းအခြေအနေကို ပြန်လည်ဦးမော့

www.burmeseclassic.com



စေမည့် ခေတ်ပုံတစ်ပုံ၊ သတင်းကောင်းတစ်ပုဒ်ရနိုင်သည်။ ကင်မရာနှစ်လုံးယူသွားရမည်။ သူတစ်လုံးကိုင်မည်။ လက်ထောက်အယ်ဒီတာလေးကို တစ်လုံးကိုင်ခိုင်းမည်။

"ဖလင်မနှမျောနဲ့ကွ၊ တွေ့သမျှရသမျှ ရိုက်သာရိုက်၊ အထူးသဖြင့် သူများသတိမထားမိတာတွေကို ရအောင်ရှာရိုက်"

လက်ထောက်အယ်ဒီတာလေးကို မရိုသတ်ကြားမှာထားပြီး ထူးခြားမှုမှန်သမျှ မှတ်တမ်းတင်စေမည်။ သူကိုယ်တိုင်ကတော့ ကာယကံရှင်နားကပ်နေပြီး ပြောသမျှကို ကက်ဆက်ရီကော်ဒါလေးနှင့် အသံဖမ်းမည်။ ခေတ်ပုံတွေလည်း အဆင်သင့်သလိုရိုက်မည်။

ရှေ့လကျချင် ခေတ်ပုံတွေက ရုပ်ပြဇာတ်လမ်းလေးလို ဖြစ်နေစေရမည်။

စိတ်ကူးနေတုန်း ဖုန်းသံမြည်လာသည်။

"မင်း ကိုင်လိုက်၊ ငါ့ကိုမေးရင် ပြန်သွားပြီလို့ပြော"

ကောင်လေးက ဖုန်းနားထောင်သည်။

"အစ်ကို ... မရှိ ... ပြော် ... ခဏ"

ကောင်လေးက စကားပြောခွက်ကို လက်ဝါးနှင့်အုပ်ပြီး

"အစ်မဆက်တာ"

ဟု ပြောသည်။ သူပြေးသွားပြီး ဖုန်းကိုလက်ဆင့်ကမ်းယူသည်။

"ဟယ်လို"

"မောင်လား၊ အင်း ... ဖေဖေတို့အိမ်ကဆက်တာ၊ ဒီနေ့စောစောပြန်နိုင်မလား"

"စောစောပြန်လို့ မဖြစ်ဘူး၊ မင်းသမီးမွေးနေ့သွားရမှာ ဟုတ်တယ် အရေးကြီးတယ်၊ မင်းသမီးက ဒီနေ့ပွဲမှာ သူလာထိပ်တော့

www.burmeseclassic.com



မယ်ဆိုတဲ့အကြောင်း ကြေညာမယ်လို့ အတွင်းသတင်းရထားတယ်။ သတို့သားလောင်းကိုပါ ထုတ်ပြရင်ပြမှာ၊ ကံကောင်းရင် သတို့သားကို အင်တာဗျူးလုပ်ခွင့်ရနိုင်တယ်၊ မဂ္ဂဇင်းအတွက် အကျိုးရှိမယ့်ကိစ္စပဲ"

"ဒါဆိုလည်းပြီးရောလေ၊ အပြန်ကျရင်သာ ဖေဖေနဲ့စကားပြောလို့ အနှံ့ထွက်နေရင် မကောင်းဘူး"

"စိတ်ချပါ"

"ဒါပဲနော်"

ဖုန်းချသွားသည်။ တကယ်တော့ စာပေနယ်ထဲက လူတွေအားလုံးထဲမှာ အခု ဖုန်းဆက်တဲ့သူကို အကြောက်ရဆုံး၊ အလေးစားရဆုံးပါပဲ။

သူက ထုတ်ဝေသူကိုး။

ရတီမဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



# ပေးစာတစ်စောင်

ကိုကြီးညိုရေ

စာရေးဆရာတွေဟာ တော်တော်လူလည်ကျတယ်နော်။ ဆရာ တင့်တယ်စကားငှားသုံးရရင် 'ခါနာတစ်လုပ်အတွက် စာတစ်ပုဒ်ကို ဝါစာကမာလုပ်ရတာပေါ့ရှင်မရေ' (အဲဒီဆောင်းပါး ... နဘေဆရာမောင်ခိုင်မာနဲ့ ရေးသွားပြီ)။

အခုလဲကြည့်လေ ကိုကြီးညိုနဲ့ ကျွန်တော်ဟာ လူချင်းမကြာခဏတွေ့နေကြတာပဲ။ လူချင်းမဆုံတောင်ပြောစရာရှိရင် ဖုန်းဆက်ပြီး ပြောလို့ရတာပဲ။ ဒါကိုများခုလိုဂျာနယ်ကတစ်ဆင့် စာတစ်တန်ပေတစ်တန်လုပ်နေတာ လူလည်ကျခြင်းတစ်မျိုးပဲပေါ့။

ဒါပေမယ့် တစ်ဘက်ကကြည့်ပြန်တော့ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေးတို့လိုပဲ ပေးစာဆိုတဲ့ စာပေပုံသဏ္ဌာန်တစ်မျိုးကလဲ စာပေနယ်မှာ အထင်ကရရှိခဲ့တာငြင်းလို့မရဘူး။ နေရှုးရဲ့ချစ်သမီးသို့လိုမျိုး ကမ္ဘာကျော်ပေးစာကြီးတွေတောင်ရှိတယ်မဟုတ်လား။ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝတောင် ဂန္တလောကမဂ္ဂဇင်းမှာ ပေးစာတွေရေးခဲ့တာ အထင်ကရပဲလေ။ အခုထုတ်ဝေနေကြတဲ့ စာနယ်ဇင်းတွေမှာဆိုရင်လဲ 'ညီမကလျာရေ' 'ချစ်သော ကိုဝင်းငြိမ်းရေ' အစချီပြီးပေးစာတွေ ရေးနေကြတာပဲ။ စာဖတ်သူအသုံးလှိုင်း၊ အယ်ဒီတာထံပေးစာဆိုတာလဲရှိသေး။ ခုလည်း အယ်ဒီတာချုပ်ထံပေးစာလို့ သဘောထားပေါ့။

ဒီနေရာမှာ ကိုကြီးညိုလို့ သုံးနှုန်းလိုက်တဲ့ကိစ္စကိုပြောရဦးမယ်။ စာရေးဆရာချစ်ဦးညိုကို ရင်းနှီးသူတွေက ဆရာချစ်၊ ကိုချစ်၊ ဗိုလ်ချစ်လို့ခေါ်ကြတယ်။ တူတွေတူမတွေကကျော်ကျော်လို့ခေါ်ကြတာကြားဖူးတယ်။ သူငယ်ချင်းတွေက နာမည်ရင်းကိုကျော်စွာလို့ခေါ်ကြတယ်။ ကျွန်တော်လဲကိုကျော်လို့ပဲ လိုက်ခေါ်ခဲ့တာပဲလေ။ (ကိုကိုချစ်လို့ခေါ်တဲ့လူတစ်ယောက်ရှိကောင်းရှိနိုင်တယ်။)

အဲလွန်ခဲ့တဲ့နှစ်ပိုင်းလောက်က 'စာပေကြော်ငြာစတိုတ်ရှိုးပွဲတော်'ဆိုတဲ့ဝတ္ထုတစ်ပုဒ်ထဲမှာ ဆရာချစ်ဦးညိုတို့စုတွဲစင်ပေါ်တက်သီချင်းဆိုတဲ့အခန်းပါတယ်လေ။ အဲဒီမှာ ... 'ကိုကြီးညိုရေ ... ဗျို့ဗျို့ဗျို့'လို့ အစချီခဲ့တာကိုး။ အဲဒီကျွန်တော့်ဝတ္ထုမဂ္ဂဇင်းထဲပါပြီးတဲ့နောက် ဆရာချစ်ဦးညိုကိုရေးဖော်ရေးဘက်တွေက လမ်းမှာတွေ့ရင် 'ကိုကြီးညိုရေ'လို့စကြနောက်ကြသတဲ့။ ကျွန်တော်ကိုယ်တိုင်လဲ အဲဒီအသုံးအနှုန်းလေးကိုတော်တော်သဘောကျမိလို့ခုလို 'ကိုကြီးညိုလို့ပဲဆက်၍ခေါ်မည်' လုပ်လိုက်တာပါပဲ။

ကဲ ... ကဲ ... အရေးမကြီးတာတွေကို အကျယ်ချဲ့ပြောပြီးတဲ့နောက်တကယ်ပြောချင်တာကို အတိုချုပ်ပြီးပြောကြပါစို့။

ဒီလိုပါခင်ဗျ။ ကိုကြီးညိုရေးတဲ့ 'သမိုင်းမတွင်စေမယ့် သမိုင်းဝင်နေတဲ့စကားများ' ဆိုတဲ့ ဆောင်းပါးတွေဖတ်ရှုခဲ့တက်ကူးမိတာလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပြောချင်လို့ပါ။

အခါတစ်ပါး ပုဂံပြည့်ရှင် နရသိခ်ီမင်းထံကို မိန်းမပျိုတစ်ယောက်ဆက်သလာပါသတဲ့။ အဲဒီမိန်းကလေးကိုဘုရင်ကကြည့်ပြီး နားပေါက်ကလဲအကျယ်ကြီး၊ နားရွက်မလှဘူး။ ဝိုက်ကပူပြီး ခါးစုတ်တယ်ဆိုတဲ့ မှတ်ချက်နဲ့ 'စီအဆင့်' သတ်မှတ်ပြီး ပယ်လိုက်ပါသတဲ့။ ပြီးတော့မှအဲဒီမိန်းကလေးဝေဠုဝတီကိုညီတော်အိမ်ရှေ့စံ နရပတိစည်သူကို စွန့်ကြဲလိုက်ပါတော့တယ်။

ဒီနေရာမှာ မယ်တော်က သားယော်ကိုပိုချင်ဟန်တူတယ်။ ဝေဠုဝတီမင်းသမီးလေးကို သူ့အဆောင်တော်ထဲခေါ်ပြီး နားရွက်ကို လှအောင်ပြုပြင်၊ ကိုယ်လုံးကိုယ်ပေါက်ကိုလဲ ကျစ်ကျစ်လစ်လစ်ဖြစ်အောင်လေ့ကျင့်ခိုင်းလိုက်တော့ ရေရေလည်လည် ချောမောလှပလာပါတော့တယ်။

ဒါကိုလဲမြင်ရော ဘုရင်နရသိခ်ီဟာ ဝေဠုဝတီမင်းသမီးကို လိုချင်တပ်မက်စိတ်ဖြစ်လာတယ်။ ဒါပေမယ့်ညီတော်ကိုပေးခဲ့ပြီးသားမို့ ခယ်မဖြစ်နေပြီ။ ဒီတော့ ဘယ်လိုကြံစည်သလဲဆိုရင် "ငဆောင်ချမ်းအရပ်မှာသူပုန်ထနေတယ်။ ညီတော်သွားနှိမ်နင်းစေ" လို့ အမိန့်ချတယ်။ ညီတော်မရှိမှ ခယ်မကိုသိမ်းမယ်ကြံတာပေါ့။

ညီတော်နရပတိစည်သူကလဲ မသိဘဲဘယ်နေပါ့မလဲ။ အိမ်ရှေ့မင်းသားတစ်ယောက်အနေနဲ့ စစ်ရေးသတင်းတွေအကုန်သိတာပေါ့။ သူပုန်ထတယ်ဆိုတဲ့သတင်းဟာ 'အင်ကြီး' ဆိုတာသိတယ်။ ဒါနဲ့ စစ်ထွက်ချင်ယောင်ဆောင်၊ နန်းတွင်းမှာ စပိုင်တစ်ယောက် ချန်ထား၊ ဘုရင်က ဝေဠုဝတီကိုသိမ်း၊ စပိုင်ကသတင်းပို့၊ နရပတိစည်သူက ကွန်မြူနိဒိုအဖွဲ့တစ်ဖွဲ့လွှတ်ပြီး ဘုရင်ကိုသတ် နန်းတက်။ ဒီလိုကိုး ...

www.burmeseclassic.com

www.burmeseclassic.com



(ဥမ္မာဒန္တီကိုစွတ်ကုန်းကလဲ ဒီသဘောမျိုးဖြစ်ဖူးတယ်။ သိဝိမင်းက ဥမ္မာဒန္တီကို လူမမြင်ဖူးသေးဘဲ ပန်းချီကားကိုကြည့်ပြီး အမယ်အိုဗျာ ဆံပိုက်ထားသလိုပဲဆိုပြီး အဘိပါရကစစ်သူကြီးကိုပေးပစ်လိုက်တာ လေ။ နောက်တော့မှတန်ဆောင်တိုင်မှာ ဥမ္မာဒန္တီကိုတွေ့ပြီး ရူးသွား တာ။)

အဲ ... စောစောကအကြောင်းပြန်ဆက်ရရင် နားရွက်ကစခဲ့ တဲ့ ပြဿနာဟာ နောက်ဆုံးညီအစ်ကိုချင်းသတ်ကြတဲ့အထိရောက် သွားရတာပဲ။ တကယ်လို့များဘုရင်က အငိုက်မမိဘဲ ကြိုတင်ကာ ကွယ်မှုတွေလုပ်ထားခဲ့ရင် ဒီလောက်နဲ့ကိစ္စပြီးမှာမဟုတ်ဘူး။ နှစ် ဘက်စလုံး အလုံးအရင်းအင်အားနဲ့ ဆော်ကြရင် လူတွေအများကြီး သေကြဦးမှာ။ ခုတော့ မြင်းတော်ခံပြေည့်ခများ သတင်းပို့နောက်ကျ တယ်ဆိုပြီး အသတ်ခံရရှာသေးတယ် မဟုတ်လား။

အင်း ... နားရွက်၊ နားရွက်အကြောင်းစဉ်းစားရင်းနဲ့ နောက် တစ်ခု သတိရမိပြန်တယ်။ ဒါက ဂျပ်မ္မာကျော်ခဲ့တဲ့ ဗင်ဂိုးရဲ့နားရွက်ပဲ။ ဗင်ဂိုးဟာ ပန်းချီလောကမှာထိပ်ဆုံးကနေတဲ့ပုဂ္ဂိုလ်တစ်ဦးပဲ။ သူ့ ပန်းချီကားတွေကို မမြင်ဖူးတဲ့လူတွေတောင် သူ့နာမည်ကိုတော့ သိ ကြတယ်။ ဒါကလဲသူ့ရဲ့စိတ်ကူးယဉ်ဆန်တဲ့နားရွက်တစ်ဘက်အ ကြောင်းကြောင့်လို့ဆိုနိုင်ပါတယ်။ သူ့ရဲ့ 'နေကြာပန်းများ' 'အာလူး စားသူများ' ဆိုတဲ့ ပန်းချီကားတွေဆိုရင် အခုချိန်မှာ ဒေါ်လာသန်း ပေါင်း ဆယ်ဂဏန်းချီပြီး တန်နေပြီ။

ဗင်ဂိုးဟာ တစ်ချိန်မှာ စိတ်ဝေဒနာခံစားခဲ့ရဖူးတယ်။ အဲဒီ ကာလအတွင်းမှာ သူဟာ မိန်းကလေးတစ်ယောက်ရဲ့ အိမ်ရှေ့မှာ သွားထိုင်ပြီး တစ်ချိန်လုံးငေးငေးကြည့်နေတတ်တယ်။ တစ်ရက်တော့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကသူ့ကို 'ဗင်ဂိုးရဲ့နားရွက်ကလေးတွေဟာ သိပ်လှတာပဲနော်' လို့ လှမ်းပြောလိုက်တယ်။ ဒီမှာပဲ ဗင်ဂိုးကသူ့နားရွက်တစ်ဖက်ကို ဓါးနဲ့လှီးဖြတ်ပြီး မိန်းကလေးကို လက်ဆောင်အဖြစ်ပေးလိုက်တယ်တဲ့။ မိန်းကလေးကလန့်ဖျပ်ပြီး မူးမေ့လဲကျသွားတယ်ဆိုပဲ။

ဒါက ဗင်ဂိုးနဲ့ပတ်သက်ပြီး လူအတော်များများ ပုံပြင်ဒဏ္ဍာရီဆန်ဆန်ပြောနေကြတဲ့အကြောင်းပဲ။ ဒီအကြောင်းကြောင့်လဲ ဗင်ဂိုးဟာတစ်ခြားပန်းချီဆရာတွေထက် ပိုပြီးလူသိများတာပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ် မှုကွဲတစ်ခုရှိပါသေးတယ်။ ဗင်ဂိုးဟာစိတ်ဝေဒနာခံစားနေရစဉ်အတွင်းမှာ တစ်ခါတစ်ခါဖောက်လာပြီး အတူနေသူငယ်ချင်းဖြစ်သူ ပန်းချီကျော်ဂေါဂင်ကိုသင်ခုန်းဓါးနဲ့တိုက်ခိုက်ခဲ့ဖူးတယ်။ နောက်ပိုင်းအဲဒီကိစ္စအပေါ် ယူကြုံးမရဖြစ်ပြီး သူ့ကိုယ်သူ အပြစ်ပေးဒဏ်ခတ်တဲ့အနေနဲ့ နားရွက်တစ်ဘက်ကို သူ့ဘာသာဓါးနဲ့လှီးဖြတ်ခဲ့တာလို့ ... ဗင်ဂိုးရဲ့ ပန်းချီတွေအကြောင်းရေးထားတဲ့ စာအုပ်တစ်အုပ်မှာဖတ်ရပါတယ်။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဒီနားရွက်တစ်ဖက်ဟာလဲ ကမ္ဘာကျော်ခဲ့ရွာပဲမဟုတ်လား။

နောက်တစ်ခုကတော့ လွန်ခဲ့တဲ့နှစ်ပိုင်းလောက်ကပဲ ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့တဲ့ကိစ္စပဲ။ ကမ္ဘာ့လက်ဝှေ့သရဖူလုပွဲမှာ မိုက်တိုင်စန်က ဟိုလီဖီးရဲ့နားရွက်ကိုကိုက်လိုက်လို့ ရှုတ်ရှုတ်သည်းသည်းပြဿနာတွေဖြစ်ခဲ့ရတာ မှတ်မိသေးတယ် မဟုတ်လား။ အဲဒီကိစ္စတစ်ကမ္ဘာလုံး ဟိုးဟိုးကျော်သွားလိုက်တာ ချောကလက် ဒိုင်မွတ်တစ်ခုကတောင် ထိပ်ပိုင်းလေးပြတ်နေတဲ့နားရွက်ပုံချောကလက်တွေထုတ်လို့ အရမ်းရောင်းကောင်းခဲ့သေးတယ်။ 'မနိုင်၍နားရွက်ကို

www.burmeseclassic.com



ကိုက်ခြင်းသည်လည်းကောင်း’ဆိုတဲ့စကားပုံတစ်ခုတောင် အသစ်ထွင်ဖို့ကောင်းတယ်။ (အဲဒီဟိုလီဖီးဆိုတဲ့ လက်ဖေ့ကျော်ဟာ ဗင်ဂိုး ဝင်စားတာများလားမသိဘူးနော်။)

ဟာဒ်ပဲဖြစ်ဖြစ် ... ဒါတွေဟာလဲ ‘သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ နားရွက်များ’ပဲ မဟုတ်လား။

(ကိုကြီးညိုရဲ့စာအုပ်ကိုဖတ်ရင်း စိတ်ကူးတည့်ရာလျှောက်တွေးမိတာပေါ့ဗျာ။ ဘာရယ်မဟုတ်ပါဘူး။ ပြီးတော့ ရွှေပြည်တန်ဂျာနယ်မှာ စာကောင်း၊ စာသန့်၊ စာခန့်၊ စာလေးတွေများနေတယ်ကြားလို့ ချိန်ခွင်လျှာညှိပေးတဲ့အနေနဲ့ ရေးလိုက်တာပါ နောက်ကိုလဲ ဂျာနယ်မှာ စာကောင်းစာသန့်တွေချည်းပဲများနေရင်ပြောနော် အားမနာနဲ့။)

လေးစားချင်ယောင် ဆောင်လျက်။

(ရွှေပြည်တန်ဂျာနယ်၊
၁/၃၃ ၂၂-၁-၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com



# စာပျင်းသူ

ကျွန်တော်ငယ်ငယ်က ကျောင်းတက်အလွန်ပျင်းသူဖြစ်၏။ ဒါ သိပ်တော့ မဆန်းလှ။ ကလေးငယ်အတော်များများသည် ကျောင်းတက်ရမှာ ပျင်းကြသည်ချည်းပင်ဖြစ်၏။ ကိုယ်နှင့် စိမ်းသော ပတ်ဝန်းကျင်အသစ်တစ်ခုကို ရုတ်တရက်ဆုံတွေ့ရသောကြောင့်ဖြစ်၏။ အိမ်ကို ခင်တွယ်တက်သော၊ မိခင်ကို ခင်တွယ်တက်သော ကလေးမျိုးဆိုလျှင် ပိုဆိုးသည်။ ပြီးတော့ ကျောင်းဆိုတာ အိမ်မှာလို နေချင်တိုင်း၊ ဆော့ချင်တိုင်းဆော့၊ စားချင်တိုင်း စားလို့ရတာမဟုတ်။ အထိုက်အလျောက် စည်းကမ်းတင်းကျပ်မှုတော့ရှိသည်။ ဆရာမဆိုတာကလည်း အမေတို့၊ အဒေါ်တို့၊ အမတို့လို ဆိုးချင်တိုင်းဆိုးလို့ရတာမဟုတ်။ အရင်က တစ်ခါမျှတောင် မမြင်ဖူးခဲ့သောအဒေါ်ကြီး ဆိုတော့ နည်းနည်းတော့ လန့်စရာကောင်းတာပေါ့။ စာတွေ အော်ဆိုရတာ၊ စာရေးရတာ၊ စာကျက်ရတာကလည်း ကစားရတာ

www.burmeseclassic.com



လောက် ဘယ်မှာပျော်စရာကောင်းပါ့မလဲ။

ဘာပဲဖြစ်ဖြစ် ကလေးအများစုသည် ကျောင်းတက်ပြီး မကြာခင်မျာပင် ကျောင်းမှာနေသားကျသွားတက်ကြသည်။ တချို့ဆို အိမ်မှာထက်တောင် ပိုပျော်သွားတက်ကြသေးသည်။ ဆရာမ ဆိုတာလည်း အမေတို့ အဒေါ်တို့လိုပါပဲဟု ယူဆလိုက်ကြတော့သည်။

အနည်းငယ်သော ကလေးငယ်တို့သာ ကျောင်းတက်ပျင်းမှု အချိန်ပို၍ ကြာရှည်တတ်သည်။ ဒီအထဲမှာ ကျွန်တော်က ဗိုလ်စွဲသူ ဖြစ်၏။ တခြားကလေးတွေက ကျောင်းမတက်ချင်လျှင် မျက်ရည်ဝဲရုံ၊ ရှုံ့မဲ့ရှုံ့မဲ့လုပ်ရုံ၊ ကြိတ်ငိုရုံသာရှိသည်။ ကျွန်တော်က ဟောခန်းကြီး တစ်ခုလုံးကြားအောင် အော်ကြီးဟစ်ကျယ်ငိုခြင်းဖြစ်၏။ ပြီးတော့ တခြားကလေးများမှာ ဆရာမချော့လိုက်လျှင် ဒါမှမဟုတ် ငေါက်လိုက်လျှင်ငြိမ်သွားတတ်သည်။ ကျွန်တော်က ချော့လို့လည်း မရ။ ငေါက်လို့လည်း မရဘဲ ပြဿနာရှာတတ်သည်။

ကျွန်တော် ပြဿနာရှာပုံမှာ အိမ်ကစထွက်ကတည်းကဖြစ်၏။ မနက်အိပ်ရာမှထတဲ့အချိန်ကစပြီး အိမ်ဖော်အမကြီးနှစ်ယောက်ညှပ်ပြီး ကျွန်တော့ကို မျက်နှာသစ်သွားတိုက်၊ ကော်ဖီနှင့်မုန့်ကျွေး၊ အဝတ်အစားလဲ၊ ခေါင်းဖြီးပေးကြရသည်။ ကျောင်းသွားဖို့အချိန်ရောက်ပြီဆိုလျှင် အဖေ့တပည့်တွေထဲက အတောင့်တင်းအသန်မာဆုံး တစ်ယောက်က ကျွန်တော့ကိုချုပ်ကိုင် ပွေ့ချီပြီး ကားပေါ်တင်ရသည်။

ဇာတ်လမ်းက ဒီမှာပဲစတင်လေသည်။ ကျွန်တော်က နွံနီးထိုးကန်ကျောက် ရုန်းကန်အော်ဟစ်လေသည်၊ ကျောင်းအတူ သွားကြမည့် အစ်ကိုများနှင့် ကျောင်းပို့ရင်း ဈေးဝယ်သွားမည့် ကြီးဒေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ကားပေါ်မှာ အဆင်သင့်စောင့်နေရသည်။ ကျွန်တော့်ကို ပစ်ကပ်ကားနောက်ခန်းပေါ်တင်ပြီးတာနဲ့ စက်နိုး ဂီယာသွင်းထားနှင့်ပြီးသောကားကို အမြန်မောင်းထွက်ရသည်။ ကျွန်တော်က ကားပေါ်မှ ပြန်ခုန်ချတတ်သောကြောင့်ဖြစ်၏။ ကျောင်းသွားရာ လမ်းတစ်လျှောက်မှာလည်း အဖေ့တပည့်ကို လက်သီးနှင့် တစွတ်စွတ်ထိုးလာခဲ့၏။

ကျောင်းရှေ့မှာ ကားရပ်သောအခါမှာလည်း စနစ်တကျ အကွက်ချ စီစဉ်ကြရလေသည်။ ကျွန်တော့်အထက်က အစ်ကိုဖြစ်သူကိုရှပက ကားပေါ်ကအရင်ဆင်းပြီး ဟောခန်းထဲမှဆရာမကို ပြေး၍ ကျွန်တော်လာပြီဖြစ်ကြောင်း သတင်းပို့ရသည်။ ဆရာမလည်း အသင့် အနေအထားဖြင့် စောင့်နေရလေသည်။ အဖေ့တပည့်က ကျွန်တော့်ကိုဖမ်းချုပ်ပွေ့ချီပြီး ဟောခန်းထဲဝင်လာတာနဲ့ သန့်ရှင်းရေးအလုပ်သမား ကုလားကြီးက 'လာပြီလာပြီ' ဟု အော်၍အချက်ပေးရသည်။ တကယ်တော့ သူအချက်ပေးစရာတောင်မလို ကျွန်တော်၏ အော်ဟစ်ငိုယိုသော အသံက ဟောခန်းထဲ မဝင်ခင်ကပင် ကျယ်လောင်စွာ ကြားနေရပြီ။

ဆရာမလည်း လက်နှစ်ဖက်ကို ဆန့်တန်း၍ စောင့်နေသည်။ အဖေတပည့်က ကျွန်တော့်ကို ဆရာမလက်ထဲထည့်သည်။ ဆရာမက ကျွန်တော့်ကို အတင်းဖက်ထားချိန်တွင် အဖေ့တပည့်လည်း ကားဆီ အမြန်ပြန်ပြေးရသည်။ ဒါတောင်တခါတခါ ဆရာမလက်ထဲက လွတ်အောင်ရုန်းပြီး ထွက်ပြေးသေးသည်။ ထိုအခါ တခြားအခန်းက ဆရာတွေရော သန့်ရှင်းရေးအလုပ်သမားတွေရော တခါတလေ ကာယဆရာပါ ဝိုင်းပတ်ပိတ်ဆို့ပြီးဖမ်းရ၏။ ခုလိုရှက်ရှက်သဲသဲဆူဆူ

www.burmeseclassic.com

www.burmeseclassic.com



ညှံ့ညံ့ဖြစ်နေတာ နေ့တိုင်းပါပဲ။

ကျွန်တော်ကား ကျောင်းမှာနာမည်ကြီးနေလေ့ပြီး ဆရာမတွေရော တခြားကျောင်းသားမိဘတွေကပါ 'အငိုသန်တဲ့ကလေး' ဆိုပြီး မသိသူမရှိအောင် ကျော်ကြားလှသည်။

ကျွန်တော် ငယ်ငယ်ကတက်ခဲ့ရသည့်ကျောင်းမှာ နာမည်ကျော်စိန်ပေါ်ကျောင်းဖြစ်၏။ (ယခု အထက(၆)ဗိုလ်တထောင်) ထိုစဉ်က ပြည်သူပိုင်မသိမ်းရသေး။ ခရစ်ယာန်သာသနာပြုကျောင်းဖြစ်သောကြောင့် ဘုရားသားကြီးတွေကအုပ်ချုပ်သည်။ ခရစ်ယာန်ဘာသာဝင်ကျောင်းသားတွေကို အောတန်းအဖြစ် သီးသန့်ခွဲထားပြီး ဘာသာရေးဆိုင်ရာတွေပါသင်ပေးသည်။ ကျွန်တော်တို့လို ဗုဒ္ဓဘာသာဝင် ကျောင်းသားများနှင့် အခြားဘာသာဝင်ကျောင်းသားများကို ဘီတန်း၊ စီတန်းတွေမှာထားသည်။

သူငယ်တန်းကိုပင် သူငယ်တန်းလေး (L.K.G)၊ သူငယ်တန်းလတ် (M.K.G)၊ သူငယ်တန်းကြီး (H.K.G)ဟူ၍ သုံးဆင့်ခွဲထားပြီး သုံးနှစ်တက်ရသည်၊ ပြီးမှ ပထမတန်းတက်ရသည်။ (ထိုစဉ်က အစိုးရကျောင်းများမှာ သူငယ်တန်းလေးနှင့် သူငယ်တန်းကြီးဟူ၍ နှစ်ဆင့်သာရှိ၏။)

ကျွန်တော်တို့ အတန်းငယ်လေးတွေ တက်ရသော အဆောက်အဦးမှာ အနော်ရထာလမ်းနှင့် ကပ်လျက်မှာရှိသည့် အုတ်တိုက် နီနီကြီးဖြစ်၏။ အောက်ဆုံးထပ်က ဟောခန်းကြီးဖြစ်ပြီး အပေါ်ထပ်တွေက စာသင်ခန်းများဖြစ်၏။

ကျောင်းတက်ခေါင်းလောင်းထိုးလျှင် ဟောခန်းကြီးထဲမှာ ကိုယ့်အတန်းလိုက် နှစ်ယောက်တတွဲ တန်းစီကြရသည်။ ထိုနောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် သီချင်းကို သံပြိုင်သီဆိုကြရသည်။ ပြီးမှ စာသင်ခန်းများဆီသို့ အတန်းလိုက် ညီညာစွာသွားကြရသည်။

ကျွန်တော်တို့ အငယ်တန်းတွေကို အုပ်ချုပ်ရသော ဘရာသာကြီး၏ ရုံးခန်းသည် ဟောခန်း၏ ထောင့်နားက အခန်းကျဉ်းကလေးဖြစ်၏။ သူ့နာမည်မှာ ချားလ်စ်ဖြစ်ပြီး ကျောင်းသားတွေက လွှယ်လွှယ်ကူကူ ဘရာသာချတ်ဟုခေါ်ကြသည်။ သူသည်ကျောင်းမှာ နာမည်ကျော်ကြားနေသော ကျွန်တော့်အကြောင်း သိသွားပုံရလေသည်။

တစ်ရက်မှာ ဆရာမ၏ လက်တွင်းမှ ရှန်းကန်အော်ဟစ် ငိုယိုနေစဉ် သူရောက်လာသည်။ ပြီးတော့ ကျွန်တော်လက်ကိုဆွဲပြီး သူ့ရုံးခန်းထဲခေါ်သွားသည်။ နည်းနည်းတော့လန့်သွား၏။ ရိုက်များရိုက်မလားဟုစိုးရိမ်သွားသည်။

ရုံးခန်းထဲရောက်တော့ ကျွန်တော့်ကို ကုလားထိုင်မှာ ထိုင်ခိုင်းသည်။ ဘီရိုကြီးကိုဖွင့်သည်။ ပုလင်းကြီးတစ်လုံးကို ထုတ်သည်။ သကြားလုံးလေးငါးလုံးယူပြီး ကျွန်တော့်ရှပ်အင်္ကျီအိတ်ထဲထည့်ပေးသည်။ စာအုပ်ဘီရိုထဲမှ ကာတွန်းစာအုပ် တစ်ထပ်ယူလာပြီး ကျွန်တော့်ရှေ့မှာ ချပေးသည်။ ပြီးတော့ အပြင်ပြန်ထွက်သွားသည်။

ကျွန်တော်လည်း သကြားလုံးစားလိုက် ကာတွန်းကြည့်လိုက် ဖိမ်ကျနေတော့သည်။ သို့ရာတွင် ကာတွန်းစာအုပ်တွေက အင်္ဂလိပ်လိုရေးထားခြင်းဖြစ်၏။ ဘာမှနားမလည်၊ အရုပ်တွေသာ လျှောက်ကြည့်နေရ၏။ ကြာတော့ ပျင်းလာသည်။ ရုံးခန်းထဲမှာ နေနေရတာကိုလည်း စိတ်ကျဉ်းကျပ်လာသည်။

ထိုစဉ်မှာ ဘရာသာကြီး မြန်ဝင်လာ၏။ သူက မြန်မာစကား

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါးတတ်သည်။

"ပျင်းနေသလား" ဟု မေးသည်။ ကျွန်တော်ခေါင်းညိတ်ပြသည်။ သူက ပြုံးလိုက်ပြီး သန့်ရှင်းရေး အလုပ်သမားကို လှမ်းခေါ်သည်။ ကျွန်တော်ကို စာသင်ခန်းဆီ ပြန်ပို့ခိုင်းသည်။ ဘရာသာချတ်သည် သူ၏ နည်းဗျူဟာ အောင်မြင်သွားသောကြောင့် ကျေနပ်သွားပုံရ၏။

သို့ရာတွင် သူ့အကြံက ဒါအကုန်ပဲဖြစ်၏။ နောက်နေ့တွေကျတော့လည်း ဗုံရင်းအတိုင်း ပြန်ဖြစ်သွားလေသည်။ ဒီလိုနဲ့ ကျွန်တော်သည် တပတ်မှာ နှစ်ခါလောက် သူ့ရုံးခန်းထဲ လိုက်သွား၊ သကြားလုံးစား၊ ကာတွန်းစာအုပ်တွေကြည့် ပျင်းလာတော့မှ အတန်းထဲသွား၊ ထိုကိစ္စအတွက် ဘရာသာချတ်မှာ ဝတ္တရားတခုလို ဆောင်ရွက်နေရတော့သည်။

တစ်ရက်မှာတော့ သူသည် ကျွန်တော်ကို ထုံးစံအတိုင်း ရုံးခန်းထဲ ခေါ်သွားပြီး ထိုင်ခိုင်းသည်။ သကြားလုံး ပုလင်းကြီးကို ကျွန်တော်ရှေ့မှာ ချသည်။ ပုလင်းထဲမှာတော့ သကြားလုံးတစ်လုံးမှ မရှိ။ သူသည် အင်္ဂလိပ်လိုတဝက် မြန်မာလိုတဝက် ပြောရင်း သကြားလုံးပုလင်းကို ကိုင်ပြလိုက်၊ စာအုပ်ဘီရိုဆီ လက်ညှိုးထိုးလိုက်၊ သူ့နားထင်ကို ထောက်ပြလိုက်၊ လက်မြှောက်လိုက် လုပ်နေ၏။ သူပြောတာကို လုံးစေ့ပတ်စေ့ နားမလည်သော်လည်း သူ့ဟန်အမူအရာကို ကြည့်၍ ဆိုလိုရင်းကို သဘောပေါက်သည်။

"ငါသကြားလုံးပုလင်းလဲ ပြောင်ပြီ၊ ကာတွန်းစာအုပ်တွေလဲ ပေးဖတ်စရာမကျန်တော့ဘူး။ မင်းကတော့ ခုထိ ကျောင်းလာရင် ငိုတုန်းပဲ၊ မင်းကို ငါလက်မြှောက်လိုက်ပြီ" ဟုဆိုလိုခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘရာသာကြီးဓောင် နောက်ကောက်ကျသွားပြီးဆိုတော့ ကျွန်တော်လည်း ထင်တိုင်းကြဲနိုင်ပြီပေါ့။

ဒီလိုနဲ့ တစ်ရက်မှာတော့

ကျောင်းသွားကာနီး ကျွန်တော့်ကို ကားပေါ်အတင်းချုပ်ပြီး တင်ရသည့် တာဝန်ကျသော အဖေ့တပည့်မှာ အပြင်းဖျားနေသည်။ တခြားတစ်ယောက်က အစားဝင်လုပ်ရသည်။ ထိုသူသည် အရင်လူလောက် တောင့်တင်း သန်မာခြင်းလည်းမရှိ၊ လုပ်နေကျမဟုတ်ဖြင့် ကျွမ်းကျင်မှုလည်းမရှိ။ ထို့ကြောင့် အိမ်က ထွက်ကာနီး ကားပေါ် တွန်းတင်ရာမှာ အခက်အခဲ ဖြစ်နေ၏။ သူက တွန်းတင်လိုက်၊ ကျွန်တော်က ပြန်ခုန်ချလိုက်၊ သူတပြန် ကိုယ်တပြန် ဖြစ်နေစဉ်။

ကြီးတော်ကြီးရောက်လာပြီး ကားနောက်တည့်တည့်မှာ ပိတ်ရပ်လိုက်သည်။ သူက တူတွေကို တုန်နေအောင် ချစ်သော်လည်း အဆဲတော့ အလွန်သန်သည်။ ထို့ကြောင့်–

"သေနာလေး ဆင်းရဲရင်ဆင်းကြည့်စမ်း၊ ငါနဲ့တွေ့မယ်"

ပြောပြီးနှစ်ခွန်းသုံးခွန်းထပ်ဆဲသေးသည်။ ကျွန်တော်လည်း စိတ်ဆိုးသွားပြီး စီးထားသည့် ပန့်ရှူးဖိနပ်ကို ချွတ်၍ လှမ်းပေါက်ထည့်လိုက်၏။ ကြီးတော်ကြီး၏ ရင်ဖတ်တည့်တည့်ကို ဖိနပ်အောက်ခံ ဆိုးပြားဘက်နှင့် အံကျသွားမှန်သည်။ မီးပူကျကျနန တိုက်ထားသော ဖြူဖွေးနေသည့် ပဒုမ္မာအင်္ကျီမှာ ဖိနပ်ရာကြီးထင်သွား၏။

ကြီးတော်ကြီးမှာ ဆွေ့ဆွေ့ခုန်အောင် ဒေါသဖြစ်သွားသည်။ ဖိနပ်ရာထင်နေသော အင်္ကျီကို သက်သေခံပစ္စည်းအဖြစ် တင်ပြပြီး အဖေ့ကို တိုင်မှာ ကြိမ်းသေသည်။

အဖေသည် သားတွေကို ရိုက်လေ့မရှိ၊ များသောအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်တတ်သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် ဆော့ကစားခြင်းနှင့်ပတ်သက်၍ ဘယ်အဖေနှင့်မှမတူအောင် အလိုလိုက်တတ်သည်။ ဒါဖြင့် ပညာရေးမှာကျတော့ အရမ်းစည်းကမ်း တင်းကျပ်သလားဆိုတော့မဟုတ်၊ စာကျက်တော့လေဟု သတိပေးတာမျိုးမရှိ၊ စာမေးပွဲကျရင်တော့ ငါနဲ့အတွေ့ပဲဆိုပြီး ခြိမ်းခြောက်တာမျိုးမရှိ၊ အဆင့်ကျသွားလို့ ဆူတယ် ဆိုတာမျိုးလည်းမရှိ၊ အမှတ်ကောင်းလျှင် အဆင့်ကောင်းလျှင် ဆုပေးတာမျိုးသာရှိ၏။

ကျွန်တော်ကျောင်းသွားခါနီး ပြဿနာရှာတတ်တာကိုလည်း အဖေမသိဘဲ နေမှာမဟုတ်၊ အဖေက တစ်ညလုံးအလုပ်လုပ်ပြီး နေမြင့်မှ အိပ်ရာထတတ်သူဖြစ်သောကြောင့် ကျောင်းသွားချိန်မှာ လက်တွေ့မျက်မြင်မဟုတ်သော်လည်း ကြီးတော်ကြီးက သတင်းပို့ တိုင်ကြားခဲ့မှာ ကြိမ်းသေသည်။

အဖေကတော့ ကလေးဆိုတာ အိပ်မှာ ဆော့ကစားရတာကို သဘောကျပြီး ကျောင်းတက်ရတာကို မနှစ်သက်ခြင်းမှာ သဘာဝကျသည်။ နောက်တော့ အသားကျသွားလိမ့်မည်ဟု ယူဆခဲ့သလားမသိ၊ ဘာမှအရေးမယူဘဲ မသိသလို နေခဲ့သည်။

ခုကိစ္စကျတော့ တစ်မျိုးဖြစ်၏။ ကျောင်းမတက်ချင်သည့်ကိစ္စအပြင် ကြီးတော်ကြီးကို ဖိနပ်နှင့်ပေါက်သည့် ကိစ္စပါရှိနေသည်။ ကလေးတစ်ယောက်အနေနှင့် အလွန်ရိုင်းပျသော ခွင့်လွှတ်ဖွယ် မရှိသော ပြစ်မှုကြီးဖြစ်၏။ လူသက်သေပစ္စည်းသက်သေတွေလည်း ရှိနေပြီဆိုတော့ အဖေ့အနေဖြင့်လည်း ထိရောက်စွာ အရေးယူအပြစ်ပေးရပေတော့မည်။

ကျွန်တော်ကလည်း ဒါကို သဘောပေါက်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ပြန်ရောက်ပြီးကတည်းက အိမ်မကပ်ဘဲ လျှောက်ဆက်ဆော့နေလိုက်သည်။ အဖေကလည်း ကျွန်တော့်ကို တကူးတကနဲ့ ရှာခိုင်းတာ ခေါ်ခိုင်းတာ မရှိသဖြင့် စိတ်အေးသွားရ၏။ ကြီးတော်ကြီး၏ တိုင်ကြားချက်ကို အဖေက ပယ်ချလိုက်ပြီထင်တယ် ဆိုပြီးတော့လည်း ဝမ်းသာသွားလေ၏။

နောက်တစ်နေ့မနက် ကျောင်းသွားခါနီးကျတော့ ထုံးစံ အတိုင်း ကျွန်တော့်ဇာတ်ပြသည်။ အဖေ့တပည့်က ချုပ်ကိုင်ပြီး ကားဖေါ်တွန်းတင်၊ ကျွန်တော်က ပြန်ခုန်ချမည်ပြု၊ သူကကာထား၊ ကျွန်တော်ကလက်သီးနှင့်ထိုး . . . . . ။

ထိုစဉ် အိမ်ပေါက်ဝမှ မားမားကြီးရပ်ပြီးကြည့်နေသော အဖေ့ကို လှမ်းမြင်လိုက်သဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။ အဖေသည် နေမြင့်မှအိပ်ရာထတတ်သူဖြစ်သဖြင့် ကျွန်တော်က လွတ်လွတ် လပ်လပ် စိတ်ထင်တိုင်း၊ သောင်းကျန်းနေခဲ့ခြင်းဖြစ်၏။ ခုတော့ အဖေက ဘာကြောင့်အစောကြီးနိုးနေရသလဲ၊ ကျွန်တော့်ကို လက်ပူးလက်ကြပ် ဖမ်းချင်လို့လား၊ ဒါဆိုလျှင်တော့သွားပြီ။

အဖေသည် ကားရှိရာသို့ လျှောက်လာသည်။ ကျွန်တော်လည်း ရင်တထိတ်ထိတ် စောင့်နေရ၏။ အဖေ့မျက်နှာကို မကြည့်ရဲသဖြင့် ခြေထောက်တွေကိုသာ မျက်ခြေမပြတ် လိုက်ကြည့်နေမိသည်။ အဖေသည် ကားနောက်ဘက်ကို လျှောက်လာပြီးမှ ဘာမှမပြော၊ ဘာမှလည်း မလုပ်ဘဲ၊ ဆက်လျှောက်သွားပြီး ကားရှေ့ခန်းတံခါးကို ဖွင့်၍ဝင်ထိုင်လိုက်သည်။

ဒီတော့မှ . . . . အဖေစောစောထတာ ကျွန်တော့်ကြောင့် မဟုတ်ဘဲ သူ့ဘာသာ တခြားကိစ္စရှိလို့သာဖြစ်ကြောင်း သိလိုက်ရပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာရာရသွားသည်။

ကျောင်းသို့သွားရာ လမ်းတလျှောက်မှာတော့ အရင်နေ့တွေကလောက် ပြဿနာမရှာသည့်တိုင် အဖေ့တပည့်၏ လက်မောင်းကိုတော့ လက်သီးနှင့်ကြိတ်ပြီးထိုးနေခဲ့၏။

ကန်တော်ကြီးစောင်းရှိ ဓာတ်ဆီဆိုင်မှာ မော်တော်ကားဆီဝင်ထည့်သည်။ ဓာတ်ဆီထည့်ပြီးသောအချိန်မှာ ကားပေါ်ကဆင်းပြီး နောက်ဘက်ကို လျှောက်လာသည်။ ကားနောက်ဘက်အစွန်ဆုံးမှာ ထိုင်နေသော ကျွန်တော်ရှေ့မှာ လာရပ်ပြီး။

"သားကကျောင်းမသွားချင်ဘူးဆို"

ဟု မေးသည်။ ရုတ်တရက်ဆိုတော့ ကြောင်ပြီးခေါင်းညိတ်လိုက်မိသည်။ အဖေက ခေါင်းတချက် ဆတ်ပြီးနောက် ကျွန်တော့်ကို ချိုင်းကနေ ဇွတ်ကနဲချီမြှောက်ပြီးအောက်ကိုချလိုက်သည်။ ထို့နောက်–

"အေး . . . ကျောင်းမသွားချင်လဲ ဒီမှာပဲနေခဲ့ပေါ့ကွာ"

ဟု ပြောပြီး ကားနောက်ခန်းပေါ် ခုန်တက်လိုက်သည်။ ဒရိုင်ဘာကလည်း ကြိုတင်မှာထားသည့်အတိုင်း အဖေကားပေါ် တက်လိုက်ချိန်မှာပင် ဝူးခနဲမောင်းထွက်သွားသည်။

ဓါတ်ဆီဆိုင်ရှေ့က လမ်းပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားရ၏။ စိုးရိမ်အားငယ်သွားလိုက်ပုံကလည်း ပြောဖွယ်ရာမရှိ။

"မထားခဲ့ပါနဲ့ . . . လိုက်မယ်၊ လိုက်မယ်"

အော်ဟစ်ငိုယိုပြီး ကားနောက်ကိုပြေးလိုက်သည်။ ကားကရပ်မပေးဘဲ၊ ဆက်မောင်းသွားသည်။ တစ်ဖါလုံလောက်ရှိမှ ရပ်စောင့်နေသည်။ ကျွန်တော်လည်း ပန်းစင်ကာနီးတာတကြိုမပြေးသမား တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လို အာကုန်ညစ်ပြီး ပြေးသည်။ ပြီးတော့ ကားပေါ်ကို အလျှင်အမြန် ကုပ်တွယ်တက်လိုက်လေသည်။

နောက်တနေ့ကစပြီး ကျောင်းသွားလျှင် ပြဿနာမရှာ တော့ပါ။ ကားပေါ်ကို ကိုယ်ဘာသာအသာတကြည်တက်သည်။ လုံးဝမှတ်လောက်သားလောက်ဖြစ်သွားတာမျိုးတော့မဟုတ်ပါ။ အခြေအနေအရခဏငြိမ်နေခြင်းသာဖြစ်၏။ နောက်ပိုင်းကျတော့ ကျောင်းမတက်ရအောင် ပညာသာပါပါ လုပ်လာသည်။

ကျောင်းသွားခါနီးမှ ကပ်၍ဗိုက်နာတယ်ဆိုပြီး အိမ်သာထဲ ဝင်ထိုင်နေသည်။ မျက်နှာသစ်ရာမှာ အဝတ်အစားလဲရာမှာ၊ အစားအသောက် စားရာမှာ နှောင့်နှေးအောင်လုပ်သည်။ တမင်တကာ ကျောင်းနောက်ကျအောင်လုပ်ခြင်းဖြစ်၏။

ဒီလိုနေ့မျိုးတွင် သိမ်ဖြူကုန်းတံတားကျော်ပြီး အနော်ရထာလမ်းဘက် ကွေ့လိုက်သည့်အချိန်မှာပင် ရင်တထိတ်ထိတ်ခုန်ရသည်။ ကျောင်းရှေ့ ရောက်လို့ ဝင်းတံခါးပိတ်ထားတာမြင်လျှင် ထခုန်မိ မတတ် ဝမ်းသာသည်။ တံခါးပွင့်နေတာမြင်ရလျှင်တော့ . . . ထိုင်ငိုချင်လောက်အောင် စိတ်ဓာတ်ကျရလေသည်။

တချို့နေ့တွေကျတော့ ဗျူဟာတမျိုးပြောင်းသည်။ ကျောင်းသွားရာမှာ နှောင့်နှေးကြန့်ကြာအောင် ဘာမှမလုပ်ဘဲ အေးအေးဆေးဆေး လိုက်သွားသည်။ ကျောင်းရှေ့ရောက်မှ ဗုက်ဖဲကိုထုတ်ခင်းသည်။

"ဟင်း . . . . အိမ်မှာ လွယ်အိတ်မေ့ကျန်ခဲ့ပြီ"

ထို့ကြောင့် နောက်ရက်တွေကျတော့ အိမ်ပေါ်အစ်မကြီး တစ်ယောက်က လွယ်အိတ်မမေ့ရအောင် သတိပေးဖို့ တာဝန်ယူရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့များ ကျောင်းတက်မှာ ဘယ်လောက်ထိ ပျင်းသလဲ ဆိုတာ သာဓကတစ်ခုပြအုံးမည်။

မနက်ကျောင်းသွားဖို့ကားထွက်လာပြီဆိုရင် အိမ်မှာမွေးထားသည့် ခွေးတွေထဲက၊ မီကီ ဆိုသော ခွေးကြီးတစ်ကောင်သည် ခြံဝအထိ နောက်ကပြေးလိုက်လာတတ်သည်။ တချက်နှစ်ချက်ဟောင်၍ နှုတ်ဆက်ပြီးမှ ပြန်လှည့်ပြေးသွားတတ်သည်။ မီကီ ကိုကြည့်ပြီး ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခုဝင်လာသည်။

"ငါသာ မီကီ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ ခွေးဆိုရင် ကျောင်းတက်ရမှာ မဟုတ်တော့ဘူး"

ဆိုသောဆန္ဒဖြစ်ပေါ်လာခဲ့ခြင်းပင်ဖြစ်လေ၏။

ကြီးလာသောအခါ ခွေးဖြစ်ချင်စိတ် မရှိတော့ပါ။ တမျိုးပြောင်းပြီး ငှက်ဖြစ်ချင်စိတ်ပေါ်လာသည်။ ငှက်က ခွေးထက်ပိုပြီး လွတ်လပ်သည်။ သူ့မှာသခင်လည်းမရှိ၊ ဘယ်ကိုပျံပျံ ဘယ်မှာနားနား ကြိုက်သလိုနေနိုင်သည်။ ပြီးတော့ကောင်းကင်မှာပျံဝဲပြီး လောကကြီးကို အပေါ်စီးမှ ကြည့်မြင်နိုင်သည်။

တကယ်တော့ ကျွန်တော်သည် ခွေးမဖြစ်ခဲ့သောကြောင့် ကျောင်းတွေတက်ခဲ့ရပြီး ငှက်လည်းမဖြစ်သောကြောင့် ကောင်းကင်ပေါ်ပျံဝဲခွင့်လည်းမရဘဲ၊ စာရေးဆရာတစ်ယောက်သာ ဖြစ်လာသောကြောင့် စားပွဲမှာထိုင်ပြီး စာတွေတကုပ်ကုပ် ရေးနေရရှာလေသည်။

ငယ်ငယ်က ကျောင်းတက်ရမှာပြင်းသော ရောဂါတစ်မျိုး အသွင်ပြောင်းပြီး စာရေးရမှာပြင်းသောအကျင့် ဝင်ရောက်လာသည်။ ကျွန်တော်က ဘောလုံးကန်ခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ စာဖတ်ခြင်း၊ တွေးတောခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းနှင့်

www.burmeseclassic.com



အိပ်စက်ခြင်းတို့ဘက်မှာသာ ဖွံ့ရှိသူဖြစ်၏။ စာရေးဖို့ကျတော့ လုံးလ ဝီရိယအင်မတန် ခေါင်းပါးသည်။

စာတစ်ပုဒ်စရေးဖို့ အရေး၊ အမျိုးမျိုးအကြောင်းရှာပြီး နှောင့်နှေးအောင် လုပ်တတ်သည်။ ငယ်ငယ်ကကျောင်းသွားခါနီး လုပ်သလိုမျိုးပေါ့။ စာရေးကာနီးကျမှကပ်ပြီး အိမ်သာတက်တာမျိုး စာရေးစာပွဲမှာ ထိုင်ပြီးကာမှ သတင်းစာရောက်လာလို့ ယူဖတ်နေ လိုက်တာမျိုး မီးပျက်တာကို အခွင့်ကောင်းယူလိုက်တာမျိုး အိမ်ဗာ ဟီရကိစ္စ၊ လူမှုရေးကိစ္စတွေကို အကြောင်းပြလိုက်တာမျိုး။

ငယ်ငယ်က ကျောင်းသွားကာနီး လွယ်အိတ်မေ့ကျန်ချင် ယောင်ဆောင်သလို ဘောလ်ပင်ကို ဝှက်ထားတာတို့ ရေးလက်စ စာမူရှာမတွေ့ချင်ယောင်ဆောင်တာတို့ လုပ်ခွင့်မသာတာတော့ တစ်ပိုင်းရှုံးသည်။

ရေးပြီဆိုတော့လည်း စာတစ်ပိုဒ်လောက်ရေးပြီး ပတ်လက်ကု လားထိုင်မှာသွားထိုင်၍ ဆက်ရေးဖို့စဉ်းစားသည်။ ရေးလက်စ အကြောင်းစဉ်းစားယင်းက မဆိုင်တာတွေပါ လျှောက်တွေးနေမိပြီး စာရေးစာပွဲဆီ တော်တော်နဲ့ ပြန်မရောက်ဖြစ်တော့။ စားပွဲမှာ ထိုင်နေ တိုင်းလည်း စာရေးတာလို့ ပြောလို့မရ။ လက်တကမ်းမှာရှိသော မဂ္ဂဇင်းတစ်စောင်ကို ကောက်လှန်ရင်း မျှောပါသွားတာ အကြိမ်ကြိမ်။

ခုလို စာရေးပျင်းသောကြောင့် မဂ္ဂဇင်းဂျာနယ်များ၏ စာမူ လိုအပ်ချက်ကို အလျှင်မီအောင် မဖြည့်ဆည်းပေးနိုင်သဖြင့် အားနာရ၊ မျက်နှာပူရ၊ တောင်းပန်ရ၊ အထေ့အငေါ့ခံရ၊ စိတ်ကောက်ခံရ၊ ဆူပူ ကြိမ်းမောင်းခံရပေါင်းလည်း မနည်းတော့ပါ။ (ကလျာမဂ္ဂဇင်းအတွက် ရေးမပေးနိုင်တာ တစ်နှစ်ခွဲလောက်ကြာခဲ့ပြီဖြစ်ကြောင်းကိုသာ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့။ ဆရာမကလျာကြီးက သဘောကောင်းလို့ တော်သေးသည်။ သူ့ခမျာ "စာမူလေးများ ရနိုင်ရင်တော့ လိုချင်သားကွယ်" ဟူ၍သာ လေအေးကလေးနှင့် သတိပေးရှာသည်။)

မနှစ်တုန်းကတော့ ကိုယ့်ကိုယ်ကို တာဝန်ဝတ္တရားနှင့် အပိုင်ချည်မှ ရေးဖြစ်တော့မှာပဲဆိုပြီး၊ သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းနှင့် အစီအစဉ်တစ်ခုလုပ်သည်။ တစ်လဝတ္ထုရှည်တစ်ပုဒ်နှုန်းဖြင့် ဆယ်လဆက်တိုက်ရေးရန်ပြီးလျှင် စာအုပ်အဖြစ် ပြန်ထုတ်ရန်သဘောတူပြီး ကတိပေးလိုက်၏။ သူတို့ကလည်း ဒီအကြောင်းမဂ္ဂဇင်းထဲမှာ လူသိရှင်ကြားကြေညာလိုက်သည်။

ပရိသတ်ကိုပါ ကတိပေးပြီးပြီဆိုတော့ မရေးလို့မဖြစ်တော့။ လစဉ် အဆက်ပြတ်လို့လည်းမဖြစ်တော့။ အစပိုင်းတုန်းကတော့ တော်တော်အဆင်ပြေသည်။ လစဉ် ဆယ်ငါးရက်နေ့မှာ စာမူအချိန်မီပေးနိုင်သည်။ ကြာလာတော့လက်ပန်းကျချင်လာသည်။ အပျင်းရောဂါလေးကလည်း ခေါင်းထောင်ချင်လာသည်။ ဒီလိုနဲ့ တချို့လတွေမှာ တစ်ရက်နှစ်ရက် နောက်ကျချင်လာသည်။

တစ်လကျတော့ နှစ်ဆယ်ရက်နေ့ရောက်သည်အထိ စာမူက မပြီးသေး။ ဝတ္ထုအဆုံးပိုင်းမှာ အခက်အခဲတွေ့နေရခြင်းဖြစ်၏။ ဇာတ်သိမ်းခန်းမှာ အရင်က စဉ်းစားထားတာကို အားမရဘဲ ဖြစ်နေ၏။ ဘယ်လိုပြင်ရေးရမလဲဆိုတာကိုလည်း စဉ်းစားလို့မရ၊ ထို့ကြောင့် ရှေ့မဆက်နိုင်ဘဲ တစ်နေခြင်းဖြစ်၏။

ဒီကြားထဲမှာ တာဝန်ခံအယ်ဒီတာကောက်နွယ်ကနေ့ခင် က ဖုန်းတကျီကျီဆက်ပြီး "မပြီးသေးဘူးလား၊ ဖောင်ပိတ်တော့မယ်၊ ခင်ဗျားစာမူတစ်ခုပဲ လိုတော့တယ်။ မဂ္ဂဇင်းထွက်ရက်နောက်ကျရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်ဗျားတာဝန်ပဲ”။

ဟု ငှက်ဆိုးထိုးသံဖြင့် လှမ်းလှမ်းကြိမ်းနေသည်၊ လစဉ်ပုံမှန် ရေးပါမည်ဟု ပရိသတ်ကို ကတိပေးထားတာ ဖျက်လို့မဖြစ်။ ထို့ကြောင့် နက်ဖြန်မနက် လာယူဗျာဟု ချိန်းဆိုလိုက်၏။ ဒီတော့ ညတွင်းချင်းပြီးအောင် ရေးရတော့မည်။ တစ်ညလုံးမအိပ်ဘဲ ရေးသင့်လျှင် ရေးရတော့မည်။

ဇာတ်သိမ်းခန်းကို ညနေလက်ဖက်ရည်ဆိုင်ထိုင်ရင်း၊ စဉ်းစားသည်မရ။ ညဦးပိုင်းမှလည်း ခေါင်းထဲပေါ်မလာ၊ ည၌နက်လေလေ၊ လူကကျလာလေလေ ဖြစ်၏။ အိမ်ချင်ပြေအောင် ကော်ဖီဖျော်သောက်သည်။ စားပွဲမှာထိုင်ပြီး ဇာတ်သိမ်းခန်းကို အမျိုးမျိုးစဉ်းစားကြည့်သည် မကြိုက်သေး။

အကျင့်ကလည်းမကောင်း၊ ကော်ဖီသောက်ပြီးကာမှ မျက်လုံးကျယ်ပြီး လန်းဆန်းလာရမည့်အစား၊ ပိုတောင်အိပ်ချင်လာသလိုပဲ၊ အမှန်တော့ အပြင်းအထန် စဉ်းစားရသောကြောင့် ဦးနှောက်က ပင်ပန်းပြီး အနားယူချင်လာခြင်းဖြစ်၏။

အာရုံပြောင်းပြီး စိတ်ကြည်လင်လန်းဆန်းသွားအောင်လုပ်မှဖြစ်မယ်ဆိုပြီး ပြတင်းပေါက်မှာ သွားရပ်၍ အပြင်က ညရှုခင်းကို ငေးကြည့်နေလိုက်သည်။ အပြင်မှာ လကတော်တော်သာနေသည်။ ကျွန်တော်က လွှဲလျှင် ပတ်ဝန်းကျင်တစ်ခုလုံး လရောင်အောက်မှာ လန်းဆန်းနေကြသည်။ သစ်ပင်တွေတာ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာ ဟန်ရေးပြနေကြသည်ဟု ထင်ရ၏။

အိမ်ဘေးက လမ်းသွယ်သွယ်လေးပေါ်မှာတော့ အိမ်မှာမွေးထားသော ခွေးသားအမိသုံးကောင် ဆော့ကစားနေကြသည်။ တစ်

www.burmeseclassic.com



ကောင်နှင့်တစ်ကောင် ကလူကျီစယ်ရင်း လိုက်တမ်းပြေးတမ်းကစားလိုက်၊ နပမ်းလုံးလိုက် ပျော်ရွှင်မြူးထူးစွာ ခုန်ပေါက်နေကြ၏။

ထိုအခိုက်မှာ ငယ်ငယ်က ခွေးဖြစ်ချင်စိတ် ဒပါခဲ့မိတာကို သတိရပြီး ပြောလိုက်မိ၏။ အခုလည်း ငါသာခွေးဖြစ်ရင် ဒီလိုအပင်ပန်းခံ ဦးနှောက်ခြောက်ခံပြီး စာတွေရေးနေရာမှာ မဟုတ်ဘူးဆိုသော ဆန္ဒမျိုးဖင်ချင်လာမိသည်။

တော်ပြီ၊ ဒီညဝတ္ထုဆက်မရေးတော့ဘူး။ ဖြစ်ချင်တာဖြစ်၊ နက်ဖြန်မဂ္ဂဇင်းတိုက်က စာမူလာယူရင်လည်း မပြီးသေးဘူး။ နောက်ခနှမှလာလို့ ပြောလိုက်မယ်။ သူတို့မစောင့်နိုင်လို့ ငါ့ဝတ္ထုမပါဘဲ မဂ္ဂဇင်းထွက်ချင်လည်း ထွက်ပစေတော့ဟု ရုတ်တရက် ဆုံးဖြတ်ပြီး အိပ်ရာထဲ ထိုးဝင်အိပ်ပစ်လိုက်သည်။

ကျွန်တော်သည် ပစ်ကပ်ကားတစ်စီး၏ နောက်ခန်းမှာ ထိုင်လိုက်လာသည်။ ကားက မြို့ထဲဘက်ကို ဦးတည်သွားနေ၏။ ကန်တော်ကြီးစောင်းအရောက်တွင် ကားရပ်လိုက်သည်။ ကားရှေ့ခန်းမှ လူကြီးတစ်ယောက်ဆင်းလာပြီး ကျွန်တော့်ရှေ့မှာရပ်သည်။ ကျွန်တော်အရမ်းအံ့သြသွား၏။ ဟင်း ····· အဖေပါလား။ အဖေက ဆုံးပြီးပဲ။ ခု ဘာလို့ ပြန်လာတာလဲ။

အဖေက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး

"မင်းက စာရေးဆရာဖြစ်ပြီး စာမရေးချင်ဘူး ဟုတ်လား"

"ပြောပြောဆိုဆို ကျွန်တော့်ကို ချိုင်းမှကိုင်၍ စွေ့ကနဲ့ မြှောက်ပြီး လမ်းပေါ်ချလိုက်သည်။ ပြီးတော့

"အေး ···· စာမရေးချင်တဲ့ကောင် အဲဒီမှာဘဲ နေခဲ့ပေတော့"

အဖေ ကားပေါ်ခုန်တက်လိုက်စဉ် ကားက ရှူးကနဲ့ မောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားၿ၏။ လမ်းပေါ်မှာ ကျွန်တော်တစ်ယောက်ထည်း ကျန်ခဲ့သည်။ ကျွန်တော် အရမ်းထိတ်လန့်သွားပြီး ကားနောက်ကို အမောတကော ပြေးလိုက်သည်။ ကားက တဖြေးဖြေး ဝေးသွားသည်။ ထိုနောက် လေထဲပျံတက်ပြီး တိမ်တွေကြားထဲ တိုးဝင်ပျော်ကွယ်သွားသည်။

"အဖေရေ" ဟု သံကုန်အော်လိုက်စဉ်–

ကျွန်တော်အိပ်ရာမှ လန့်နိုးလာသည်။ တကိုယ်လုံးချွေးတွေ ရွှဲနစ်နေ၏။ မောလည်းမောနေသည်။ အိပ်မက်မှန်းသိသော်လည်း တကယ်ဖြစ်ခဲ့သလို ခံစားရသည်။ ရေထသောက်ပြီး နာရီကိုကြည့်တော့မနက် "ငါးနာရီ"

ကျွန်တော်သည် အိပ်ရာထဲပြန်မသွားတော့ဘဲ စာရေးစားပွဲမှာ ဝင်ထိုင်လိုက်၏။

( ကလျာမဂ္ဂဇင်း၊ ၂၀၀၁၊ ဩဂုတ် )

www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ခမ်း၏ထောင့်စွန်းများ

အပြုံးဆိုသည်မှာ ရယ်မောခြင်းအသေးစားဟု ဆိုကောင်းဆိုနိုင်လိမ့်မည်။ သို့တည်းမဟုတ် ရယ်မောခြင်းအပျော့စားလည်းဖြစ်ချင်ဖြစ်မည်။ ရယ်မောခြင်း၏ ပထမအဆင့်လည်းဖြစ်နိုင်သည်။ ရယ်မောခြင်းကို သံခိပ်လုပ်ထားခြင်းမျိုးလည်း ပြောလို့ရလျှင်ရမည်။

ရယ်မောခြင်းကို အစိပ္ပာယ်အမျိုးမျိုးဖွင့်ကြသလို အပြုံးကိုလည်း ရှက်ပြုံး၊ လှောင်ပြုံး၊ မချိပြုံး စသည်ဖြင့် သရုပ်ခွဲကြဖြန်သည်။ လူဟူ၍ ပေါ်ဦးစတုန်းက တစ်ယောက်နှင့်တစ်ယောက်တွေ့ဆုံကြရာ ရန်မူလိုသောဆန္ဒမရှိကြောင်း နှစ်လိုဖွယ်မျက်နှာအမူအရာလုပ်ပြရာမှ အပြုံးဟူ၍ စတင်ပေါ်ပေါက်လာခြင်းဖြစ်နိုင်၏။ နောက်ပိုင်းကျမှ လူတို့၏ဝါသနာအတိုင်း အမျိုးမျိုး ချဲ့ကားတီထွင်ကြသဖြင့် ရှက်ပြုံးတွေ၊ မဲ့ပြုံးတွေ ထပ်ပေါ်လာခြင်းဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ခုခေတ်လူတွေ ဘယ်လိုအခါမျိုးမှာ ပြုံးကြပါသလဲ။

လူချင်းဆုံသည့်အခါ အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးသည်။ တစ်ယောက်က မဟုတ်တာလုပ်နေကြောင်းသိသည်။ နှုတ်ကဖွင့်မပြောချင်သောအခါ လှောင်ပြုံးပြုံးသည်။ တစ်ခါတလေ ရယ်စရာကိုတွေ့သည်။ နေရာဒေသကိုလိုက်၍ လွတ်လွတ်လပ်လပ် ရယ်ချင်ရယ်မိမည်။ အခွင့်မသာလျှင် ရယ်မောခြင်းကို ချုပ်တည်း၍ ပြုံးရုံသာပြုံးလိုက်ရတာမျိုးလည်းရှိ၏။ တစ်ခါတစ်ရံ ရင်ထဲကခံစားချက်နှင့် ဆန့်ကျင်ပြီး အခြေအနေအရ မချိုပြုံး ပြုံးလိုက်ရတတ်သည်။

တကယ်လို့ တစ်ကိုယ်တည်းနေရင်း ပြုံးနေသူတစ်ယောက်ကိုတွေ့လျှင် စိတ်မနှံ့ရှာဘူးထင်ပါရဲ့ဟု ထင်ကောင်းထင်မိကြပါလိမ့်မည်။ တကယ်စိတ်မနှံ့တာလည်း ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် ရယ်စရာကောင်းသော အဖြစ်အပျက်တစ်ခုကို ပြန်တွေးမိသောကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့တည်းမဟုတ် လောကကြီး၏ ကမောက်ကမ အဖြစ်အပျက်များကို တရားကျပြီး ပြုံးနေတာကော မဖြစ်နိုင်ဘူးလား။

ဒါမျိုးတော့ ကျွန်တော်လည်း မကြာခဏဖြစ်ဖူးသည်။ တခါတလေများ ဘတ်စ်ကားတွယ်စီးရင်းနဲ့ ရယ်စရာတစ်ခုခုကိုမြင်မိ၊ တွေးမိပြီး မအောင့်နိုင်ဘဲ ပြုံးပြုံးကြီးဖြစ်နေတတ်၏။ ဒီအခါမျိုးမှာ ကျွန်တော်သည် တဒင်္ဂမျှ စိတ်မနှံ့ဘဲဖြစ်သွားခြင်းဟု ထင်ချင်လည်း ထင်နိုင်သည်။

လူတို့သည် အကြောင်းကြောင်းကြောင့် နေ့စဉ် တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ ပြုံးမိတတ်ကြသည်။ ထိုအပြုံးများကိုလိုက်ပြီး အဓိပ္ပာယ်ဖော်ကြည့်လျှင် အဘိဓာန်စာအုပ် တစ်အုပ်စာလောက်

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်မည်ထင်၏။ လှော်ပြိုင်ပွဲတစ်ခုတည်းကိုပဲကြည့်။ ဘယ်သူ့ကို လှော်ချင်တာလဲ။ ဘယ်လိုကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ။ ဘယ်လို အခြေခံစိတ်ထားမျိုးနဲ့လဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့လဲ။ သာမန်သဘောပဲလား။' ခပ်ပျော့ပျော့လား။ ခပ်ထန်ထန်လား ... စသည်ဖြင့် မူကွဲတွေ ပွားလာနိုင်သည်။

အပြုံးအကြောင်းကိုတွေးနေရင်းက 'ငါ့နှယ်နော်' ဆိုပြီး ပြုံးလိုက်မိသေးသည်။ ထို့နောက် ... အထင်ကရ နာမည်ကျော်အပြုံးများအကြောင်းကို ဆက်ပြီးစဉ်းစားမိပြန်လေ၏။

* * * * * * *

ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံးအပြုံးကတော့ မိုနာလီဇာ၏ အပြုံးပင်ဖြစ်၏။ ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီက ရေးဆွဲခဲ့သည်။ ထိုအပြုံးသည် အလွန်လျှို့ဝှက်နက်နဲပြီး အသိရခက်သည်ဟုဆိုကြ၏။ မိုနာလီဇာဆိုသော အမျိုးသမီးမှာ တကယ်ရှိခဲ့သည်ဟု မှတ်ယူထားကြသည်။ မြို့စားကတော်လိုလို၊ သာမန် စံပြမယ်တစ်ယောက်လိုလို၊ လီယိုနာဒိုနဲ့ပဲငြိခဲ့သလိုလို အမျိုးမျိုးထင်ကြေးပေးကြသည်။ ထိုအပြုံးကို ရဖို့အတွက်လည်း အတော်ကြိုးစားခဲ့ရသည်ဟုဆို၏။ စိတ်တိုင်းမကျလို့ လပေါင်းအတော်ကြာအောင် ဆက်မရေးဖြစ်ဘဲ တန့်နေရသေးသည်။ နောက်ဆုံးကျမှ စိတ်ကြိုက်တွေ့သည်။ စိတ်တိုင်းကျသည့်အပြုံးကိုရဖို့အတွက် လီယိုနာဒို ဘယ်လိုလုပ်ခဲ့တယ် ဆိုတာကလည်း လျှို့ဝှက်ချက်တစ်ခုလို ပဟေဠိဖြစ်နေခဲ့ပြန်သည်။ ထိုအကြောင်းများကြောင့် မိုနာလီဇာ၏အပြုံးမှာ နာမည်ကျော်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်။

မြန်မာရာဇဝင်ထဲမှာတော့ သီလဝမင်းသားသည် တစ်သက်လုံးမှာမှ သုံးကြိမ်သုံးခါသာ ပြုံးရယ်ဖူးသည်ဟု ဖတ်ရသည်။ စိစိပေါက်ပေါက်၊ ကပ်ကပ်သပ်သပ်တွေးကြည့်လျှင်တော့ စောဒကတက်စရာအချက်ရှိနေ၏။ သီလဝမင်းသားသည် ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာပြုံးတယ်ဆိုတာ ဘယ်သူက အတိအကျလိုက်မှတ်သွားခဲ့သလဲ။ ဒီလူရှေ့မှာ မပြုံးပေမယ့် တခြားတစ်ယောက်ရှေ့မှာပြုံးချင်ပြုံးမှာပေါ့။ သူ့ဘာသာ တစ်ယောက်တည်းရှိနေတဲ့အခါမျိုးမှာ ကြိတ်ပြီးပြုံးရင်ကော ဘယ်လိုလုပ်မလဲ။ ဘာပဲဖြစ်ဖြစ် ရာဇဝင်ထဲမှာ သုံးခါပဲပြုံးတယ်လို့ရေးထားတော့လည်း သုံးခါလို့ မှတ်လိုက်တာပဲ ကောင်းမည်ထင်၏။

* * * * * * *

ဂျာမန်လူမျိုးတို့သည် အလွန်တွေးခေါ်ကြီးသည်ဟု ကြားဖူးပါသည်။ ဒါကြောင့်ပဲ ဟစ်တလာဟာ ရှုတည်တည်ကြီးဖြစ်နေသလားမသိ။ သူ့ကိုကြည့်ရသည်မှာ တစ်သက်လုံး တစ်ခါမှ မပြုံးခဲ့ဖူးသူတစ်ယောက်ဟု ထင်ရ၏။ မြင်ဖူးသမျှ သူ့ပုံတွေထဲမှာတော့ ပြုံးနေတာတစ်ခါမှ မတွေ့ခဲ့ဖူးသေး။ သူ့ကို တစ်ကမ္ဘာလုံးက ကြောက်အောင်တမင်ပဲ မျက်နှာကြောတင်းထားတာလည်း ဖြစ်နိုင်သည်။ သူက ဖက်ဆစ်နာဇီခေါင်းဆောင်မို့ ထားပါတော့။

ဟစ်တလာ၏ အဓိကပြိုင်ဘက် ရန်သူတော်ကြီး ပင်စတန်ချာချီကကော ဘာထူးလို့လဲ။ သူ့ဓာတ်ပုံတွေကို ကြည့်လိုက်လျှင် ဆေး

www.burmeseclassic.com



ပြင်းလိပ်ကြီးခဲပြီး မှုံတေတေလုပ်နေတာသာ တွေ့ရသည်။ ဟာစ်တလာလိုလူမျိုးကို တန်ပြန်တိုက်ခိုက်ဖို့အတွက် ဒီလိုမျက်နှာထားကြီး လုပ်ထားရတာလား။ ဒါမှမဟုတ် ကမ္ဘာကြီးရဲ့ရှေ့ရေးအတွက် အဓိကကျသောတာဝန်ကြီးကိုထမ်းရလို့လား။ နေ့စဉ်နှင့်အမျှ ဟာစ်တလာ၏ရန်ကို စိုးရိမ်ထိတ်လန့်နေရသောကြောင့် ပြုံးတောင်မပြုံးနိုင်ရှာတာလား။ ဆေးပြင်းလိပ်ကြီးကကော မတော်တဆ ယောင်ပြီး ပြုံးမိမှာစိုးလို့ ပါးစပ်မှာ အမြဲခဲထားတာလားမသိပါ။

သူတို့ကိုဆက်ခံသူမှာ စစ်အေးခေတ် ဆိုဗီယက်ခေါင်းဆောင်များပင် ဖြစ်၏။ အဆက်ဆက်သော ခေါင်းဆောင်အားလုံးလိုလို မျက်နှာကြောတင်းကြတာတွေ့ရ၏။ ၁၉၉၀ ဝန်းကျင်လောက်မှာ သမ္မတ ဂေါ်ဘာချော့နှင့် နိုင်ငံခြားရေးဝန်ကြီး ရှီဗာနာဇေတို့ အာဏာရလာသည်။ အရင် ဆိုဗီယက်ခေါင်းဆောင်များနှင့် ယှဉ်ကြည့်လျှင် လူပြောင်လူနောက်တွေလိုတောင်ဖြစ်နေ၏။ သူတို့နှစ်ယောက်သည် ကမ္ဘာ့အင်အားအကြီးဆုံး ဆိုဗီယက်ယူနီယံကြီးကို တိုင်းပြည်ပေါင်းများစွာအဖြစ် မွေးနေ့ကိတ်မုန့်လှီးပြီးဝေသလို ပျော်ပျော်ရွှင်ရွှင်ကြီး ခွဲခြမ်းစိတ်ဖြာလိုက်ကြလေသည်။

ကျွန်တော်တို့ အာရှသားတွေကတော့ သူတို့လိုမဟုတ်။ လူတစ်ဖက်သားကိုပြုံးပြဖို့ ဘယ်တော့မှ နှမြောတွန့်တိုခြင်းမရှိကြ။ ကျွန်တော်တို့မြန်မာတွေဆိုလျှင် ကမ္ဘာပေါ်မှာ အပြုံးနိုင်ဆုံးလူမျိုးတောင်ဖြစ်နိုင်၏။ မြန်မာတို့အပြုံးမှာ ကမ္ဘာကျော်သည်။ နိုင်ငံခြားသားတွေက မြန်မာနိုင်ငံအကြောင်းရေးသည့်အခါတိုင်း ပြုံးရွှင်သော မျက်နှာများပိုင်ရှင်အဖြစ် အထူးအလေးထားဖော်ပြကြရလေသည်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှတ်မှတ်သားသားရှိသော အပြုံးများအကြောင်း လည်း ပြောပါရစေဦး။

"ကျုပ်ရှုံးရင် ပြုံးပြုံးကြီးနေလိုက်မယ်။ ခင်ဗျားရှုံးတော့သာ မျက်နှာမပျက်ပါစေနဲ့"

ဗိုလ်အောင်ဒင်ဇာတ်ကားထဲက ခင်မောင်ရင် (ဗိုလ်အောင် ဒင်) က ဦးဘချစ်ကိုပြောခဲ့သော ဇာတ်ဝင်စကားလုံးဖြစ်၏။ (ဒီအတိုင်း အတိအကျကြီးပြောတာတော့ မဟုတ်။ ဒီသဘောမျိုးပြော တယ်လို့မှတ်။)

ဗိုလ်အောင်ဒင်က သစ္စာရှိသောလူဆိုးခေါင်းဆောင်၊ ဦးဘချစ် က တာဝန်ဝတ္တရားကို မိမိကိုယ်ရေးကိုယ်တာထက် ပိုပြီးလေးစား သော ရဲစုံထောက်အရာရှိ။ နှစ်ယောက်စလုံးက မြမြဝင်းကိုချစ်နေကြ သည်။ မြမြဝင်းကလည်း နှစ်ယောက်စလုံးကို သံယောဇဉ်မပြတ်နိုင် ဘဲ ရွေးရခက်နေသည်။ နောက်ဆုံး ဗိုလ်အောင်ဒင်နှင့် ဦးဘချစ်တို့၏ လက်ကိုင်ပဝါများကို စားပွဲပေါ်ချပြီး မြမြဝင်းအား မျက်လုံးပဝါစည်း၍ ရွေးခိုင်းသည်။ ထိုအစီအစဉ်မစခင်ဗိုလ်အောင်ဒင်က ဦးဘချစ်ကို စိန်ခေါ်သည့်စကားပြောလိုက်ခြင်းဖြစ်၏။

တကယ်ရွေးသောအခါ မြမြဝင်းက ဦးဘချစ်၏ လက်ကိုင်ပဝါ ကို ရွေးမိသည်။ ဗိုလ်အောင်ဒင်ရှုံးသည်။ သူသည် သူ့ကတိအတိုင်း ပြုံးပြုံးကြီးနေပြလိုက်သည်။ သို့ရာတွင် ...

ထိုအခန်းသည် ဇာတ်လမ်း၏ အထွတ်အထိပ်ဖြစ်၏။ ရှေ့ပိုင်း က ဗိုလ်အောင်ဒင် မခိုးမခန့်ရယ်ပုံကိုသာ လူပြောသူပြောများသည်။ ကျွန်တော်ကတော့ နောက်ဆုံးအခန်းက ဗိုလ်အောင်ဒင်၏ အပြုံးကို အားရပါးရပြုံးပြီး ရင်ဆိုင်သည်။ သို့ရာတွင် သူ့ရင်ထဲက ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အရည်လဲ့ပြီး ဆွေးရိပ်သမ်းနေသော မျက်လုံးများထဲမှာ ထင်ဟပ်နေသည်။ ထိုအပြုံးကို ကျွန်တော် မျက်စိထဲမှာစွဲနေသည်။

နောက်တစ်ယောက်ကတော့ မင်းသမီးကြီး (ဒေါ်) မေရှင်။ သူ့အပြုံးသည် မြင်ရသူ၏ ရင်ကို အေးမြကြည်လင်စေသည်။ ထို့အတူ ရင်ထဲကဝိုကြွေးနေရတာကို မြိုသိပ်ပြီး ပြုံးရရှာသော (ဒေါ်ကြည်ကြည်ဌေး၏ မချိပြုံး။ ခံစားချက်ကို နှုတ်ခမ်းပေါ်မှာ ဖော်ပြတတ်သော (ဒေါ်)တင်တင်မူ၏အပြုံး။ သူ့ကိုဆက်ခံသော ခင်သီတာထွန်း၏ အပြုံး။ ထို့နောက် စိုးမြတ်သူဇာ၊ ပြီးတော့ ထွန်းအိန္ဒြာဗို။

မင်းသားကြီးကောလိပ်ဂျင်နေဝင်း၏ ရိုးသားသန့်စင်သော အပြုံး၊ (ဦး)မြတ်လေး၏ နှုတ်ခမ်းကြီးထော်ပြီး ကလေးကြီးလို ပြုံးတတ်သောအပြုံးများကိုလည်း ကျွန်တော်နှစ်သက်စွဲလမ်းခဲ့၏။

✻ ✻ ✻ ✻ ✻ ✻ ✻

အနောက်နိုင်ငံ သရုပ်ဆောင်တွေထဲမှာတော့ Gone With The Wind ဇာတ်ကားထဲက မင်းသားကြီး ကလပ်ဂေဘယ်လ် (ရက်ဘတ္တလာ)၏ သရော်တော်တော် လှောင်ပြုံး၊ ဂျိမ်းစ်ဘွန်းမင်းသားကြီး ရှောင်ကွန်နရီ၏ ပါးစပ်ပြုပြုကြီးကို တင်းတင်းစေ့ပြီးပြုံးတတ်သည့် မထိတရိအပြုံး၊ ဟယ်ရီဆင်ဖို့ဒ်၏အန္တရာယ်ကို ထီမထင်သည့် အပြုံးများကိုလည်း သဘောကျခဲ့သည်။ ဟယ်ရီဆင်ဖို့ဒ်၏ ဇာတ်ကားများတွင် ရန်သူတွေ ဝိုင်းလိုက်လို့ သေပြေးရှင်ပြေး ပြေးရသည့် အခန်းများ၊ စွန့်စွန့်စားစား သူနိုင်ကိုယ်နိုင် ကျားကုတ်ကျားခဲ တိုက်ခိုက်ရသည့် အခန်းများပါသည်။ ဒီလို အသားကို ဖက်နှင့်ထုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားရသောအချိန်မျိုးမှာပင် နှုတ်ခမ်းတစ်ဖက်ကို ခပ်ရွဲ့ရွဲ့လုပ်ရင်း ပြုံးပုံမှာဆရာကြီးရွှေဥဒေါင်း၏ ဇော်ဟိတ်ကို သတိရစေလေသည်။

ဇော်ဟိတ်သည် သတ္တိရှိသူ၊ မဟုတ်မခံတတ်သူ လူစွန့်စားတစ်ဦးဖြစ်သည်။ တစ်ခါတွင် ဂုဏ်သရေရှိ ဇနီးမောင်နှံကို အနိုင်ကျင့်စော်ကားနေသော လူဆိုးလူမိုက်တိုင်းလုံးကျော်ကို စိမ်ခေါ်ပြီး လက်ဝှေ့ထိုးကြသည်။ ဇော်ဟိတ်က အနိုင်ယူဆုံးမနိုင်သည်။ သို့ရာတွင် တိုင်းလုံးကျော်က အငြိုးထားပြီး လက်တုံ့ပြန်ဖို့ကြံစည်သည်။ သို့နှင့် ဇော်ဟိတ်တို့ခရီးထွက်ရာတွင် လမ်းမှစောင့်၍ အကောက်ကြံပြီး ဖမ်းဆီးသည်။ ထို့နောက် ကြိုးနှင့်တုတ်ပြီး ရေတွင်းပျက်ကြီးထဲလျှော ချ၍ အစာငတ်၊ ရေငတ်သေစေရန်ကြံစည်သည်။ ဇော်ဟိတ်သည် လွတ်လမ်းမရှိဘဲ သေဖို့သာရှိသောအချိန်၊ ရေတွင်းပျက်ထဲ ဆင်းရခါနီးမှာပင် ထီမထင်သလို သွားဖြဲပြီး ပြုံးပြသွားသေးသည်ဟု ရေးထားသည်။

ဒီအကြောင်းကို ဝတ္ထုထဲမှာ ဖတ်ရခြင်း ဖြစ်သောကြောင့် ဇော်ဟိတ်၏အပြုံးကို ကိုယ်တိုင်တော့ မမြင်ရ။ သို့တိုင်အောင် စိတ်ကူးထဲမှာ ပုံဖော်ကြည့်ရတာ တော်တော်အရသာရှိ၏။ ရုပ်ရှင်တွေထဲမှာ ဒါမဟုတ် တကယ့်ဘဝထဲမှာ ဒီလိုအပြုံးမျိုးတွေ့လျှင် ဇော်ဟိတ်ကို သတိရမိတတ်၏။ နောက်တစ်ယောက်ကတော့ ရုပ်ရှင်မင်းသားကြီး ချာလီချာပလင်ဖြစ်၏။ သူ့ကို လူတိုင်းသိသည်။ ဟောလီးဝုဒ်၏ တစ်ချိန်စူပါစတားများဖြစ်ကြသော ကမ္ဘာကျော် မင်းသားကြီးတွေကို ခုခေတ် လူငယ်ကလေးတွေ မသိကြတော့။ ချာလီချက်ပလင်ကိုတော့ သူ့ဇာတ်ကား ဗွီဒီယိုခွေတွေ ပြန်ကြည့်ရသဖြင့် ကလေးကအစ သိကြ၏။ သူ့ပြုံးပုံမှာ အတော်ထူးခြားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဝမ်းနည်းနေသလိုလို၊ စိတ်ညစ်သလိုလို၊ အလိုမကျသလိုလိုလုပ်ထားပြီး နှုတ်ခမ်းတစ်ဖက်ကိုသာ ပြုံးနေသည့်သဘောမျိုးဖြစ်အောင် အပေါ်ကိုကွေးတက်ထား၏။ "ခင်ဗျားတို့ရယ်ရဖို့အတွက် ကျုပ်မှာ ဘယ်လောက် ဒုက္ခခံပြီး ကြိုးစားရတယ်ဆိုတာ သိရဲ့လား" ဟု မေးနေသလိုလို။

နောက်ထပ် သတိရသူတစ်ဦးကတော့ ရုပ်ရှင်မင်းသားလည်း မဟုတ်၊ ဝတ္ထုထဲက ဇာတ်ကောင်လည်း မဟုတ်။ သို့ရာတွင် ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက်တော့ဖြစ်၏။ သူ့ကို ဘောလုံးဝါသနာပါသူတိုင်း သိကြ၏။ သူ့အပြုံးကိုတော့ သတိပြုမိသူ ရှားပါလိမ့်မည်။ ထိုသူကား ဘရာဇီးလ်ဘောလုံးအသင်း၏ ခေါင်းဆောင် ဒွန်ဂါပင် ဖြစ်လေ၏။

ဘရာဇီးလ်ဘောလုံးအသင်းဆိုသည်မှာ ကမ္ဘာမှာအကောင်းဆုံးနံပါတ်တစ်အသင်းဖြစ်၏။ သူတို့ပါဝင်ကစားသောပြိုင်ပွဲတိုင်းတွင် ဗိုလ်စွဲနိုင်ခြေရှိမှုတွင် ပထမဦးစားပေးထားရသည်။ သာမန်ဘောလုံးအသင်းတစ်သင်းမှာ ရှုံးလျှင်ဘာမှပြဿနာမရှိ။ မတော်တဆ ကံကောင်းပြီးနိုင်ခဲ့လျှင်သာ ထီပေါက်သလိုဖြစ်မည်။ ဘရာဇီးလ်ကျတော့ နိုင်ကိုနိုင်မှ။ ခြေချော်လက်ချော် ဖြစ်ခဲ့လျှင် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းပြစ်တင်ရှုံ့ချတာခံရနိုင်သည်။ ဒီလို ဘောလုံးအသင်းတစ်သင်း၏ ခေါင်းဆောင်လုပ်ရတာ ဘယ်လောက်တာဝန်ကြီးမလဲ စဉ်းစားကြည့်။ သူ့အဖို့ ဘောလုံးကို ကန်နေရတာ မဟုတ်ဘဲ ကမ္ဘာလုံးကြီးကို ကန်နေရသလို လေးလံလှပေမည်။

၁၉၉၄ ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အီတလီနှင့် ဗိုလ်လုပွဲကစားရ၏။ အချိန်စေ့သည်အထိ သရေဖြစ်နေသဖြင့် ပင်နယ်တီအဆုံး

www.burmeseclassic.com

www.burmeseclassic.com



အဖြတ် ကန်ကြရသည်။ ဒွန်ဂါ ကန်ရသည့်အလှည့်တွင် သူ့စိတ်ထဲ ဘယ်လိုနေမလဲ တွေးကြည့်သည်။ ဂိုးသာမဝင်လို့ကတော့ ဘဝ တောင်ပျက်သွားနိုင်သည်။ အနာဂတ်ကံကြမ္မာနှင့် လောင်းကြေးထပ် ပြီး ကန်ရမည့်သဘော။ ဘာပဲဖြစ်ဖြစ် ဒွန်ဂါသည် အလွယ်တကူပင် ဂိုးဝင်အောင် သွင်းနိုင်ခဲ့သည်။ ဂိုးဝင်သွားပြီးတော့လည်း သူများတွေ လို ဝမ်းသာအားရ ခုန်ပေါက်ကာ၊ ကျွမ်းထိုးတာမျိုးမရှိ။ ခပ်အေးအေး ပင် ဣန္ဒြေရရ၊ ခြေလှမ်းမှန်မှန် ပြန်လှည့်လျှောက်လာခဲ့သည်။ သူ့မျက် နှာပေါ်မှာတော့ ဝေခွဲရခက်သော အပြုံးတစ်ခုသည် ယောင်ယောင် လေးထင်ဟပ်နေ၏။

ဒီလောက်ကတော့ ပျင်းတောင် ပျင်းသေးတယ်ဆိုသော အဓိပ္ပာယ်လား။ တကယ်တော့ ကမ္ဘာကြီးဟာ ပေါ့ပေါ့လေးပါဟု ဆို လိုချင်တာလား။ ပခုံးပေါ်မှ ကြီးမားလေးလံသောဝန်ထုပ်ကြီး ကျသွားသဖြင့် ပေါ့ပါးလန်းဆန်းသွားတာလား။ ဝါ့တိုင်းပြည်အတွက် တာဝန်ကျေပြီဆိုပြီး ဂုဏ်ယူဝင့်ကြွားလိုက်တာလား။ အသိရခက် သည်။

ဆရာသော်တာဆွေ၏ ဟာသဝတ္ထုတစ်ပုဒ်ထဲမှ စုံထောက် မောင်ရွှေပြုံးကတော့ တစ်မျိုးဖြစ်၏။ သူ့မှာ ရုတ်တရက်ဖြစ်ပေါ်လာ တတ်သော ရောဂါဝေဒနာတစ်ခုရှိ၏။ ထိုရောဂါထလာလျှင် ပြုံးလိုက် မှ သက်သာသွားသည်။ ထိုအပြုံးကလည်း အတော်တာသွားသည်။ ထိုအပြုံးကိုမြင်လိုက်ရသော တစ်ဖက်လူမှာ မောင်ရွှေပြုံးတော့ ငါလုပ် ထားသမျှ အကုန်သိနေပြီဟု ထင်မှတ်သွားစေသော အပြုံးမျိုး။ တစ် နည်းအားဖြင့် ခင်ဗျားဘာတွေ မဟုတ်တာလုပ်သွားတယ် ဆိုတာ ကျုပ်သိပါတယ်ဟု အဓိပ္ပာယ်ထွက်စေသော အပြုံးတဲ့။ ဒီအပြုံး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် အမှုတွေပေါ်ခဲ့ရသည့်အကြောင်း ရေးထား၏။

* * * * * * *

လူတို့သည် နေ့စဉ်နှင့်အမျှ ကိုယ်က သူများကို ပြုံးပြရသလို သူများ၏ ပြုံးခြင်းကိုလည်းကြုံတွေ့ကြရ၏။ ကျွန်တော်လည်း ဒီအတိုင်းပါပဲ။ ခင်မင်လို၍ ပြုံးပြခြင်း၊ နှုတ်ဆက်လို၍ ပြုံးပြခြင်း၊ အကျိုးလို၍ပြုံးပြခြင်း၊ မင်းနေပါသေးတယ်ဆိုသောသဘောဖြင့် ပြုံးပြခြင်း၊ မင်းဘာကောင်လဲဆိုတာ ငါသိပါတယ်ကွာ ဆိုသော အဓိပ္ပာယ်ဖြင့် ပြုံးပြခြင်း၊ သနားတယ်ဆိုသောအမူအရာဖြင့် ပြုံးပြခြင်း။

ဒါဆို ကျွန်တော်ကကော ဘယ်လိုများပြုံးတတ်သလဲဆိုတာ သိချင်လာ၏။ ထို့ကြောင့် မှန်ရှေ့မှာ ရပ်လိုက်သည်။ မှန်ထဲက ကိုယ့်ရုပ်ကိုကြည့်ပြီး ပြုံးလိုက်၏။ မှန်ထဲကလည်း ပြန်ပြုံးပြသည်။ မှန်ထဲက ကောင်၏ အပြုံးကို ကျွန်တော်အဓိပ္ပာယ်ကောက်ကြည့်သည်။ အမယ် ဇော်ဟိတ်လိုလို၊ မောင်ရွှေပြုံးလိုလို၊ ဒွန်ဂါလိုလိုပါကလား။ ကျွန်တော်သည် မျက်နှာကို ပြန်တည်လိုက်၏။ နှုတ်ခမ်းတစ်ဖက်က ကွေးလျက်သား ကျန်ခဲ့သည်။ အလို ... ချာလီချက်ပလင်အပြုံးမျိုးပါလား။

နောက်ဘက်က ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်၏။ ဇနီးသည် ရုံးကပြန်လာခြင်းဖြစ်၏။ ကျွန်တော်သည် မှန်မကြည့်၊ ခေါင်းမဖြီးဖြစ်တာကြာပြီ။ ခုကျမှ ဘယ်လိုဖြစ်နေရတာလဲဟု သူထင်လိမ့်မည်။

သူက ကျွန်တော့်ကိုကြည့်ပြီး ပြုံးပြသည်။ သမီးရည်းစားဘဝတုန်းက သူ့အပြုံးနှင့်ပတ်သက်၍ ကျွန်တော်တင်စားခဲ့ဖူးသည်။ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းလေးတွန့်ရှုံ့ပြုံးတတ်သော သူ့အပြုံးသည် ကျွန်တော့်ကို ကျွဲကြီးလို၊ နွားကြီးလို တစ်သက်လုံးချုပ်ကိုင်ထိန်းသိမ်းသွားပေလိမ့်မည်ဟု ဝတ္ထုထဲထည့်ရေးခဲ့သည်။

(ဟိုး သစ္စ - ဤစကားမှန်၏။)

(ရှုပ်ရှင်စတားမဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com

အပြစ်များစွာ ဝက်ပါတွင်
ငါသည်ပင်လျှင် တရားခံ ...။

အပြစ်များစွာ ဝက်ပါတွင်
ငါသည်ပင်လျှင် တရားလို ...။

အပြစ်များစွာ ဝက်ပါတွင်
ငါသည်ပင်လျှင် တရားသူကြီး ... ။

ငါ့ရုံးတော်က အမိန့်ချ၍
အပြစ်များစွာ ဝက်ပါမှ
ငါသည် လွတ်မြောက်ခဲ့သည်တကား ... ။

သုမောင်.
၁၃ - ၃ - ၉၂

www.burmeseclassic.com

www.burmeseclassic.com

✣ ပန်းတို့သည် ပွင့်ပြီးလျှင် ကြွေရမြဲဖြစ်သည်၊
ကြွေသည်နှင့်အမျှလည်း ပွင့်ကြရပြန်သည်၊
ဝတ်မှုံသည် ပန်း၏ မျိုးစေ့ ။

✣ ကြယ်တို့သည် လင်းပြီးလျှင် မှိန်ရမြဲဖြစ်သည်၊
မှိန်သည်နှင့်အမျှလည်း လင်းကြရပြန်သည်၊
"ည"သည် ကြယ်၏မျိုးစေ့ ။

✣ လူတို့သည် တွေ့ဆုံပြီးလျှင် ကွဲကွာကြရမြဲဖြစ်သည်၊
ကွဲကွာကြသည်နှင့်အမျှ တွေ့ဆုံကြရပြန်သည်၊
"အချစ်" သည် လူ၏ မျိုးစေ့ ။

# သုမောင်

## သိဝ်ချစ်တယ်မဟုတ်လား

(ဒုတိယအကြိမ်)
မကြာမီ ထွက်ရှိပါတော့မည်။

www.burmeseclassic.com